# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ်(ဓမ္မပဒ-၂၅၈)


၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက် | ၂၀၂၁ ခုနှစ်၊ မေ ၂၄ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၃၂)


# ၂၀၂၁ ခုနှစ် မိုးရာသီ၌ မကွေးတိုင်းဒေသကြီးအတွင်း လမ်းဘေးဝဲ / ယာ တစ်အုပ်တစ်မစိုက်ခင်းနှင့် ကျေးရွာသုံး ထင်းစိုက်ခင်းများ တည်ထောင်မည့်စီမံချက်များ အောင်မြင်စေရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၂၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မေ ၂၁ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံ၍ ၂၀၂၁ ခုနှစ် မိုးရာသီ၌ မကွေးတိုင်းဒေသကြီးအတွင်း လမ်းဘေးဝဲ/ယာ တစ်အုပ်တစ်မစိုက်ခင်းနှင့် ကျေးရွာသုံး ထင်းစိုက်ခင်းများ တည်ထောင်မည့်စီမံချက်များ အောင်မြင်စေရေးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ထန်းပင်များ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေး၊ ရေရှည်တည်တံ့စေရေးတို့အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် အပြန်အလှန်ပေါင်းစပ်ကူညီရမည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။ (အောက်ပုံ)





ယင်းနောက် တက်ရောက်သူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတို့က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ သစ်တောသုတေသနဌာန၏ ဒီဇိုင်းနှင့် နည်းပညာအကူအညီဖြင့် တည်ထောင်ထားသော ထင်းလောင်စာ သုံးစွဲမှုကို ၄၀ ရာခိုင်နှုန်း လျှော့ချနိုင်သည့် မြန်မာမြေစွမ်းအားမြှင့် အေဝမ်းမီးဖိုထုတ်လုပ်ရေး လုပ်ငန်းခွင်သို့လည်းကောင်း၊ မင်းဘူးမြို့နယ်ရှိ ရွှေတပင်


*စာမျက်နှာ ၃ ကော်လံ ၁* ❐


## ယနေ့ မာ တိ ကာ

### ပြည်သူကို နမူနာကောင်းပြသူများသာ ဖြစ်သင့်ပါသည်


ဆောင်းပါး | စာ | ၈


### ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးက သနပ်ပင် - မင်းရွာ - ကျောင်းစုတံတား တည်ဆောက်


ပြည်တွင်းသတင်း | စာ | ၁၉




### တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ် -၁၉ အမှန်တကယ် သေဆုံးမှုနှုန်းမှာ သုံးဆ မြင့်မားနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးပြော


နိုင်ငံတကာသတင်း | စာ | ၁၃




### ငယ်အိပ်မက်များ


ဆောင်းပါး | စာ | ၁၀


### မိုးပွင့် သစ္စာမှသည် ပန်းခင်းဆီသို့


ဆောင်းပါး | စာ | ၂၀





မြန်မာပြည်၏ အကြီးဆုံး ဆောက်လုပ်ရေးသုံးပစ္စည်းများ တနေရာထဲမှာရရှိနိုင်မည်

5 Mile

ရန်ကုန်၊ မင်္ဂလာဒုံ၊ မြန်လမ်းမကြီး မိုင်တိုင်အမှတ်(၅)လမ်းမပေါ်တွင်တည်ရှိသော

Construction Material Park & Logistic Hub

(၁) ကေ 2500 သိန်းခန့်

■ စရန်(၅၀)% ကျန်(၅၀)%ကို(၂.၅)% X လ (၂၀)ပေးသွင်းရမည်။Bank Transfer လက်ခံသည်

Sale Agent E-House Tel: 09 777 999 111 / 222 Discount 20% Off

Promotion

Developed By: 5 Mile Industrial Park & Logistic Hub 24 ~ 31 May-2021



မြန်မာ့အလင်း

# သတိကြီးကြရမည့် ကိုဗစ်-၁၉ မျိုးဗီဇသစ်

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအခြေအနေမှာ ဓာတ်ခွဲစစ်ဆေးနိုင်သမျှတွင် တွေ့ရှိရသည့် အရေအတွက်မျှကိုသာ သိခွင့်ရနေကြသည်။ များများစစ်ဆေးနိုင်မှ၊ မြန်မြန်စစ်ဆေးနိုင်မှသာ ပို၍သိနိုင်မည်ဖြစ်သော်လည်း ယင်းသို့ စစ်ဆေးနိုင်သည့်အခြေအနေတွင်မရှိ။ သို့ရာတွင် အများပြည်သူတို့အကြားတွင်မူ ကိုဗစ်-၁၉ ကပ်ရောဂါအပေါ် သဘောထားတို့က လေးနက်မှုတို့ လျော့ပါးနေကြပြီဖြစ်သည်။ ရုံးတက်ရုံးဆင်းတို့ ပုံမှန်အခြေအနေအတိုင်းရောက်ရှိနေခြင်း၊ စားသောက်ဆိုင်များတွင်လည်း ဆိုင်ထိုင်စားသောက်ခွင့်တို့ရရှိနေခြင်း၊ ကျောင်းများပြန်လည်ဖွင့်လှစ်ခြင်း စသည်တို့နှင့်အတူ ကိုဗစ်-၁၉ ရောဂါသည်ပင် မရှိတော့သယောင် ခံစားလာမိကြသည့်သဘောပင်ဖြစ်သည်။

သို့ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါသည် နိုင်ငံတကာတွင်မူ အရှိန်အဟုန်မြင့်တက်နေသည်ကို သတင်းများတွင် တွေ့နိုင်သည်။ မိမိတို့နှင့် နယ်နိမိတ်ထိစပ်နေသည့် နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများစွာတို့တွင် ကိုဗစ်-၁၉ ကပ်ရောဂါသည် ဗီဇပြောင်း ပိုမိုပြင်းထန်သည့် ဗိုင်းရပ်စ်မျိုးကွဲသစ်များဖြင့် ယခင်ကထက် အရှိန်မြင့်တက်လျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သည့် အိန္ဒိယတွင် နေ့စဉ်ကူးစက်နေမှုမှာ ဓာတ်ခွဲအတည်ပြုလူနာ အရေအတွက်သည်ပင် သိန်းနှင့်ချီကာ ကြောက်ဖွယ်လိလိဖြစ်သည်။ ဆေးရုံခုတင် မလုံလောက်မှု၊ အောက်ဆီဂျင်ပြတ်လပ်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်ပင် မနိုင်နင်းတော့သည့်အခြေအနေများ ဖြစ်ပေါ်လျက်ရှိသည်မှာ ထိတ်လန့်ဖွယ်ရာပင်ဖြစ်သည်။ အခြားနိုင်ငံများတွင်လည်း ကိုဗစ်-၁၉ မျိုးဗီဇသစ်၏ တိုက်ခိုက်မှုများကို စိုးရိမ်တကြီး ကာကွယ်နေကြရသည့်အခြေအနေတို့ကို နေ့စဉ်သတင်းများစွာတို့၌ တွေ့မြင်နေကြရသည်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုအခြေအနေများက မိမိတို့ နိုင်ငံသည်လည်း သတိကြီးစွာ ထားရတော့မည့်အခြေအနေဖြစ်သည်ကို တပ်လှန့် နှိုးဆော်နေသကဲ့သို့ပင်ဖြစ်သည်။

မကြာမီရက်ပိုင်းအတွင်း အခြေခံပညာကျောင်းများအတွက် ကျောင်းအပ်နှံသည့် ရက်သတ္တပတ်ရောက်ရှိတော့မည်ဖြစ်ရာ လူစုလူဝေးများဖြစ်ပေါ်မည့် အခြေအနေများနှင့်အတူ ကိုဗစ်-၁၉ ကပ်ရောဂါ တားဆီးကာကွယ်ရေးကိုလည်း ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ရန်၊ ရောဂါကူးစက်ပျံ့နှံ့မှုထိန်းချုပ်နိုင်ရေး ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ အကြံပြုချက်များကို အမှန်တကယ်လိုက်နာကျင့်သုံးကြရန် လိုအပ်လာပြီဖြစ်သည်။ ဗိုင်းရပ်စ်ပိုးကူးစက်မှုဟူသည် မျက်စိအောက်တွင် တွေ့မြင်နိုင်သည့်အရာမဟုတ်ခြင်းကြောင့် ပေါ့ပေါ့ဆဆနှင့် အရဲမကိုးကြရန်လည်း တိုက်တွန်းလိုသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးသူများသည်ပင်လျှင် ရောဂါကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို ဆက်လက်ကျင့်သုံးသွားကြရန် ကျန်းမာရေးပညာရှင်များက လမ်းညွှန်ထားသည်ကိုလည်း သတိမူကြရမည် ဖြစ်သည်။

လူတိုင်းအပြင်ထွက်သွားလာရာတွင် ပါးစပ်၊ နှာခေါင်းစည်း (Mask) တပ်ဆင်ရေး၊ လူထူသည့်နေရာ၊ လူစုလူဝေးနေရာများကို ရှောင်ကြဉ်ရေး၊ မဖြစ်မနေလူစုလူဝေးနေရာသို့ သွားရပါကလည်း Mask အပြင် မျက်နှာကာ(Face shield) ကိုပါ တပ်ဆင်ရေး၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ (၆-ပေအကွာ) မှ ပြောဆိုဆက်ဆံရေး၊ လက်ကို မကြာမကြာ ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အာဟာရပြည့်ဝစွာစားသုံးရေး၊ လုံလောက်စွာအိပ်စက်အနားယူရေး စသည့်အခြေခံအချက်လေးများကို လိုက်နာကျင့်သုံးခြင်းသည် မိမိတို့၏ အသက်နှင့်ခန္ဓာ ကျန်းမာရေးအတွက် ကောင်းစွာစောင့်ရှောက်ခြင်းပင် ဖြစ်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘာသာရေး ကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဝတ်ပြုကြည်ညိုလျက်ရှိ

နေပြည်တော် မေ ၂၂

COVID-19 ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေး ကာလများအတွင်း ဘုရားပုထိုးစေတီများနှင့် အခြားဘာသာဝင်များ၏ ဘာသာရေး ကျောင်းများအား ခေတ္တပိတ်ထားခဲ့ရပြီး ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ပြန်လည်ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

ယင်းကဲ့သို့ ပြန်လည်ဖွင့်လှစ်ပေးခဲ့ရာ ယနေ့တွင်လည်း ဗုဒ္ဓဘာသာဘုရား၊ စေတီ၊ ကျောင်းကန်များ၊ ဟိန္ဒူ၊ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာဝင်များ၏ ဘာသာအလိုက် ဘာသာရေးကျောင်းများ၊ ဝတ်ပြုကျောင်းများတွင် သက်ဆိုင်ရာ ဘာသာဝင်များက လာရောက်၍ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းမှုများ ဆောင်ရွက်လျက် ရှိကြသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင် ပန်းခြံများ၊ ကစားကွင်းများကို ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပေးလျက်ရှိသည့် အပြင် ဈေးများ၊ ဘဏ်များ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ် ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်၏ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့ ပူဇော်ပွဲပြုလုပ်



နေပြည်တော် မေ ၂၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတ၏ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့ ပူဇော်ပွဲကို ယနေ့တွင် အဆိုပါ စာသင်တိုက်၌ ပြုလုပ်ရာ နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**❍ လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ** Country Destructive Movements **မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**
**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

# မြန်မာ့အားကစားပြန်လည်မြှင့်တင်

မြန်မာ့အားကစားပြန်လည်မြှင့်တင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပွဲကြည့်စင်နှင့် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းများ တည်ဆောက်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မိုးလုံလေလုံအားကစားရုံများ၊ ဒိုင်ဗင်ထိုးစင်ပါ ရေကူးကန်များတည်ဆောက်ပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း မြင့်မားလာစေရန် အားကစားသမားများအတွက် ကြံ့ခိုင်ရေးနည်းပြများနှင့် အားကစားစနစ်နည်းပြများခန့်အပ်ပြီး လေ့ကျင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်သူလူထု ကျန်းမာရေးလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်များအလိုက် လမ်းလျှောက်နိုင်သည့် ဧရိယာများ သတ်မှတ်ပြုလုပ်ပေးရန် လိုအပ်ကြောင်း၊ စာသင်ကျောင်းများတွင် အားကစားနည်းပြ ကာယဆရာများ ခန့်အပ်နိုင်ရေးအတွက် သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များတွင် ကာယဆရာများ ပိုမိုလေ့ကျင့်မွေးထုတ်ပေးရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၃၃ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၂၂ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာ ချာလီသန်း အား စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❒ *ရွှေဖုံးမှ*

အမြဲတမ်းပျိုးဥယျာဉ်တွင် ၂၀၂၁ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးရန် ပျိုးထောင်ထားရှိသော ပျိုးပင် ၄၀၀၀၀ ကျော်၏ ရှင်သန်မှုများကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မင်းဘူးမြို့နယ် ဆင်ခေါင်း-ဇီးအိုင် ကြိုးပြင်ကာကွယ်တောအတွင်း တည်ထောင်စိုက်ပျိုးထားသော ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် တောင်တန်းစိုက်ခင်း ဧက ၁၀၀ အောင်မြင်ရှင်သန်မှုနှင့် ၂၀၂၁ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးမည့် ဧက ၁၀၀ အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တည်ဘိုကန် ကြိုးပြင်ကာကွယ်တောအတွင်း တည်ထောင်ထားသော ၂၀၁၉ ခုနှစ် ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၃၀၊ ၂၀၂၀ ပြည့်နှစ် ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၃၀ တို့၏ အောင်မြင်ဖြစ်ထွန်းမှုနှင့် ၂၀၂၁ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးမည့် ဧက ၃၀ အတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ စိုက်ခင်းများကို ကျေးရွာသုံးရွာရှိ အိမ်ထောင်စု ၁၈၀၀ အတွက် ထင်းအသုံးပြုနိုင်ရန် လွှဲအပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**



## ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် မြန်မာနိုင်ငံစာရင်းကောင်စီ / မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံ

ရန်ကုန် မေ ၂၂

ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာကံဇော်သည် ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ စာရင်းကောင်စီ/ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရန်ကုန်သင်တန်းကျောင်း၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

**ကဏ္ဍာပေါင်းစုံမှ ကြိုးပမ်း**

တွေ့ဆုံစဉ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်က နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက် ကဏ္ဍာပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းလျက်ရှိရာတွင် စာရင်းပညာနယ်ပယ် ဖွံ့ဖြိုးတိုးတက်မှုသည်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်တစ်ရပ်ဖြစ်သည့် အားလျော်စွာ နိုင်ငံတကာစံများနှင့်အညီ လိုက်နာဆောင်ရွက်မည့် စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ ပိုမိုပေါ်ထွန်းလာစေရေးအတွက် မြန်မာနိုင်ငံစာရင်းကောင်စီက Regulatory Body အဖြစ် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးသည့်စာရင်းလုပ်ငန်း လုပ်ကိုင်သူများကို ကြီးကြပ်ခြင်းမှတစ်ဆင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

**သင်တန်းများ ဖွင့်လှစ်နိုင်ရေး**

စာရင်းပညာနယ်ပယ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမျိုးသားအဆင့် စာရင်းပညာရှင်အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း (Myanmar Institute of Certified Public Accoun-tants- MICPA) ၏ ပါဝင်မှုအခန်းကဏ္ဍာသည် လွန်စွာအရေးပါခြင်းကြောင့် MICPA အသင်းဝင်များအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် မိမိတို့တတ်ကျွမ်းထားသည့်ပညာရပ်များဖြင့် ကျရာကဏ္ဍာမှ ပါဝင်ကြိုးပမ်း ထမ်းဆောင်စေလိုကြောင်း၊ မြန်မာနိုင်ငံ စာရင်းကောင်စီ ပြန်လည်ဖွဲ့စည်းရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းနှင့် ဒီပလိုမာစာရင်းကိုင် သင်တန်းများကို ပြန်လည် ဖွင့်လှစ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

**ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး**

ယင်းနောက် မြန်မာနိုင်ငံ စာရင်းကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းမှ နာယက ဦးဝင်းသင်၊ ဥက္ကဋ္ဌ ဦးဝမ်းတင်နှင့် တာဝန်ရှိသူများက စာရင်းပညာနယ်ပယ် ဖွံ့ဖြိုး တိုးတက်ရန်အတွက် လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြပြီး မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဝတီမြစ်ကူးတံတားအမှတ်(၂) စီမံကိန်းဧရိယာအတွင်းပါဝင်သည့် မြေယာ၊ အဆောက်အအုံ၊ သီးနှံများအတွက် လျော်ကြေးငွေပေးအပ်ခြင်းနှင့် နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကျင်းပ

မြစ်ကြီးနား မေ ၂၂

**ကချင်ပြည်နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဧရာဝတီမြစ်ကူးတံတား အမှတ်(၂)ကို တည်ဆောက်သွားမည်ဖြစ်ရာ အဆိုပါတံတား အမှတ်(၂) စီမံကိန်းဧရိယာအတွင်း တံတားအူကြောင်းနှင့် မလွတ်ကင်းသည့် မြေယာ၊ အဆောက်အအုံ၊ သီးနှံများအတွက် ပိုင်ရှင်များထံ လျော်ကြေးငွေ ပေးအပ်ခြင်းနှင့် နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကို မေ ၂၁ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး မေခခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က မိမိတို့တစ်ဦးချင်းစီသည် ကချင်ပြည်နယ်သူ ပြည်နယ်သားများဖြစ်ကြပြီး ပြည်နယ်၏အကျိုး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် တာဝန်သိစိတ်ဖြင့် ယခုလို လက်တွဲဆောင်ရွက်ကြသည့်အတွက် ပြည်နယ်သူ/ပြည်နယ်သားများအားလုံးကိုယ်စား ကျေးဇူးတင်ဂုဏ်ယူပါကြောင်း၊ ဧရာဝတီမြစ်ကူးတံတားအမှတ် (၂)သည် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် စီမံကိန်းဖြစ်ပါကြောင်း ပြောကြားသည်။

### လွှဲပြောင်းပေးအပ်

ယင်းနောက် မြစ်ကြီးနားခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးခေါင်လန်ဒီးက တံတားတည်ဆောက်ရေးစီမံကိန်းတွင် တံတားအူကြောင်းနှင့် မလွတ်ကင်းသည့် မြေယာ၊ အဆောက်အအုံ၊ သီးနှံလျော်ကြေးပေးသွားမည့် အစီအစဉ်များနှင့် ပတ်သက်ပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ အစီအမံဖြင့် ယနေ့ ပထမအရစ် လျော်ကြေးငွေပေးအပ်သွားခြင်းဖြစ်ကြောင်းနှင့် ဒုတိယအရစ်အဖြစ် လာမည့်စက်တင်ဘာလတွင် ထပ်မံပေးအပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပြီး ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် မြေယာပိုင်ရှင်များက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ရှေ့မှောက်၌ လျော်ကြေးငွေပေးအပ်ခြင်းအတွက် နှစ်ဖက်သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးကြကာ စာချုပ်ကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ကြသည်။

### လျော်ကြေးငွေများ အသီးသီးပေးအပ်

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ **(အပေါ်ယာပုံ)** နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်တို့က ဧရာဝတီမြစ်ကူးတံတားအမှတ်(၂) စီမံကိန်းတွင် တံတားအူကြောင်းနှင့် မလွတ်ကင်းသည့် မြေယာပိုင်ရှင် ရှစ်ဦးတို့ ပိုင်ဆိုင်သည့် မြေဧရိယာစုစုပေါင်း ၀ ဒသမ ၆၈၁ ဧကအတွက် လျော်ကြေးငွေကျပ်သိန်း ၅၅၀၀၊ အဆောက်အအုံသုံးလုံးအတွက် လျော်ကြေးငွေကျပ် ၁၄၇ သိန်း၊ ရေတွင်း တစ်တွင်းအတွက် လျော်ကြေးငွေကျပ် ၄၃ သိန်းနှင့် သီးနှံလျော်ကြေးအဖြစ် ငွေကျပ် ၅၇၅၀၀၀ တို့အတွက် စုစုပေါင်း လျော်ကြေးငွေကျပ် ၅၆၉၅၇၅၀၀၀ ရှိသည့်အနက်မှ ပထမအရစ်လျော်ကြေးအဖြစ် ငွေကျပ် ၂၈၃၇၈၈၀၀၀ ကို တစ်ဦးချင်းစီ၏ ပိုင်ဆိုင်မှုတန်ဖိုးအတိုင်း အသီးသီးပေးအပ်ခဲ့ကြသည်။

### ဖြတ်ကူးနိုင်တော့မည်

အဆိုပါ ဧရာဝတီမြစ်ကူးတံတားအမှတ် (၂) စီမံကိန်းကို လက်ရှိအသုံးပြုနေသည့် ဗလမင်းထင်တံတား၏ အောက်ဘက်မီတာ ၄၀ အကွာတွင် တည်ဆောက်သွားမည်ဖြစ်ပြီး တံတားအရှည် ၃၂၁၂ ပေ (၉၇၉ မီတာ) အရှည်၊ အကျယ်ယာဉ်သွားလမ်း ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ သံကူကွန်ကရစ်ရေလည်တိုင်နှင့် ကမ်းကပ်ခုံ၊ Steel Truss ၊ Steel Box Girder and RCC Slab အမျိုးအစားဖြစ်ကြောင်းနှင့် တံတားစီမံကိန်းအတွက် ကနဦးအကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ အဆိုပါတံတားသစ် တည်ဆောက်ပြီးစီးပါက လက်ရှိအသုံးပြုလျက်ရှိသော ဗလမင်းထင်တံတားနှင့် အသွား/အပြန်လမ်း လေးလမ်းသွားအဖြစ် ဧရာဝတီမြစ်ကို ဖြတ်ကူးနိုင်တော့မည်ဖြစ်ကြောင်း တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)မှ သိရှိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ဆေးရုံအုပ်ကြီးများနှင့် တွေ့ဆုံ ဆွေးနွေး

**နေပြည်တော် မေ ၂၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် ကုသရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှတို့သည် မေ ၂၀ ရက်နှင့် ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌လည်းကောင်း၊ မေ ၂၁ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗဟိုအဆင့် ဆေးရုံကြီးများ၊ ခုတင်(၂၀၀) အထက် ပြည်သူ့ဆေးရုံကြီးများနှင့် အထူးကုဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးသည်။ **(ဝဲပုံ)**



### ကြိုတင်ပြင်ဆင်ထားမှု တင်ပြ

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် ဆေးရုံအုပ်ကြီးများက ဆေးရုံကြီးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်မှု၊ အတွင်းလူနာများ ကုသပေးနိုင်မှု၊ (၂၄)နာရီကုသမှုပေးနိုင်ရေးအခြေအနေများနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ပြင်ဆင်ထားမှုများကို တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ကျန်းမာရေး ဝန်ထမ်းများ၏ လက်ရှိတာဝန်ထမ်းဆောင်နိုင်မှု အခြေအနေအပေါ်မူတည်၍ ကုသရေးလုပ်ငန်းများကို ပိုမိုအားဖြည့်ဆောင်ရွက်ရန်၊ ဆေးနှင့် ဆေးပစ္စည်းများအား လိုအပ်ချက်နှင့်အညီ စနစ်တကျအသုံးပြုရန်နှင့် လိုအပ်ချက်နှင့် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆွေးနွေးရန်မှာကြားပြီး အထွေထွေ တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေး မှာကြားသည်။

### ညှိနှိုင်းဆွေးနွေး

ထို့ပြင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မေ ၂၁ ရက်က အင်းလျား ကိုဗစ်-၁၉ ရောဂါကုသရေးနှင့် ကာကွယ်ဆေးထိုးစင်တာသို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါအတွက် လူနာလက်ခံကုသမှုပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားမှု၊ လူနာလက်ခံနိုင်မှုနှင့် ဓာတ်ခွဲစစ်ဆေးနိုင်မှုများကို အင်းလျားစင်တာမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်ပေး

**ပျဉ်းမနား မေ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနား မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးက "ပန်းခင်းစီမံချက်" ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်းများ ဆောင်ရွက်ပေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက ပျဉ်းမနား မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(စုပေါင်းရုံး)၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ "ပန်းခင်းစီမံချက်"ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက် ပေးနေမှုများအား နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်သိန်းဆိုင်၊ ဒက္ခိဏခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးအောင်ဇော်ထွန်း၊ ပျဉ်းမနား မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်သန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ပျဉ်းမနားမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ "ပန်းခင်းစီမံချက်"ဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ အုပ်စုရှိ နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသည့် အသက် ၁၆ နှစ်အထက်နှင့် အသက် ၁၈ နှစ်အထက် လူဦးရေ ၈၄၉၆ ဦးတို့ကို တစ်နေ့လျှင် လူ ၃၀ နှုန်းဖြင့် ၃-၅-၂၀၂၁ ရက်နေ့မှစတင်၍ ၃-၁၁-၂၀၂၂ ရက်နေ့အထိ ၁၈ လကြာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်ရှိနေသော မြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းထံမှ သိရသည်။

**စိုးမိုး(ပြန်/ဆက်)**



နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်ပေးနေစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများနှင့်တွေ့ဆုံ

**မန္တလေး မေ ၂၂**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနရိပ်သာ အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး အတွင်းရှိဥပဒေအရာရှိများနှင့် တွေ့ဆုံသည်။**(ယာပုံ)**

**အမှာစကားပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံတော်တွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်တကွ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ အဆင့်ဆင့်သော ဥပဒေရုံးများ၏လုပ်ငန်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းဆိုင်ရာ ကိစ္စရပ်များ၊ အဆင့်ဆင့်သော ဥပဒေအရာရှိများ အရည်အသွေးမြင့်မားရေးဆိုင်ရာကိစ္စရပ်များ ၊ CDM နှင့်ပတ်သက်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

**ရှင်းလင်းဖြေကြား**

ထို့နောက် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်က လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာကြသော ဥပဒေအရာရှိများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြရာ ပြည်ထောင်စုရှေ့နေချုပ်နှင့်အတူ လိုက်ပါလာသည့် ညွှန်ကြားရေးမှူးချုပ်များက



သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဖြေကြားသည်။ ယင်းနောက် ပြည်ထောင်စုရှေ့နေချုပ်က လုပ်ငန်း ပိုင်းဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းပေးကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းတစ်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် မေ ၂၂**

တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍမြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေး အဖွဲ့များစုစည်း၍ ဒေသခံပြည်သူလူထုများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**ကုသပေးနိုင်ခဲ့**

ထို့အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက် ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၁၆၅၂၅ ဦးနှင့် အတွင်းလူနာပေါင်း ၆၅၅၉၀ တို့ကို ကုသပေးနိုင်ခဲ့သည်။



တောင်ငူမြို့ တပ်မတော်ဆေးရုံ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးစဉ်။

**ပူးပေါင်းဆောင်ရွက်**

၄င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၁၀၁၂၄ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၅၁၆၀ ၊ စုစုပေါင်း ၁၅၂၈၄ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၅၁၉၈ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၇၆၁၆ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၂၈၁၄ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၂၂**

ပြည်သူလူထု၏ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဒေသအသီးသီးမှ ဝန်ထမ်းများနှင့် ဒေသခံများ၏ တောင်းဆိုမှုအရ တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆေးကုသရေးအဖွဲ့များကို စေလွှတ်ကုသလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ သာစည်မြို့နယ်ဆေးရုံ၊ ဟံဇာတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ် ဆေးရုံ၊ ဝမ်းတွင်းမြို့နယ်ရှိ ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ်ရှိ တကောင်းတိုက်နယ်ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ကျောက်ဆည်ခရိုင်ရှိ စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မြစ်သားမြို့ ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ်ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်း မြို့နယ်ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုတို့ရှိ လူနာများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများနှင့် ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကဆုန်လပြည့်ဗုဒ္ဓနေ့ မျှဝေအပ်ရာ ဓမ္မဒေသနာ

**မိုးကေနိုင်**

**ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူသော အဆုံးအမတရားတော်များအတိုင်း လိုက်နာကျင့်ကြံ ကြိုးကုတ်အားထုတ်ကြကုန်သော ဗုဒ္ဓဘာသာဝင်များအတွက် အမှမ်းတင်ဂုဏ်ယူရမည့် နေ့တစ်နေ့ဖြစ်သော ဤကဆုန်လပြည့်ဗုဒ္ဓနေ့သည်ကား ကုသိုလ်ရေးအတွက် ပူဇော်အထူး အာရုံပြုရမည့် နေ့တစ်နေ့ပင်ဖြစ်သည်။**

## ကမ္ဘာ့ဗုဒ္ဓဘာသာနေ့တစ်နေ့

ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်နှင့်အတူ ကမ္ဘာ့ဗုဒ္ဓဘာသာနေ့တစ်နေ့ အဖြစ် ကမ္ဘာကြီးက ဂုဏ်ပြုသတ်မှတ်ထားသည်မှာ ထေရအန္တယ်ဝင်သူတော်စင်တို့အတွက် အထူးဂုဏ်ယူစရာဖြစ်သည်။ လူသားတစ်ဦးချင်း တစ်ဦးချင်းစီ၏ ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော ချမ်းသာမှုဖြင့် ကမ္ဘာ့လူသားအားလုံးအတွက် အလိုအပ်ဆုံးသော ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးနိုင်သည်မှာ နှစ်ပေါင်း ၂၅၀၀ ကျော် ကာလတိုင် သက်တမ်းရှည်ကြာ ကိန်းဝပ်နေသော ဂေါတမမြတ်စွာဘုရား၏ ဗုဒ္ဓသာသနာပင်ဖြစ်သည်။

ဤအချက်သည် ကမ္ဘာ့ဗုဒ္ဓဘာသာနေ့တစ်နေ့ ဖြစ်ပေါ်လာရေး အတွက် ယုံကြည်လက်ခံလာကြသည့် သာဓကတစ်ခုလည်းဖြစ်သည်။ လိုက်နာကျင့်ကြံစောင့်ထိန်းမှုဖြင့် မကောင်းသော ကိလေသာ တရားဆိုးများကို ဖယ်ရှားရှင်းလင်းနိုင်မည့်တရားကား ဗုဒ္ဓ၏ ဓမ္မတည်းဟု ဗုဒ္ဓဘာသာဝင်တို့၏ စိတ်အစဉ်ဝယ် စွဲမြဲစွာယုံကြည်ကြသလို ကမ္ဘာကြီးကလည်း ယုံကြည်လာကြပြီဖြစ်သည်။ ထိုယုံကြည်ချက်အတိုင်း ငြိမ်းချမ်းရေးအဆုံးအမ တရားတော်များကို ဘုရား၏သားတော် သံဃာတော်များက သီလလုံစွာဖြင့် မျှော်တွေးညွှန်ပြ ဟောကြားပေးလျက်ရှိသလို အပြည်ပြည်ဆိုင်ရာ ရုံးပိတ်ရက်တစ်ရက်ဖြစ်သော ဤကဆုန်လပြည့် ဗုဒ္ဓနေ့ကို ဗုဒ္ဓ၏ အမွေအနှစ်တစ်ခုသဖွယ် ခံစားမိသည်။

## ဗုဒ္ဓသာသနာ အဓွန့်ရှည်ပါစေ

သာသနာတော် အဓွန့်ရှည်ပါစေဟု ရတနာသုံးပါး ဦးထိပ်ထား၍ အမြဲပူဇော်နေသလို ငြိမ်းချမ်းရေးလည်းရကြပါစေ၊ အေးချမ်းမှုလည်း ရှိကြပါစေဟု ဆုတောင်းမိပါသည်။ ယနေ့ မိမိတို့နေထိုင်ရာ ကမ္ဘာကြီးကား ငြိမ်းချမ်းမှုထက် မငြိမ်းချမ်းမှု၊ မတည်ငြိမ်မှုက ပိုများနေသည်ဟု ခံစားမိသည်။ လောဘ၊ ဒေါသ၊ မောဟ အထွေထွေဖြင့် မတည်ငြိမ် မအေးချမ်းမှု၏ မြစ်ဖျားခံရာကို ရှာဖွေရန် ပညာနတ္ထိ ဖြစ်နေကြသည်။ အမုန်းတရားအခြေခံ ငြင်းခုံမှုများ၊ ရန်လိုမှုများ၊ တိုက်ခိုက်မှုများကြား အမှန်တရားကို မမြင်နိုင်ကြ၊ ဓမ္မသံဝေဂတရားနှင့် သင်ခန်းစာယူရန် နှောင့်နှေးနေဆဲဖြစ်သည်။

အယူစွဲ၊ ဝါဒစွဲ၊ အဖွဲ့စွဲ၊ ပုဂ္ဂိုလ်စွဲ ကြီးလွန်းမှုက ဘာသာတရား၏ အဆုံးအမများကို လျစ်လျူရှုသလို ဖြစ်နေသည်။ အမှန်တရားမှ သွေဖည်၍ အစွန်းရောက်သည်အထိ ဦးတည်နေပြီး အမှောင်အောက်တွင် လမ်းပျောက်နေသည်။ ကိုယ့်အားကိုယ်ကိုး၍ အလင်းကို သွားရမည့်အစား အမှောင်ကို ပြန်လျှောက်သလိုဖြစ်နေသည်။ စိတ်ကမ္ဘ သဘောကကွဲ၍ အတွေးအခေါ်ဟောင်းတွေကြား ကတိမ်းကပါးဖြစ်သွားမှာ စိုးရပါသည်။ ဤသို့ ဤသို့သော အနုတ်လက္ခဏာဆောင်သော အတွေးများကို ပိုက်ထွေးထားနေသည့် လူသားအားလုံး၏ အပူမီး သောကများကို ရှောင်ကွင်းတားဆီးပေးနိုင်သည်မှာ လောက၌ အသာဆုံး အမြတ်ဆုံးဖြစ်သော မြတ်ဗုဒ္ဓ၏ တရားဓမ္မသည်သာ ဖြစ်ပါလိမ့်မည်။

## သာသနာကြုံခိုက် အားထုတ်စိုက်စေချင်

ကဆုန်လပြည့်ဗုဒ္ဓနေ့သည် ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာဝင်အပေါင်း အတွက် အောင်ပွဲနေ့တစ်နေ့အဖြစ်လည်း မည်ပါသည်။ မြတ်စွာဘုရား မာရ်နတ်ရန်ကို အောင်မြင်တော်မူ၍ ဤရက် ဤအခါကို “ကဆုန်လပြည့် မာရ်အောင်နေ့”အဖြစ် တင်စားခေါ်ဝေါ်ကာ အောင်မြင်မှုကို တွေးမျှော်ခဲ့ကြသည်။ အမှန်တကယ်လည်း တည်ငြိမ်အေးချမ်းမှုကို ဦးတည်သည့် အောင်မြင်မှုကို ယုံကြည်ချက် ခံယူချက် အပြည့်ဖြင့် မျှော်မှန်းမိပါသည်။ အားလုံးအတွက် အပါယ်ဘေးမှလွတ်ကင်းအောင် အကုသိုလ်အကြောင်းတရားများကို ရှောင်ရှားနိုင်ဖို့၊ ထို့အတူ ကပ်ရောဂါဘေးအနာဆေး၍ သောကကင်းဝေးနိုင်ကြစေဖို့အတွက်လည်း ဗုဒ္ဓနေ့ကို အာရုံယူ၍ ဆုတောင်းမိပါသည်။ ဘယ်အရာမဆို ဖြစ်ပြီး ပျက်တတ်တဲ့ ဆုတ်ယုတ်တတ်တဲ့ အနိစ္စသဘောမှာ သာသနာလည်း ပါသည်ကိုး။

**ကျွန်တော်တို့အားလုံး ဗုဒ္ဓဘာသာတိုင်းပြည်တစ်ခုမှာ ဗုဒ္ဓဘာသာဝင် ဖြစ်နေကြသည်မှာ ရှေးကုသိုလ်ကံကောင်းခဲ့၍ ဖြစ်ပါသည်။ အကျိုးကောင်းအနေဖြင့် သာသနာပြုခွင့်ကြုံခိုက်၊ ပူဇော်ခွင့်ရခိုက် ကျေးဇူးရှင်မြတ်စွာဘုရား၏ ဓမ္မတရား နာယူခွင့်များကိုရယူ၍ လူငယ်** လူရွယ်များအနေဖြင့် မိမိဘဝအတွက် အကောင်းဆုံး အသုံးချစေချင်ပါသည်။ ယခုလိုကာလမျိုးတွင် ကြီးငယ် ယုတ်လတ် မရွေး ကိုယ်တိုင် ကျင့်ကြံအားထုတ်ကြခြင်းဖြင့် ကောင်းမြတ်သော အခွင့်အရေးများကို ရယူဆုပ်ကိုင်စေချင်ပါသည်။ နောင်ကာလ နောင်ဘဝဆိုတာ မသေချာသောအရေးတွင် ယခုကာလ ကဆုန်လပြည့် ဗုဒ္ဓနေ့ အခါသမယ သည်ကား အသေချာဆုံးပင် မဟုတ်ပါလား။



**“မိမိတို့၏ ဗုဒ္ဓသာသနာကို မိမိတို့ကိုယ်တိုင် မယုံကြည် မချစ်မြတ်နိုးတတ်ပါက ထိုသာသနာသည် တကယ် ယုံကြည်နှစ်သက်သူများထံသို့သာ တဖြည်းဖြည်း ဆိုက်ရောက် ရောက်ရှိသွားတော့မည်ဟူသော တရားတစ်ပုဒ်ကို နာကြားမိဖူးပါသည်။ ယုံကြည်ရန် အထောက်အထားများလည်း ရှိပါသည်။ အကုသိုလ်တွေများ၍ မတော်တဆ ခြေချော်လက်ချော် အောက်ဘုံဘဝများသို့ ရောက်ရှိသွားလျှင်သော်မှအပေါ် အထက်ဘုံများသို့ ပြန်တက်နိုင်ဖို့ ဆိုတာ အတော် မသေချာ မရေရာသော အခြေအနေဖြစ်သည်။ အပေါ်ဘုံဘဝများသို့ ပြန်တက်လာဖြစ်လျှင်တောင်မှ ဆိုလိုသည်မှာ - လူပြန်ဖြစ်လာလျှင်တောင်မှ သာသနာကွယ်နေသည့်အရပ်၊ သာသနာနှင့်မကြုံသည့်နေရာများသို့ ရောက်ခဲ့လျှင်ဆိုသောအတွေးသည် ပညာကြီးသူတို့အတွက် ချောက်ချားစရာအတွေးတစ်ခု ဖြစ်နေပါလိမ့်မည်”**

## ကြာပင်အနားက ဖားသူငယ်လို မဖြစ်စေလို

မိမိတို့၏ ဗုဒ္ဓသာသနာကို မိမိတို့ကိုယ်တိုင် မယုံကြည်၊ မချစ်မြတ်နိုးတတ်ပါက ထိုသာသနာသည် တကယ် ယုံကြည်နှစ်သက်သူများထံသို့သာ တဖြည်းဖြည်း ဆိုက်ရောက် ရောက်ရှိသွားတော့မည်ဟူသော တရားတစ်ပုဒ်ကို နာကြားမိဖူးပါသည်။ ယုံကြည်ရန် အထောက်အထားများလည်း ရှိပါသည်။ အကုသိုလ်တွေများ၍ မတော်တဆ ခြေချော် လက်ချော် အောက်ဘုံဘဝများသို့ ရောက်ရှိသွားလျှင်သော်မှ အပေါ် အထက်ဘုံများသို့ပြန်တက်နိုင်ဖို့ဆိုတာ အတော် မသေချာ မရေရာသော အခြေအနေတစ်ခုပင် ဖြစ်သည်။ အပေါ်ဘုံဘဝများသို့ ပြန်တက်လာ ဖြစ်လျှင်တောင်မှ ဆိုလိုသည်မှာ – လူပြန်ဖြစ်လာလျှင်တောင်မှ သာသနာ ကွယ်နေသည့်အရပ်၊ သာသနာနှင့်မကြုံသည့်နေရာများသို့ ရောက်ခဲ့ လျှင်ဆိုသော အတွေးသည် ပညာဉာဏ်ကြီးသူတို့အတွက် ချောက်ချား စရာ အတွေးတစ်ခု ဖြစ်နေပါလိမ့်မည်။

“ကြာပင်အောက်က ဖားတွေလိုပင်” ကြာပင်အနား နားခိုနေရ သော်လည်း ကြာဝတ်ဆံကို သုံးစွဲခွင့်မရသော ဖားသူငယ်လို၊ သုံးခွင့်ရ လျှင်သော်မှ သုံးစွဲနိုင်သည့် ပညာဉာဏ်မရှိသူလို အဝေးကြီးကလာသော် လည်း သုံးစွဲတတ်သည့် ပညာဉာဏ်ကြီးသူအဖို့မှာ ကြာပင်၏ ကြာဝတ်ဆံကို သုံးစွဲခွင့်ရသကဲ့သို့ပင် ဖြစ်သည်။ ထို့အတွက် အချိန်ရှိခိုက် သတိ၊ ပညာ၊ လုံ့လစိုက်၍ အကုသိုလ်ကို ဖယ်ခွာပြီး ကုသိုလ်ရေးကို မျှော်တွေးစေလိုသည်မှာ ဗုဒ္ဓဘာသာဝင်တို့၏ မွန်မြတ်သော စေတနာ ကောင်းတစ်ခုပင် ဖြစ်သည်။

## ကောင်းခြင်းများနှင့် ပြည့်နေသော ဗုဒ္ဓနေ့

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်အပေါင်းအတွက် နေ့ထူး နေ့မြတ်ကြီးတစ်ခုဖြစ်သည်မှာ အားလုံးအသိပင်ဖြစ်သည်။ ဘုရားအလောင်းတော် သုမေဓာရသေ့ ဗျာဒိတ်ခံယူသောနေ့သည် ကဆုန်လပြည့်နေ့ဖြစ်သလို ဤနေ့တွင်ပင် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်ခဲ့သည်။ ဤနေ့မှာပင် ဂေါတမဘုရား ပွင့်တော်မူခဲ့ပြီး နောက်တစ်နှစ်တွင် ဗုဒ္ဓဝင်အကျဉ်း ဟောတော်မူခဲ့သည်မှာလည်း ဤလပြည့်နေ့တွင် ဖြစ်သည်။ နောက်ဆုံး မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်သည်ပင် ဤနေ့ဤရက်တွင် ဖြစ်ခဲ့သည်မှာ အလွန်ထူးမြတ်သော ဗုဒ္ဓဝင်မှတ်တမ်းများအဖြစ် တင်ကျန်ရစ်ပါသည်။

ထူးခြားချက်တို့နှင့် ပြည့်နှက်နေပြီး ကောင်းမှုအားလုံးတို့နှင့် တိုက်ဆိုင်နေသည့် ဤနေ့ဝန်းကျင် ယခုလို အခါသမယမျိုးတွင် မြန်မာပြည်သူပြည်သား ဗုဒ္ဓဘာသာဝင် လူအများတို့သည် ဗုဒ္ဓနေ့ကို မမေ့လျော့ဘဲ အလေးအနက်ထား မပျက်မကွက် အာရုံပြုကာ ပူဇော် အထူး ပြုစေချင်ပါသည်။ အမုန်းတွေကိုဖယ် သံသယတွေကိုပယ်ကာ ကြုံတောင့်ကြုံခဲ မဟာကုသိုလ်ထူးကို ရယူစေချင်လှပါသည်။ “အစွဲ၊ အမုန်း”တွေ ခေတ္တပယ်၍ ဓမ္မအရေး ရင်ဝယ်တွေးကာ ညစ်ညူးနေ သောစိတ်များကို သန့်စင်လျှော်ဖွပ်၍ ဖြူစင်စိတ်ထား ထာဝရ ထားရှိ စေချင်ပါသည်။

## ကုသိုလ်အရေး ပါဝင်ဆောင်ရွက်ကြစေလို

ယခုလိုအချိန်ကာလသည် ဒါန၊ သီလ၊ ဘာဝနာတရားများ အား ထုတ်ရန် အချိန်အခါကောင်းတစ်ခုဖြစ်သည်။ ကုသိုလ်တရားများ ပွားများရန် အခွင့်အလမ်းကောင်းများ ဖန်တီးပေးစေလိုပါသည်။ သဗ္ဗညုတဉာဏ်တော်ကိုရပြီး ဘုရားဖြစ်တော်မူခဲ့သည့် ဌာနေ ဗောဓိ ပင်ကိုအာရုံပြု၍ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ရိုးရာအစဉ်အလာ မပျက် စည်စည်ကားကား သွန်းလောင်းကြသည်ကို မြင်တွေ့လိုပါ သည်။ ဤနေ့ ဤရက်တွင် “မိမိတို့အိမ်ရှိ ဗုဒ္ဓရုပ်ပွားတော်များကို အနေကဇာတင်နိုင်က မင်္ဂလာဆင်ယင် တင်လှူပူဇော်ကြပါစို့”၊ “ဆွမ်းဟင်းလောင်းလှူ၊ သီလခံယူဆောက်တည်၍ ပရိတ်တရားတော် များ အတူတကွ နာကြားကြပါစို့၊ “ဇီဝိတဒါန ငါးလွှတ်၊ ငှက်လွှတ်ပွဲ များ၊ တိရစ္ဆာန်ဘေးမဲ့လွှတ်ပွဲများ တပျော်တပါးကျင်းပကြပါစို့”ဟု တိုက်တွန်းနှိုးဆော်ချင်ပါသည်။

စေတီ၊ ဘုရားပုထိုး၊ ဘုန်းကြီးကျောင်းကန်များတွင် သန့်ရှင်းရေး များ စုပေါင်းပြု၍ ကုသိုလ်ယူနိုင်ကြပါသည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ဦးတင်ရွက်၍ စေတီပုထိုးများတွင် ဆီမီးများ ထွန်းညှိ ပူဇော်နိုင်ပါသည်။ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းနိုင်ပါသည်။ ဗုဒ္ဓဘာသာဝင်တို့၏ အဆောင်တိုင်း၊ အိမ်တိုင်းတွင် သာသနာ့အလံများ

*စာမျက်နှာ ၇ သို့*

# ညောင်ရွှေမြို့နယ်၌ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကျင်းပနိုင်ရေး အစည်းအဝေးကျင်းပ

**ညောင်ရွှေ မေ ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသည့် ၁၃၈၃ ခုနှစ် (၂၀၂၁) ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲတော်ကြီး ကျင်းပနိုင်ရေးအတွက် အစည်းအဝေးကို မေ ၂၁ ရက်က ညောင်ရွှေမြို့ သာသနဝိပုလရွှေဂူစာသင်တိုက်၌ ပြုလုပ်သည်။ **(ယာပုံ)**

အစည်းအဝေးကို နမောတဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ကြပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ၊ သာသနဝိပုလရွှေဂူစာသင်တိုက်ဆရာတော် ဘဒ္ဒန္တတိလောကဉာဏ၊ လှိုင်ကြူပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုန္ဒကတို့က ဩဝါဒမြွက်ကြားတော်မူကြပြီး အစည်းအဝေးတက်ရောက်လာသူများက သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ စာမေးပွဲဆိုင်ရာ ကိစ္စရပ်များနှင့် ယခင်နှစ်စာမေးပွဲ အောင်မြင်တော်မူကြသည့် သံဃာတော်အရှင်မြတ်များအား အောင်ဆုဆက်ကပ်နိုင်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ယခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်မှ ကဆုန်လကွယ်နေ့အထိလည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို ကဆုန်လပြည့်ကျော် ၁၃ ရက်မှ နယုန်လဆန်း ၄ ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်ပြီး အဆိုပါစာမေးပွဲသို့ ဓမ္မာစရိယတန်း အပါး ၈၀၊ ပထမကြီးတန်း ၄၈ ပါး၊ ပထမလတ်တန်း အပါး ၈၀၊ ပထမငယ်တန်း ၁၂၉ ပါး၊ အခြေပြု မူလတန်း ၃၉၆ ပါး ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**



*စာမျက်နှာ ၆ မှ*

**ဝင့်ကြွားလွှင့်ထူ၍ ဗုဒ္ဓပွဲတော်များ ဆင်ယင်ကျင်းပနိုင်ကြပါသည်။ အချိုရည် မုန့်ပဲသရေစာ၊ စတုဒိသာအလှူများဖြင့် သဒ္ဓါကြည်ဖြူ စေတနာအဖြူထည်ဖြင့် ကုသိုလ်ယူနိုင်ကြပါသည်။**

**'ငါ'အစွဲမထား မမြဲ၍တရား**

မည်သို့ပင်ဖြစ်ပါစေ "ငါ"ဟူ၍ တပ်နေသမျှ မှတ်နေသမျှ အတ္တနှင့် မကင်းနိုင်ပါ။ "ငါ"ဟူသောအစွဲသည် ကိုယ်ကျင့်တရားနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ "ငါ"ဟူသော အတ္တကို ဖယ်ထုတ်နိုင်သည်နှင့်အမျှ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသော ကောင်းမြတ်သော ဗြဟ္မဝိဟာရတရားများ ကိန်းအောင်းရန် မခက်ခဲတော့ပါ။ ဗြဟ္မစိုရ်တရား ဤလေးပါးကသာ အမှောင်ကိုခွင်း၍ အလင်းကို ဆောင်နိုင်ပါသည်။ လောင်မြိုက်အကုသိုလ်ကို ရှောင်နိုင်ပြီး ထာဝရကုသိုလ်ကို ဆောင်နိုင်မည်ဖြစ်သည်။ အပါယ်ဘေးဝေး၍ လူချမ်းသာ၊ နတ်ချမ်းသာ၊ မဂ်ဖိုလ်နိဗ္ဗာန်အရေး မျှော်တွေးနိုင်မည်ဖြစ်သည်။

အတ္တ၏ဆန့်ကျင်ဘက် အနတ္တသဘောကို ရှေးရှု ကျင့်ကြံလိုက်နာရန် လိုအပ်သကဲ့သို့ "အနိစ္စတရား" မမြဲသော သင်္ခါရသဘောကိုလည်း သတိမပြတ်ရန် လိုအပ်ပါသည်။ အရာရာသည် "ဖြစ်ပြီးပျက်"ဆိုသည့် "ဒုက္ခ"သဘောချည်းသာဖြစ်သည်ကို ဆင်ခြင်သုံးသပ်နေရန် လိုအပ်လှပါသည်။ ဤသို့ မြတ်စွာဘုရား ဆုံးမတော်မူသော ထိုလက္ခဏာရေး သုံးပါးကို အလေးအနက် သိရှိထားပါက ဇာတိ၊ ဇရာ၊ မရဏဖြင့် ဆက်နေသော ဘဝအဆက်ဆက်သည် ဘာများ မက်မောတွယ်တာစရာရှိတော့မည်နည်း။ ဤသို့ဆင်ခြင်၍ ရခဲလှစွာသော ဤလူ့ဘဝတွင်ပင် နောင်သံသရာကောင်းအတွက် ဒါန၊ သီလ၊ ဘာဝနာ မျိုးစေ့ကောင်းများသာ ချစိုက်အားထုတ်ရန် ဝန်လေးတော့မည်မဟုတ်ဟု ယုံကြည်မိပေသည်။

မိမိတို့၏ကျေးဇူးရှင် မြတ်ဗုဒ္ဓ၏ ကျင့်ကြံတရား မဂ္ဂင်(၈)ပါးအနက် "သမ္မာဒိဋ္ဌိ" မှန်ကန်သောအယူသည် အရေးကြီးသော မဂ္ဂင်တစ်ပါး ဖြစ်သည်။ မှန်ကန်စွာမြင်မှ အကြံကောင်းဉာဏ်ကောင်း ရရှိနိုင်မည်။ အမှန်ကိုတွေးမှသာ မှန်သောစကားကို ဆိုနိုင်မည်ဖြစ်ကာ၊ မမှားသော ကာယကံအမှုများမှ ရှောင်ရှားနိုင်မည်ဖြစ်သည်။ အမြင်မှန်မှသာ ဒေါသ ရှေ့ထား အမှားများကို ကာကွယ်နိုင်ပါမည်။ ကိလေသာတရားများဖြင့် အိပ်မောကျနေသူသည် နိုးထရန်ခက်ပါသည်။

ဤကမ္ဘာ့ဗုဒ္ဓဘာသာနေ့ဖြစ်သော ကဆုန်လပြည့် ဗုဒ္ဓနေ့ အခါသမယဝယ် လူသတ္တဝါအားလုံး ကြီးပွားချမ်းသာပြီး အေးချမ်းသာယာကြပါစေ။ မိမိတို့၏ မမြဲသော ဘဝဘဝများ မပျက်စီးမီ၊ မကွယ်ပျောက်မီ ကျန်းမာဉာဏ်ရွှင် အလင်းရောင်ရှိခိုက်တွင် အကုသိုလ်တရားများမှ ရှောင်ရှားနိုင်ကြပြီး ကုသိုလ်အမှုများ အမြောက်အမြားပြုနိုင်ကြပါစေ၊ အပါယ်ဘေးကင်းဝေးကြပါစေဟူ၍ ဆုမွန်တောင်း ဓမ္မဒေသနာပြုလိုက်ရပါသည်။ ။

**"စေတီ ဘုရားပုထိုး၊ ဘုန်းကြီးကျောင်းကန်များတွင် သန့်ရှင်းရေးများ စုပေါင်းပြု၍ ကုသိုလ်ယူနိုင်ကြပါသည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ဦးတင်ရှက်၍ စေတီပုထိုးများတွင် ဆီမီးများ ထွန်းညှိပူဇော်နိုင်ပါသည်။ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းနိုင်ပါသည်။ ဗုဒ္ဓဘာသာဝင်တို့၏ အဆောင်တိုင်း၊ အိမ်တိုင်းတွင် သာသနာ့အလံများ ဝင့်ကြွားလွှင့်ထူ၍ ဗုဒ္ဓပွဲတော်များ ဆင်ယင်ကျင်းပနိုင်ကြပါသည်။ အချိုရည်၊ မုန့်ပဲသရေစာ၊ စတုဒိသာ အလှူများဖြင့် သဒ္ဓါကြည်ဖြူ စေတနာအဖြူထည်ဖြင့် ကုသိုလ်ယူနိုင်ကြပါသည်"**

## အနောက်တောင် မုတ်သုံလေ ဝင်ရောက်ခဲ့ပြီးဖြစ်

**နေပြည်တော် မေ ၂၂**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ **မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မေ ၂၂**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ **မိုး/ဇလ**

## ပျားအုံများတွင် အတောင်လိပ်ရောဂါကျရောက်မှု ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

၁။ အပူချိန်လွန်ကဲမှုကြောင့် မေလမှ ဇူလိုင်လအတွင်း မွေးမြူရေး(ဥရောပ) ပျားအုံများတွင် အတောင်လိပ်ရောဂါ ကျရောက်တတ်ပြီး အဆိုပါအတောင်လိပ်ရောဂါ ကျရောက်မှုကြောင့် သက်ငယ်ပျား(Nurse Bee)များ ဆုံးရှုံးကာ ပျားအုံဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နိုင်ပါသည်။

၂။ သို့ပါ၍ ပျားမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် အောက်ဖော်ပြပါ အတောင်လိပ်ရောဂါကျရောက်မှုမှ ကာကွယ်နိုင်ရန်အချက်များကို ဂရုပြုလိုက်နာလုပ်ဆောင်ကြပါရန် အသိပေးနှိုးဆော် အပ်ပါသည်-

(က) မေ၊ ဇွန်၊ ဇူလိုင်လများတွင် အပူချိန်မြင့်မားသည့်အတွက် ပျားအုံများကို အရိပ်ကောင်းမွန်သည့် နေရာများတွင် ချထားမွေးမြူရန်။

(ခ) ကပ်ပါးမွှားရောဂါ ကင်းစင်ရေးဆောင်ရွက်ရန်။

(ဂ) ပျားသောက်ရေလုံလောက်စွာ ရရှိရေးဆောင်ရွက်ပေးရန်။

(ဃ) ပျားအုံများလေဝင်လေထွက် ကောင်းမွန်အောင်ဆောင်ရွက်ရန်။

(င) ပျားအုံအတွင်း သားလောင်းနှင့်သားထိန်းပျားများ အချိုးအစားညီမျှအောင် ဆောင်ရွက်ရန်။

(စ) သကြားနှင့်ရေကို သတ်မှတ်ထားသည့် အချိုးဖြင့်ဖျော်စပ်၍ ဆားထည့်တိုက်ကျွေးရန်။

(ဆ) ပျားသလက်ဘောင် အသစ်များဖြင့် မွေးမြူနိုင်ရေးဆောင်ရွက်ရန်။

(ဇ) ရောဂါကျရောက်ဖြစ်ပွားနေကြောင်း သိရှိပါက နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်/ မြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေးတာဝန်ခံရုံးနှင့် မြန်မာနိုင်ငံပျားလုပ်ငန်းရှင်များအသင်းထံသို့ ဆက်သွယ်အကြောင်းကြား၍ ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင်ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့် တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါကအသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ။

(၄) အလင်းပြန်သောအဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သောပွပွချောင်ချောင်ချည်ထည်များကိုဝတ်ဆင်ပါ။

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ။

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓါတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ရေနှင့်ဓါတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ချိုင်းကြား(၂)ဖက်နှင့်ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ၊**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**(၂၀၂၁ ခုနှစ်၊ မတ်လ)**

# ပြည်သူကို နမူနာကောင်းပြသူများသာ ဖြစ်သင့်ပါသည်

**ကိုထွန်းခင်**

အနုပညာရှင်တို့၏ အဆို၊ အငို၊ အပြောတို့သည် ပရိသတ်တို့၏ စိတ်နှလုံးကို ဆွဲဆောင်ညှို့ယူ သိမ်းသွင်းနိုင်သည့်အတွက် အနုပညာသည် လူ၏ စိတ်ကိုလှုပ်ရှားစေနိုင်သော ပညာဟု ဆိုရမည် ဖြစ်သည်။ စိတ်ကူးဉာဏ်စွမ်းဖြင့် စေတနာ အလျောက် ဖန်တီးရသောပညာဖြစ်ပြီး အနုပညာ၏ အစွမ်းကြောင့် ခံစားရသူ၌ ရသဖြစ်ပေါ်ရာ အနုပညာကို ရသပညာဟုလည်း ခေါ်နိုင်ပေမည်။

ထို့အတူ ပြည်သူချစ်သော အနုပညာရှင်တို့၏ ဝတ်စားဆင်ယင်ပုံ၊ ဆံပင်အထားအသိုမှအစ အပြုအမူအနေအထိုင်တို့ကို ပြည်သူတို့က အတုယူ လိုက်ပါလုပ်ဆောင်ခဲ့သည်မှာ ရှေးယခင် ခေတ်အဆက်ဆက်ကပင် ဖြစ်သည်။

ရုပ်ရှင်မင်းသား ကျော်ဆွေ၏ စီးကရက်သောက်သည့်စတိုင်ကို ကြိုက်နှစ်သက်သည့်အတွက် ထိုခေတ်လူငယ်တို့သည် ကျော်ဆွေပုံစံအတိုင်း ဟန်ပန်လုပ်ကာ စီးကရက်သောက်ခဲ့ကြသည်။ တင်တင်မူ၊ မေရှင်စသည့် ပြည်သူချစ်သော အနုပညာရှင်တို့သည် ထဘီအထက်ဆင် အပြားကြီး ဝတ်ဆင်သည့်အခါ အမျိုးသမီးထုသည် ထဘီ အထက်ဆင် အပြားကြီးပေါ်အောင် ချုပ်လုပ်ဝတ်ဆင်သည့်ခေတ်တစ်ခု ဖြစ်ပေါ်ခဲ့သည်။

တစ်ဖန် ဝင်းဦး၏ နှုတ်ခမ်းမွေးထားသည့်ပုံစံ၊ စကားပြောသည့်အခါ ညုတုတု ခရာတာတာ ပြောသည့် ဟန်ပန်ကလည်း ထိုခေတ်က လူငယ်ထုအကြားတွင် ရေပန်းစားခဲ့ကာ ဝင်းဦးစတိုင်အတိုင်း အမျိုးသားတို့ နှုတ်ခမ်းမွေးထားခဲ့ကြသည်။ ထို့ပြင် ရုပ်ရှင်မင်းသမီး စန္ဒာ၏ ဆံပင်ပုံစံကိုလည်း ကြိုက်နှစ်သက်သဖြင့် စန္ဒာပုံဟုဆိုကာ အမျိုးသမီးတို့ ဆံပင်ပုံစံထားခဲ့ကြသည်။

ထို့အတူ ကျော်ဟိန်းက အင်္ကျီကျပ်ကျပ်၊ ဘောင်းဘီကျပ်ကျပ်ဝတ်သည့်အခါ ထိုပုံစံအတိုင်း လူငယ်တို့က အတုယူဝတ်ဆင်ခဲ့ကြသည်။ ရုပ်ရှင်ထဲတွင် မင်းသမီးတို့ လုံချည်တိုတို ဝတ်လျှင် လုံချည်တိုတို၊ ရင်ဖုံးအင်္ကျီဝတ်လျှင် ရင်ဖုံးအင်္ကျီ စသည်ဖြင့် ရုပ်ရှင်မင်းသား၊ မင်းသမီးတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ပြောဆိုလုပ်ကိုင်မှုတို့သည် ပရိသတ်တို့အပေါ် လွှမ်းမိုးနိုင်ခဲ့သည်။

### ညှို့ယူဖမ်းစားနိုင်

ထို့ကြောင့် အနုသုခုမရုပ်ရှင်ကို ပြည်သူများ၏ နှလုံးသားကို ညှို့ယူဖမ်းစားနိုင်သောပညာ တစ်နည်းဆိုလျှင် ပြည်သူများအား ဆွဲဆောင်စည်းရုံးနိုင်သော အတတ်ပညာဟု ဆိုကြခြင်း ဖြစ်သည်။ မိဘဆရာသမားနှင့် နီတိကျမ်းထဲမှ ဆုံးမစကားထက် ရုပ်ရှင်ဇာတ်ကား တစ်ကား၊ ဝတ္ထုစာအုပ်တစ်အုပ်ထဲမှ စကားတစ်ခွန်းသည် သေသည်အထိ ပရိသတ်ရင်ထဲကို လွှမ်းမိုးငြိတွယ်သွားတတ်ကြသည်။

သို့မို့ကြောင့် ပြည်သူချစ်သော အနုပညာရှင်များသည် ပြည်သူများ၏ ရှေ့ဆောင်လမ်းပြ စံနမူနာကောင်းပြသူများ ဖြစ်သင့်သည်။ ပြည်သူ၏ စိတ်နှလုံးကို လွှမ်းမိုးနိုင်သော၊ စည်းရုံးနိုင်သော ရုပ်ရှင်သည် ပြည်သူအတွက် အမြဲထာဝရဖြစ်နေရန်၊ တိုင်းပြည်အကျိုး၊ ပြည်သူအကျိုးကို ဆောင်နိုင်ရန်မှာ ရုပ်ရှင်အနုပညာသမားတို့ စွမ်းဆောင်ရမည့် တာဝန်လည်း ဖြစ်သည်။

ကမ္ဘာပေါ်တွင် စီးပွားရေးကို အခြေပြုသော ရုပ်ရှင်လောက (ဟောလိဝုဒ်)၊ အနုပညာကို အခြေပြုသော ရုပ်ရှင်လောက (ဥရောပရုပ်ရှင်လောက)၊ ယဉ်ကျေးမှုကို အခြေပြုသော ရုပ်ရှင်လောက (အာရှရုပ်ရှင်လောက) စသည်ဖြင့် အကြမ်းဖျင်း ပိုင်းခြားနိုင်သည်။

### ဥပဒေများအား လိုက်နာ

အထူးသဖြင့် ဒီမိုကရေစီနိုင်ငံအချို့ရှိ အနုပညာရှင်တို့သည် နိုင်ငံတော်၏သစ္စာကို စောင့်သိ ရိုသေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလေးစားခြင်းနှင့် ဥပဒေများအား လိုက်နာခြင်း၊ အခွန်ပေးဆောင်ခြင်း၊ မဲပေးရာတွင် ရိုးသားမှုရှိခြင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် ဆန္ဒထက်သန်စွာ ပါဝင်ဆောင်ရွက်ခြင်း၊ အခြားသော တာဝန်ဝတ္တရားများကို လိုက်နာခြင်း စသည့် နိုင်ငံသားတစ်ယောက် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များနှင့် ချိန်ထိုးကာ အနုပညာလှုပ်ရှားမှုများကို ဆောင်ရွက်လေ့ရှိကြသည်။

၁၉၂၀ ပြည့်နှစ်က စတင်ခဲ့သည့် မြန်မာ့ရုပ်ရှင်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ နိုင်ငံလွတ်မြောက်ရေးနှင့် ဖက်ဆစ်တော်လှန်ရေးစသည့် သမိုင်းကြောင်းတစ်လျှောက် ထင်ရှားသည့် အမျိုးသားလှုပ်ရှားမှုများတွင် တာဝန်ကျေစွာပါဝင်ခဲ့သည်။

ဂျီစီဘီအေအသင်းကြီး၏ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးလုပ်ငန်းများအတွက် ဦးဆောင်မှု အရှိန်အဟုန်မြင့်မားနေချိန် ၁၉၂၂ ခုနှစ်တွင် သရုပ်ဆောင် ဒါရိုက်တာ ဦးဘတင်က "သုဓမ္မစာရီဖြတ်ထုံး" ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးခဲ့သည်။ ထိုဇာတ်ကားတွင် မန္တလေးနန်းတော်နှင့် မြန်မာ့ဘုရင်ညီလာခံကို ထည့်သွင်းရိုက်ကူးခြင်းကြောင့် မြန်မာနိုင်ငံကို အဓမ္မသိမ်းပိုက်၍ ဘုရင်နှင့် မိဖုရားအား ဖမ်းဆီးခေါ်ဆောင်သွားသည့်အဖြစ်ကို သတိရကာ မျိုးချစ်စိတ်ဓာတ်နှင့် နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်ပိုမိုပြင်းထန်လာစေခဲ့သည်။

### မျိုးချစ်စိတ်ဓာတ်များ ဖြစ်ပေါ်လာစေခဲ့

ထို့အတူ ၁၉၃၃ ခုနှစ်တွင် ဒါရိုက်တာဦးညီပုက "ရွှေနှင်းဆီ" ရုပ်ရှင်ကားကို ရိုက်ကူးခဲ့သည်။ ထိုဇာတ်ကားတွင် အင်္ဂလိပ်တို့၏ တတိယကျူးကျော်စစ်ပွဲမြင်ကွင်းများကို ရိုက်ကူးပြီး ဇာတိမာန်ထက်သန်အောင်လှုံ့ဆော်နိုင်ခဲ့သည်။ ထို့ပြင် ၁၉၃၇ ခုနှစ်တွင် ဦးတင်မောင်က "အောင်သပြေ" ရုပ်ရှင်ဇာတ်ကားတွင် သီပေါမင်းပါတော်မူပုံမြင်ကွင်းများကို အသေးစိတ်ရိုက်ကူးပြသခဲ့ရာ ရဲရဲတောက် မျိုးချစ်စိတ်ဓာတ်များ ဖြစ်ပေါ်လာစေခဲ့သည်။



"ရွှေနှင်းဆီ" အသံတိတ် (၁၉၃၃)လက်ကမ်းကြော်ငြာ

၁၉၄၀ ပြည့်နှစ်တွင် ထုတ်လုပ်သူ၊ ဒါရိုက်တာနှင့် သရုပ်ဆောင် မောင်မောင်စိုးက ရွှေစွန်ညို ဝတ္ထုကို "ရည်းစားဓားပြ" အမည်ဖြင့် ရိုက်ကူးခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေးကို သားစဉ်မြေးဆက်တိုင် အကောင်အထည်ဖော်ခဲ့ပုံကို ရိုက်ကူးထားခဲ့ရာ တစ်မျိုးသားလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးကိုအားပေးသည့် ဇာတ်ကားတစ်ခုအဖြစ် ပရိသတ်တို့ အသည်းစွဲခဲ့သည်။

ခေတ်အဆက်ဆက်၌ အနုပညာရှင်တို့သည် အမျိုးသားလှုပ်ရှားမှုများတွင် တိုင်းရင်းသားပြည်သူများနှင့်အတူ မိမိတို့ကျွမ်းကျင်ရာ တစ်ထောင့်တစ်နေရာမှ တာဝန်သိစွာ၊ သတ္တိရှိစွာ ပူးပေါင်းပါဝင်ခဲ့ကြသည်။ အနုပညာရှင်တို့သည် စိတ်နှလုံးသားနူးညံ့သူများဖြစ်သော်လည်း တိုင်းပြည်နှင့်လူမျိုးအတွက်ဟုဆိုလျှင် သမိုင်းစဉ်တစ်လျှောက် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေခဲ့ကြသည်သာ ဖြစ်သည်။

ဘာသာယဉ်ကျေးမှု၊ စာပေနှင့် ဓလေ့ထုံးတမ်းများ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုလုပ်ငန်းများ၊ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးလုပ်ငန်းများ၊ အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေးလုပ်ငန်းများတွင် အနုပညာရှင်တို့သည် မိမိတို့ တတ်ကျွမ်းသည့် အနုပညာဖြင့် တစ်ထောင့်တစ်နေရာမှ အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင်ခဲ့ကြသည်မှာ သမိုင်းအထောက်အထားများက သက်သေထူလျက်ရှိသည်။

### နိုင်ငံရေးအသွေးအရောင်များ ရောယှက်ခဲ့

သို့သော် **မျက်မှောက်ကာလတွင် အနုပညာရှင်အချို့၏ ကျင့်ဝတ်နှင့် စံနှုန်းများသည် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲများဖြင့် အရောင်ဆိုးမှုကြောင့် နိုင်ငံရေးအသွေးအရောင်များ ရောယှက်ခဲ့ကြသည်ကို စိတ်မကောင်းဖွယ် တွေ့မြင်နေရသည်။ ရုပ်ရှင်သည် ပြည်သူအတွက်ဟုဆိုခဲ့ရာမှ ရုပ်ရှင်သည် ပါတီတစ်ခု၊ လူတစ်စုအတွက် ဖြစ်လာသည်။ ပါတီအရေး၊ အုပ်စုအရေးကို ဦးစားပေးရှေ့တန်းတင်ကာ လမ်းလွဲခဲ့ကြသည်။**

> **"မျက်မှောက်ကာလတွင် အနုပညာရှင်အချို့၏ ကျင့်ဝတ်နှင့် စံနှုန်းများသည် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲများဖြင့် အရောင်ဆိုးမှုကြောင့် နိုင်ငံရေး အသွေးအရောင်များ ရောယှက်ခဲ့ကြသည်ကို စိတ်မကောင်းဖွယ် တွေ့မြင်နေရသည်။ ရုပ်ရှင်သည် ပြည်သူအတွက်ဟု ဆိုခဲ့ရာမှ ရုပ်ရှင်သည် ပါတီတစ်ခု၊ လူတစ်စုအတွက် ဖြစ်လာသည်။ ပါတီအရေး၊ အုပ်စုအရေးကို ဦးစားပေး ရှေ့တန်းတင်ကာ လမ်းလွဲခဲ့ကြသည်"**

ပြည်သူကို မျက်နှာမမူ၊ ပြည်သူ့အတွက်ကို ဦးမတည်ဘဲ ဒီမိုကရေစီစံနှုန်းများကို လေးစားမှုမရှိ "ငါနှင့်မတူ ငါ့ရန်သူ" ဆိုသည့် အတ္တစိတ်ဖြင့် အတွေးအခေါ် အယူအဆမတူကြသူများကိုလည်း ရန်လိုမုန်းထားတိုက်ခိုက်လာကြသည်။ အနုပညာကို ဗန်းပြကာ ပြည်သူ့အတွက်ဟု တွင်တွင်ကြွေးကြော်နေသော်လည်း အနုပညာအပေါ်သစ္စာမရှိဘဲ ပရော်ဖက်ရှင်နယ်မဆန်စွာ တိုင်းပြည်တည်ငြိမ်မှုပျက်ပြားအောင် သွေးထိုးလှုံ့ဆော်နေကြသည်။

နိုင်ငံတော်မှ မတရားအသင်း ကြေညာထားသည့် CRPH နှင့် NUG တို့ကို အားပေးထောက်ခံပြီး အဖျက်အမှောင့်လုပ်ရပ်တွေကို လုပ်ဆောင်ရန်၊ ၎င်းတို့၏ ထင်ပေါ်ကျော်ကြားမှုကို အသုံးချပြီး ပြည်သူလူထုကို ဆွဲဆောင်စည်းရုံးရန် လှုံ့ဆော်နေကြသည်ကိုလည်း စိုးရိမ်ဖွယ် တွေ့မြင်လာရသည်။

၎င်းတို့ကို ချစ်ခင်အားပေးနေသည့် ပရိသတ်များသည် အမှားကိုအမှန်ထင်ကာ နိုင်ငံရေးဖြစ်စဉ်များကို ထဲထဲဝင်ဝင် နားလည်မှုမရှိဘဲ ပါဝင်လာကြသည်။ အေးချမ်းစွာ ဆန္ဒပြမှုများမှသည် အကြမ်းဖက်လုပ်ရပ်များအထိ မကြောက်မလန့် လုပ်ဆောင်လာသည်ကို တွေ့မြင်ရသည်။

**အနုပညာရှင်များသည်လည်း နိုင်ငံသားဖြစ်သည့်အတွက် နိုင်ငံသားတစ်ယောက်၏ အခွင့်အရေးဖြစ်သည့် ကိုယ်ပိုင်အယူအဆ၊ နိုင်ငံရေးအမြင်၊ ခံယူချက်ရှိနိုင်သော်လည်း မိမိ၏အနုပညာကို ချစ်ခင်အားပေးသည့် ပရိသတ်များကို ပါတီတစ်ခု၏ လွှမ်းမိုးမှုဖြင့် ဘယ်လို နိုင်ငံရေးအမြင်မျိုး ရှိသင့်သည်ဆိုသော လွဲမှားသည့် လမ်းညွှန်မှုများကို မပြုလုပ်အပ်ပေ။**

> **အနုပညာရှင်များသည်လည်း နိုင်ငံသားဖြစ်သည့်အတွက် နိုင်ငံသားတစ်ယောက်၏ အခွင့်အရေးဖြစ်သည့် ကိုယ်ပိုင်အယူအဆ၊ နိုင်ငံရေးအမြင်၊ ခံယူချက် ရှိနိုင်သော်လည်း မိမိ၏အနုပညာကို ချစ်ခင်အားပေးသည့် ပရိသတ်များကို ပါတီတစ်ခု၏ လွှမ်းမိုးမှုဖြင့် ဘယ်လို နိုင်ငံရေးအမြင်မျိုး ရှိသင့်သည်ဆိုသော လွဲမှားသည့် လမ်းညွှန်မှုများကို မပြုလုပ်အပ်ပေ။**

သာမန်ပြည်သူတစ်ဦး၊ နိုင်ငံရေးသမားတစ်ဦး၏ သွေးထိုးလှုံ့ဆော်မှုထက် ပရိသတ် ရာထောင်ချီသည့် အနုပညာရှင်တစ်ဦး၏ နိုင်ငံချစ်စိတ်မရှိမှု၊ ထင်ရာစိုင်း၊ လိုရာဆွဲ ပုံဖော်မှုကြောင့် သက်ရောက်မှုအတိမ်အနက်သည် များစွာကွာခြားလှရာ အနုပညာရှင်များအနေဖြင့် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဖြင့် လမ်းကောင်းလမ်းမှန်ကိုသာ ရှေးရှုနိုင်သူ၊ ပြည်သူလူထုကို နမူနာကောင်း ပြနိုင်သူများ ဖြစ်သင့်ပါကြောင်း။

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်း

**နေပြည်တော်  မေ ၂၂**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၊ ကရင်ပြည်နယ် မြဝတီမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ကျောင်းတိုက်များမှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ရှိ အရှေ့ခါးရိုးပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လက်ပံတန်းမြို့နယ်ရှိ တောင်ကြို့ကုန်းကျေးလက်လမ်းအား ကတ္တရာလမ်းအဖြစ်အဆင့်မြှင့်တင်

**ရန်ကုန်  မေ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်ရှိ တောင်ကြို့ကုန်းကျေးလက်လမ်းအား ရာသီမရွေး သွားလာနိုင်သောလမ်းဖြစ်ရန်အတွက် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်လမ်းဦးစီးဌာနက ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

တောင်ကြို့ကုန်းလမ်းသည် စုစုပေါင်း လမ်းမအရှည် ၆/၁ ဒသမ ၁၁ မိုင်ရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်း ၁၂ လက်မထုအား ရန်ပုံငွေကျပ် ၁၅၄ ဒသမ ၅၈၀ သန်းဖြင့် လည်းကောင်း၊ ဂဝံခင်းခြင်းလုပ်ငန်း ရှစ်လက်မထုအား ရန်ပုံငွေကျပ် ၁၂၁ ဒသမ ၇၃ သန်းဖြင့် လည်းကောင်း၊ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် ကတ္တရာခင်းခြင်းလုပ်ငန်း ၁၅ လက်မထုအား ရန်ပုံငွေကျပ် ၁၅၁ ဒသမ ၂၀၀ သန်းဖြင့် လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဂဝံခင်းခြင်းလုပ်ငန်းအား ရန်ပုံငွေကျပ် ၉၂ သန်းဖြင့် လည်းကောင်း ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာနှစ်တွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ခုနစ်လက်မထုအား ရန်ပုံငွေကျပ် ၆၃၁ ဒသမ ၂၀၀ သန်းဖြင့် လည်းကောင်း ဂဝံခင်းခြင်းလုပ်ငန်း ရှစ်လက်မထုအား ရန်ပုံငွေကျပ် ၆၃ ဒသမ ၉၀၀ သန်းဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့သည်။



တောင်ကြို့ကုန်းလမ်းသည် လက်ပံတန်းမြို့နှင့် မင်းလှမြို့အား တိုက်ရိုက် ချိတ်ဆက်ထားသော လမ်းမကြီးဖြစ်ပြီး စုစုပေါင်းလမ်းအရှည် ၆/၁ ဒသမ ၁၁ မိုင်ရှိသည်။ ယခုအခါ ကွန်ကရစ်ခင်းခြင်း(၂/ ၂) မိုင်အား ဆောင်ရွက်ဆဲဖြစ်ပြီး ကျေးရွာ ၉၈ ရွာ၊ အိမ်ခြေ ၈၅၉၈ အိမ်နှင့် လူဦးရေ ၃၈၃၀၅ ဦးခန့်ရှိသော ကျေးရွာနေလုပ်သားပြည်သူများ၏ ထုတ်ကုန်များအား လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ပြီး ကျောင်းသားကျောင်းသူများ၏ ပညာရေးအတွက် သာမက သာရေး၊ နာရေး၊ လူမှုရေးကိစ္စများပါ မကျန် လွယ်ကူစွာသွားလာနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# ကျောက်တန်းမြို့နယ် ဘန့်ဘွေးကုန်းဆည် အတွင်းသို့ ငါးမျိုးစိုက်ထည့်

**ရန်ကုန်  မေ ၂၂**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်ရှိ ဘန့်ဘွေးကုန်းဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါဆည်တွင် ကျင်းပရာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးတင်ထွန်း၊ ရန်ကုန်တောင်ပိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဝင်းမိုးနိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးအောင်မြင့်၊ ခရိုင်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ် ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်ရာတွင် လှော်ကား ငါးလုပ်ငန်းစခန်းနှင့် လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီး ကောင်ရေ ၁ ဒသမ ၅ သိန်း၊ ရွှေဝါငါးကြင်းကောင်ရေ ဝ ဒသမ ၅ သိန်း၊ ငါးကောင်ရေ သုံးသိန်းအား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်

**နေပြည်တော်  မေ ၂၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မွန်းလွဲ ၁ နာရီခွဲ အချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# အင်္ဂပူမြို့နယ်တွင် အမြိုင်းအင်း (သုတေသနအင်း) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**အင်္ဂပူ  မေ ၂၂**

ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် လူတော်စုကျေးရွာအုပ်စု အမြိုင်းကျေးရွာအတွင်းရှိ အမြိုင်းအင်း (သုတေသနအင်း)အား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ခရိုင်ငါးလုပ်ငန်းဦးစီး ဌာနမှူး ဦးတင့်လွင် ဦးဆောင်သော မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်မော်မော်ဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။ **(ယာပုံ)**

အဆိုပါလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၏ ညွှန်ကြားချက်အရ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် အင်းအတွင်းရှိ ပက်ကောအိုင်ကွက်ကို အလျား ၁၃၅ပေ၊ အနံ ၁၃၅ ပေ၊ အနက်သုံးပေကို တူးဖော်ဆောင်ရွက်လျက်ရှိကြောင်း အင်းလုပ်ငန်းသည် နိုင်ငံတော်အတွက် အခွန်ငွေများရရှိအောင် ဆောင်ရွက်ပေးနေသည့်လုပ်ငန်းဖြစ်ပြီး ငါးသယံဇာတသည် ပြည်သူများ၏ စားသုံးမှုအာဟာရအတွက် အထူးအရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ယခုလို အင်းများ၊ ချောင်းများ ပြန်လည်တူးဖော်ပေးသည့်အတွက် ငါးအထွက်နှုန်းတိုးတက်ထုတ်လုပ် နိုင်မည်ဖြစ်ပြီး အင်းအတွင်း ငါးနေထိုင်ပေါက်ပွားမှု ပိုမိုကောင်းမွန်ခြင်း၊ တိုင်းရင်းငါးမျိုးများကို ထိန်းသိမ်းနိုင်ခြင်း၊ ရေသယံဇာတ၊ ငါးသယံဇာတများ ပိုမိုတိုးပွားလာနိုင်ခြင်းတို့ကြောင့် အင်္ဂပူမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ခုနှစ် လုပ်ငန်းရာသီအတွင်း အမြိုင်း (သုတေသနအင်း)ကို ပြုပြင်တူးဖော်ဆောင်ရွက်မှုများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်မော်မော်ဝင်းထံမှ သိရသည်။



**မန်းကျော်(ပြန်/ဆက်)**

# ငယ်အိပ်မက်များ

## ချစ်နိုင်(စိတ်ပညာ)

ချစ်စွာသောတူမောင်
ရွှင်လန်းချမ်းမြေ့ပါစေ ...

**နိဒါန်း**

ကလေးငယ်ဘဝမှာတော့ မသိနားမလည်သေးဘူးပေါ့။ အိပ်မက်ကလေးတွေ ရှိခဲ့ကြတာပေါ့။ ဒီစိတ်ကူးယဉ် အိပ်မက်လေးတွေဟာ တကယ်ဖြစ်လာနိုင်သလား၊ ဖြစ်မလာနိုင်ဘူးလား မစဉ်းစားပါဘူး။ အိပ်မက်ဆိုတာ အိပ်မက်ပဲ။ ကလေးအတွေးမှာ အိပ်မက်ဟာ ဆေးရောင်စုံ ပန်းချီကားချပ်ကြီးတစ်ခုအဖြစ် ကြည့်လို့လှနေတာပဲ။ မိမိဘာသာ ကျေနပ်ကြည်နူးနေတတ်တာပဲလေ။ ဟုတ်တယ်မဟုတ်လား။

**အိပ်မက်**

အိပ်မက်တွေဟာ လက်တွေ့နယ်ပယ်မှာ လွင့်ပြယ် ပျောက်ကွယ်သွားတာ များပါတယ်။ အများအားဖြင့်ပေါ့ကွယ်။

ငယ်ငယ်က အိပ်မက်တွေအတိုင်း တကယ်တမ်း အမှန်ဖြစ်လာတဲ့ သူတွေလည်း ရှိကောင်းရှိမယ်။ တစ်ရာတစ်ယောက်၊ တစ်ထောင်တစ်ယောက်၊ တစ်သောင်းတစ်ယောက် အလွန်နည်းပါတယ်၊ ရှားတယ်လို့ ထင်မိတယ်။

ကလေးဘဝအိပ်မက်တွေ တကယ်ဖြစ်လာတဲ့ လူဆိုတာ အကြောင်းကြောင်း ပေါင်းဆုံပြီး ဖြစ်ပေါ်ရတာနဲ့ တော်တော်ကံကောင်းတဲ့လူလို့ ပြောရမှာပါ။ အေးဗျာ အဲသည်အထဲမှာ ဦးဦးပါခဲ့တယ်ဗျား။

**စစ်ကြောင်း**

တို့ရွာမှာ စစ်ကြောင်းတစ်ကြောင်း ချီတက်လာပြီး တစ်ရက်မှာ စခန်းချတယ်။ လေ့ကျင့်ရေးလုပ်ရင်း ချီစစ်ဆင်တဲ့ ခြေမြန်တပ်ရင်းတစ်ရင်းက ဦးဦးတို့ရွာမှာ တစ်ညနေ ခဏတာစခန်းချ။ ထမင်းစား၊ ချက်ပြုတ်ပြီး သူ့လမ်းကြောင်းအတိုင်း ဆက်လက်ချီတက်သွားပါတယ်။ စစ်သားတွေ ကြည့်ရမြင်ရ အားကျစရာပေ့ါ။

**သေနတ်**

ကျည်ဆန်အိမ်ကောက်ကောက်ကြီးနဲ့ ဘရင်းဂန်းဆိုတဲ့ သေနတ်ကြီးလည်းပါတယ်။ ဒါနဲ့ တော်တော်လေးသလားဗျ ဆိုပြီး ဦးဦးက ရဲဘော်ဆီခွင့်တောင်းပြီး ဆွဲမ ကြည့်တယ်။ သံတုံးသံခဲ မဟုတ်လား။ လေးလိုက်တာဗျာ။ ဟဲ ဟဲ သေနတ်ကို ကိုင်ဖူးတယ်ကွ။ ဘရင်းဂန်းကြီးငါ မ ဖူးခဲ့တယ်ဆိုပြီး ကြွားလို့မဆုံး၊ ပျော်တပြုံးပြုံး။

သေနတ်လက်ဖြောင့်တဲ့ ရဲဘော်တစ်ယောက်က ထန်းပင်ထိပ်ဖျားနီးပါးမြင့်တဲ့ တမာပင် ကိုင်းမှာရှိတဲ့ ပုတ်သင်ညိုတစ်ကောင်ကို ရိုင်ဖယ်နဲ့ ပစ်ပြတယ်။ ဒိန်းဟိန်းဟိန်းဆိုတဲ့ သေနတ်သံကြီးဟာ မိုးချုန်းသံအလားပါပဲ။ အံမယ် မှန်တယ်ဗျို့။ ပုတ်သင်ဟာ ဗိုက်ပွင့်ထွက်ပြီး မြေကြီးပေါ် ပြုတ်ကျလာတယ်။ တော်တယ်ကွာ။

**စစ်ဗိုလ်အလုပ်**

ဒီလိုဆရာတွေ၊ ရဲဘော်တွေကို အမိန့်ပေးအုပ်ချုပ်ရတဲ့ စစ်ဗိုလ်အလုပ်ကို အလွန်ဖြစ်ချင်တယ်ကွာ။ ငါကြီးရင် စစ်ဗိုလ်လုပ်မယ်။ ၁၉၆၂ ခုနှစ်မှာ အပျော်တမ်းကင်းထောက် တပ်ဖွဲ့ဝင်ဖြစ်ခဲ့တဲ့ ကျောင်းသားလေးဟာ စစ်ရေးပြ၊ ရှေ့ကြည့်၊ သတိ၊ ညာလှည့်၊ အမြန်လျှောက်စတဲ့ လေ့ကျင့်ခန်းတွေ လုပ်နေပြီ။ ၁၉၇၂ ခုနှစ်မှာ ဗိုလ်သင်တန်းဆင်းပြီး တပ်မတော်(ကြည်း) ခြေလျင်တပ်ရင်းတစ်ရင်းမှာ တပ်စုမှူး အရာရှိတစ်ဦး ဖြစ်လာပြီ။ ဆယ်နှစ်အတွင်းမှာပဲ ကလေးတစ်ယောက်ဟာ လူကြီးတာဝန်ဆီ လက်တွေ့ရောက်ရှိသွားတာပေ့ါကွယ်။ ဆယ်နှစ်ကာလဆိုတာ ဘာမှမကြာလိုက်သလိုပါပဲမောင်။ အရွယ်အလျောက် တိုင်းပြည်ချစ်စိတ် ပေါ်ပေါက်ဖွံ့ဖြိုးလာတာပါပဲ။

**အဖေ့လို**

အိပ်မက်တစ်ခုတောင် လက်တွေ့ဘဝမှာ အကောင်အထည်ပေါ်လာဖို့ရာ တကယ်တော့ လွယ်တာမဟုတ်ဘူး။ ဦးဦးကတော့ စိတ်ကူးယဉ်တာ တော်တော်လောဘကြီးခဲ့တယ်ဆိုမလား။ ကျောင်းဆရာလည်း ဖြစ်ချင်သေးတယ်။ စာသင်ရတာ ဝါသနာပါတယ်။ အဖေက ကျောင်းဆရာလေ။

အဖေဟာ စာအသင်အပြကောင်းတဲ့ ဆရာတစ်ဦးအဖြစ် အနီးအနားဝန်းကျင်မှာ ထင်ရှားကျော်ကြားတယ်။ အဖေ့ဘဝကို အားကျတယ်။ အဖေဟာ မိမိရဲ့ အနီးကပ်ဆုံး စံနမူနာပြ ရုပ်ပုံမဟုတ်လား။ အဖေ့လို လူချစ်လူခင်များတဲ့ အများလေးစားကြည်ညိုခံရတဲ့ ဆရာတစ်ယောက် ဘဝရောက်ချင်တယ်။

**ကျောင်းဆရာ**

တကယ်ဖြစ်ချင်လို့လားတော့ မသိ။ စာကို ကြိုးစား၏။ ၁၉၉၀ ပြည့်နှစ်မှာ စစ်ဦးစီး တက္ကသိုလ်သင်တန်း တက်ခဲ့တာ စစ်နည်းဗျူဟာ ဘာသာရပ်များမှာ အမှတ်တွေက ကောင်းတဲ့အပြင် စစ်ဘက်စာတမ်း၊ ကွပ်ကဲမှုလေ့လာချက်စာတမ်းနဲ့ ဟောပြောပို့ချဘာသာရပ်တွေမှာ ရမှတ်က အထူးကောင်းနေသတဲ့။ ၁၉၉၁ မှ ၁၉၉၅ အထိ ငါးနှစ်တိတိ စစ်ဦးစီးတက္ကသိုလ်မှာ နည်းပြဗိုလ်မှူးကြီးတာဝန်ကို ထမ်းဆောင်ပြီး သင်ကြား ပြသ ပို့ချခဲ့ရပါရဲ့။ ဒါကြောင့် တပည့်မရှား။ သင်ယူဆည်းပူးသွားတဲ့ သင်တန်းသားမိတ်ဆွေတွေ နှစ်ရာကျော်နဲ့ ခင်မင်ရင်းနှီးခဲ့ရတယ်။

**စာရှူးပေရှူး**

အရှူးအမူးအဖြစ်ချင်ဆုံးက စာရေးဆရာဘဝ။ ငယ်ငယ်ထဲက

> ❈ ဘဝတစ်ခုမှာ အိပ်မက်သုံးခုစလုံး အကောင်အထည်ပေါ်ဖို့ ဆိုတာတော့ ခဲယဉ်းတယ်ပေ့ါနော်။ သို့သော် ဦးဦးကတော့ တိုင်းကျိုးပြည်ပြု၊ လူသားအကျိုးပြု ကလောင်တစ်ချောင်းဖြစ်အောင် အဆက်မပြတ် ကြိုးစားအားထုတ်ပြီး နောက်ဆုံးပိတ် အိပ်မက်ကို လက်ဝယ်ပိုင်ဆိုင်ရအောင် ဖွဲနပဲနဲ့ ဆက်လက်ကြိုးစားဆဲကွယ့်။ အိပ်မက် အကောင်အထည်ပေါ်လာဖို့ဆိုတာ တစိုက်မတ်မတ် အဆက်မပြတ် အားထုတ်နေရတယ်။ အောင်မြင်မှာ သေချာတယ်ဆိုတဲ့ ယုံကြည်ချက် ခိုင်မြဲရတယ်

စာဂျပိုး။ ရှုမဝ၊ မြဝတီ၊ နဝဒေး၊ သွေးသောက်၊ ပေဖူးလွှာ၊ ယုဝတီ၊ တိုင်းရင်းမေ မဂ္ဂဇင်းဂျာနယ်အမျိုးမျိုးကို တစ်မျက်နှာမှ မကျန်ရအောင် ဖတ်၊ တစ်ပိုဒ်မှ မကျန်အောင် ဖတ်၊ တစ်ကြောင်းမှ မကျန်အောင်ဖတ်၊ ဇဝန၊ ကြပ်ကလေး၊ သော်တာဆွေ၊ ဟာသဝတ္ထုတွေ သိမ်းကျုံးဖတ်။ တစ်ယောက်တည်းရယ်။

**စာဂျပိုး**

ရွှေဥဒေါင်း၊ ဒဂုန်ရွှေမျှား၊ ဓူဝံ၊ နတ်နွယ်၊ မောင်သက်နှောင်၊ မိုးဝေ၊ စုံထောက်ဝတ္ထုတွေ၊ ဘာသာပြန်တွေ ဖတ်။ မောင်နေဝင်း၊ မင်းကျော်၊ ကျော်အောင်၊ အောင်လင်း၊ ဗန်းမော်တင်အောင်၊ ရန်ကုန်ဘဆွေ၊ တက္ကသိုလ်ဘုန်းနိုင်၊ ခင်ဆွေဦး၊ ခင်နှင်းယုဝတ္ထုတွေ ထွက်သမျှ မကျန်ရအောင် ပိုက်စိပ်တိုက်၍ ဖတ်။ ထွက်လာသမျှ ဈေးထောင့်ရှိ ကိုလိမ္မော် စာအုပ်အငှားဆိုင်နှင့် ဈေးအတွင်းက ကိုအုန်းမောင်နှင့် ညီများ စာအုပ်အငှားဆိုင်မှ တစ်အုပ်မှ မလွတ်အောင်ငှားဖတ်။ ဖတ်ခတစ်ရက်ဆယ်ပြား။ သုံးကျပ်တန် ဓူဝံ၏ ဝတ္ထု၊ နတ်နွယ်၏ ဝင်္ကပါလို အထူစားကြီးမျိုးဆိုမှ တစ်ရက် ဆယ့်ငါးပြား။ (မုန့်ဟင်းခါးတစ်ပွဲစာ) မုန့်ဟင်းခါးမစား။ ဘာမုန့်ပဲသရေစာမျှ မစား။ ရသမျှ မုန့်ဖိုးကို စာအုပ်ချည်းသာ ငှားပြီးဖတ်သကို။ ကြိုက်တာဆို ကူးထား။ သဘော ကျလျှင် အခါခါဖတ်၊ အချို့စာအုပ်ထဲက ဝါကျတွေဆိုလျှင် အလွတ် ရနေပါရော။

"သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင် " တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုထဲမှ စာသားများ။

ရန်ကုန်ဘဆွေ၏ "ချစ်ဇနီးသို့" စာအုပ်ထဲမှ စာပိုဒ်များ။ သူငယ်ချင်းတွေကို ရွတ်ဆိုပြလျှင် သူတို အံ့အားသင့်ကြတယ်။ ဖတ်၍ ကောင်းလို့ ဖတ်ရင်း ဖတ်ရင်း ပါးစပ်ထဲသို့ အလိုလို ရောက်လာတာပဲ။

စာရှူးပေရှူးအဖြစ် ရှစ်တန်းကျောင်းသား ၁၉၆၁ – ၆၂ မှစ၍ စာအုပ်တွေကို အဖော်လုပ်ရင်း ဖတ်တာ၊ ကူးတာ။ ကြိုက်တာတွေကို သူငယ်ချင်းများသို့ ပြန်ပြောရတာ။ စာဂျပိုးမှန်းမသိ ဖြစ်လာတာပဲ တူမောင်ရာ။

**စာရေးဆရာ**

အထက်တန်းကျောင်းသားဘဝမှာ မိမိအဖြစ်ချင်ဆုံးသော စိတ်ကူးယဉ် အိပ်မက်ကတော့ စာရေးဆရာ။

ကဗျာဆရာ ဇော်ဂျီနှင့် မင်းသုဝဏ်တို့ကို အထူးအားကျနေလေရဲ့။ ကဗျာတွေ ရေးသလား မမေးနဲ့။ ရာသီဖွဲ့၊ ပန်းဖွဲ့၊ အလှဖွဲ့၊ အချစ်ဖွဲ့၊ ဗလာစာအုပ်တွေ တစ်အုပ်ပြီး တစ်အုပ်ကုန်သတဲ့။ ကဗျာဆရာတော့ မဖြစ်ခဲ့။ ဆောင်းပါးတွေရေးတဲ့ ဆောင်းပါးရှင်လေးဖြစ်လာပါရဲ့။ ၁၉၆၄ လောက်က မက်တဲ့အိပ်မက် ၁၉၈၄ ခုနှစ်၊ အောက်တိုဘာလမှာ မိုးဝေမဂ္ဂဇင်းနဲ့ ဖွဲသတ္တိဂျာနယ်တို့တွင် ဆောင်းပါးတစ်ပုဒ်စီ စတင်ပါလာပြီ။

နိုဝင်ဘာ၊ ဒီဇင်ဘာတို့မှာ သောင်းပြောင်းထွေလာနဲ့ ရှုမဝ မဂ္ဂဇင်းများမှာလည်း ပါလာကြပြန်ပြီ။ နှစ်ပေါင်း ၂၀ တိတိ မနေမနား တရွေ့ရွေ့နဲ့ ချဉ်းကပ်ပြီး နီးသည်ထက် နီးအောင် ကြိုးစားခဲ့တာ။ ဟောဗျာ… မိမိရဲ့ ငယ်စဉ်ဘဝ အိပ်မက်ဆိုတာ တကယ်အကောင်အထည်ပေါ်လာပါလေရော။ ၁၉၈၄ မှ ယခု ၂၀၁၂ အထိ ၁၈ နှစ်ကာလလုံးမှာလည်း မရပ်မနား ထပ်၍ထပ်၍ ကောင်းသထက် ကောင်းအောင် မိမိကိုယ်ကို လေ့ကျင့်ပျိုးထောင်ရင်း ဆည်းပူးသင်ယူနေဆဲပဲ။ မတိုးတက်ဘဲ ဘယ်နေမှာလဲ။ မနားမနေ ဖတ်နေ၊ ရေးနေတာ လေ့ကျင့်ခန်း မဟုတ်လား။ မသိတာတွေ သိလာတယ်လေ။ မရှိတာတွေ ရှိလာတယ်။ ငယ်စဉ်က အိပ်မက်က ပီသကြည်လင်လာတယ်။

**နီးလာပြီ**

စာရေးဆရာဖြစ်ခါနီးပေပြီ။ ဆောင်းပါးပေါင်းချုပ် စာအုပ်တွေ ၃၅ အုပ်တောင်ရှိခဲ့ပြီ။ သို့သော် စာပေမြတ်နိုးသူ၊ စာပေဝါသနာရှင်လို့ပင် မိမိကိုယ်ကို ထင်သေးတယ်။ ဂန္ထဝင်မှာ စံတင်လောက်တဲ့ ဝတ္ထုဖြစ်စေ၊ သုတေသနကျမ်း ဖြစ်စေ၊ ခိုင်ခိုင်မာမာ ခမ်းခမ်းနားနား စာအုပ်ကောင်းတွေ ရေးချင်သေးတယ်။ သာမန် ညောင်ည စာရေးဆရာမည်ကာမတ္တ မဖြစ်ချင်ဘူးလေ။ စာဖတ်ပရိသတ်ကို ကြီးကြီးမားမား မွန်မွန်မြတ်မြတ် ကျေးဇူးဆပ် အကျိုးပြုချင်တဲ့ တကယ့်စာရေးဆရာကြီးမျိုး ဖြစ်ချင်တာ။ အိပ်မက်၊ အိပ်မက်။ ဘာပြောပြော တရွေ့ရွေ့နဲ့တော့ နီးလာပါပြီ။

**ငယ်အိပ်မက်**

စစ်ဗိုလ်ဖြစ်ချင်ခဲ့တယ် ငယ်ငယ်က။

ဒုတိယဗိုလ်မှူးကြီးအထိ တပ်မတော်(ကြည်း)မှာ ၂၇ နှစ် စစ်မှုထမ်းခဲ့တယ်။ ကျေနပ်တယ်။

ကျောင်းဆရာ ဖြစ်ချင်ခဲ့တယ်၊ ငယ်စဉ်က။ စစ်ဦးစီးတက္ကသိုလ်မှာ ဦးစီးတာဝန်၊ စစ်နည်း ဗျူဟာခံစစ်၊ ကွန်မန်ဒိုစစ်ဆင်ရေး၊ ပျောက်ကြားစစ်ဆင်ရေးတွေ တာဝန်ခံပို့ချခဲ့ရတယ်။ အထူးအမှတ်ရစရာ မှတ်တိုင်က **"ကွပ်ကဲမှုနဲ့ ကြီးကြပ်ခြင်း"** စာတမ်းနဲ့ **"ဖွဲ့စည်းပုံရေးဆွဲနည်း"** စာတမ်းတို့ကို အင်္ဂလိပ်ဘာသာကျမ်း များစွာဖတ်ပြီး ရေးသားပြုစုခဲ့ရာ ကျောင်းမှာ ပြဋ္ဌာန်းချက်နဲ့ ကိုးကားစရာအဖြစ် ကျန်ရစ်ခဲ့ခြင်းပါ။ သုတေသနနဲ့ စာပေပို့ချခြင်းမှာ များစွာပျော်မွေ့ကြည်နူးခဲ့ရပါတယ်။ ဆရာဘဝပေ့ါကွယ်။

ဘဝတစ်ခုမှာ အိပ်မက်သုံးခုစလုံး အကောင်အထည်ပေါ်ဖို့ ဆိုတာတော့ ခဲယဉ်းတယ်ပေ့ါနော်။ သို့သော် ဦးဦးကတော့ တိုင်းကျိုးပြည်ပြု၊ လူသားအကျိုးပြု ကလောင်တစ်ချောင်းဖြစ်အောင် အဆက်မပြတ် ကြိုးစားအားထုတ်ပြီး နောက်ဆုံးပိတ် အိပ်မက်ကို လက်ဝယ်ပိုင်ဆိုင်ရအောင် ဖွဲနပဲနဲ့ ဆက်လက်ကြိုးစားဆဲကွယ့်။ အိပ်မက် အကောင်အထည်ပေါ်လာဖို့ဆိုတာ တစိုက်မတ်မတ် အဆက်မပြတ် အားထုတ်နေရတယ်။ အောင်မြင်မှာ သေချာတယ်ဆိုတဲ့ ယုံကြည်ချက် ခိုင်မြဲရတယ်။

*စာမျက်နှာ ၁၁ သို့*

# ရှမ်းပြည်နယ်အတွင်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

**နေပြည်တော် မေ ၂၂**
စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် မေ ၂၁ ရက်တွင် ဟိုပုံးမြို့နယ် နမ့်ခုတ်ကျေးရွာရှိ နည်းပညာပြန့်ပွားရေးစင်တာ(KC) ၌ ကော်ဖီစိုက်တောင်သူများအတွက် နည်းပညာပေးသင်တန်းတစ်ခု ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ ကော်ဖီစိုက်တောင်သူများ လက်ရှိကြုံတွေ့နေရသည့် ကော်ဖီပင်စည်ထိုးပိုး (Stem Borer) ရောဂါအန္တရာယ်ကာကွယ်နှိမ်နင်းနည်း၊ ကော်ဖီပင်ကိုင်းဖြတ် ပြုပြင်အတက်ဖွဲ့ခြင်း၊ ပိုမိုတိုးတက်သော စိုက်ပျိုးနည်းပညာများ ရရှိစေရေးအတွက် ပညာရှင်ဝန်ထမ်းများက ပို့ချဆွေးနွေးခဲ့ကြောင်း၊ သင်တန်းသို့ ဟိုပုံး၊ ပင်လောင်း၊ ရွာငံဒေသများမှ ကော်ဖီအစုအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီ သီးနှံဌာနခွဲမှ သိရသည်။

ဌာနအနေဖြင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများနှင့်အတူ ကော်ဖီစိုက်တောင်သူ ကိုယ်စားလှယ်များထံ မြန်မာဘာသာ၊ ရှမ်းနှင့် လားဟူဘာသာများဖြင့် ထုတ်ဝေသော ကော်ဖီလက်ကမ်းစာစောင်များ၊ ရေရှည်တည်တံ့သော ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လက်စွဲစာစောင်၊ မြန်မာ GAP Protocol နှင့် ကော်ဖီသီးနှံ မြန်မာ GAP Guideline စာစောင်များ၊ ကော်ဖီကိုင်းဖြတ်ပြုပြင်ရာတွင် အသုံးပြုသော ကိုင်းဖြတ်ခါး၊ ကိုင်းဖြတ်လွှ၊ ကိုင်းဖြတ်ကတ်ကြေးများ၊ အရည်အသွေးမြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရာတွင် အရေးပါသော ကော်ဖီအသီးမှည့် အချိုဓာတ်တိုင်းကိရိယာ (Refractometer) ၊ ကော်ဖီစေ့ အစိုဓာတ်တိုင်းကိရိယာ (Moisture Meter) များ ထောက်ပံ့ခြင်း၊ အားပေးကူညီခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သဖြင့် ရှမ်းပြည်နယ်အတွင်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုး တိုးတက်လာလျက်ရှိကြောင်း၊ ထိုကဲ့သို့ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေပြီး လူနေမှုအဆင့်အတန်းမြင့်မားရေးကို အထောက်အကူပြုလျက်ရှိကြောင်း ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောသည်။

မြန်မာနိုင်ငံ၌ ကော်ဖီစိုက်ဧက စုစုပေါင်း ငါးသောင်းကျော်ရှိပြီး ရှမ်းပြည်နယ်တွင် ဧကနှစ်သောင်း ခုနစ်ထောင်ကျော် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ ပြည်ပဈေးကွက်တွင် နာမည်ရလျက်ရှိသည့် မြန်မာ့ကော်ဖီကို တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ကော်ဖီအစုအဖွဲ့ဝင် တောင်သူများက ကြိုးပမ်းလျက်ရှိကြောင်း၊ နိုင်ငံခြားဝင်ငွေရရှိစေခြင်း၊ စက်မှုကုန်ကြမ်းသီးနှံ ထုတ်လုပ်မှုကဏ္ဍကို တိုးတက်လာစေခြင်း၊ ပြည်တွင်းကော်ဖီ သောက်သုံးမှုကို ဖြည့်တင်းပေးနိုင်သောကြောင့် သွင်းကုန်အစားထိုး သီးနှံဖြစ်သည့်အတွက် နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း လျှော့နည်းသက်သာစေမည်ဖြစ်ကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က COVID-19 ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၂၂**
ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား COVID–19 ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် (၁၀)မြို့နယ် အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၂၄ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးကုသရေးအဖွဲ့က ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား COVID–19 ရောဂါနှင့်ပတ်သက်၍ စစ်ဆေးခြင်းများကို ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ပြည်ပမှပြန်လည် ဝင်ရောက်လာသူ ၆၉၇၃ ဦးကို စစ်ဆေးပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ငါးဖမ်း / ငါးသယ်ရေယာဉ်များအား အသိပေးကြေညာခြင်း

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ( ၂၂-၅-၂၀၂၁ )ရက်နေ့ မြန်မာစံတော်ချိန် (၁၃:၀၀ )နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေပြီး အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ (၂၃-၅-၂၀၂၁)ရက်နေ့တွင် မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိပြီးနောက် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားကာ (၂၄-၅-၂၀၂၁) ရက်နေ့တွင် ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm)အဖြစ်သို့ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းရပါသည်။

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ၁၀ ပေခန့်အထိ ရှိနိုင်ကြောင်း ထုတ်ပြန်ကြေညာထားပါသဖြင့် ငါးဖမ်း/ငါးသယ်ရေယာဉ်များအနေဖြင့် မုန်တိုင်းအန္တရာယ်မှ သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

*❋ကျောဖုံးမှ*

အထောက်အထား တွေ့ရှိသူများကို ပြန်လည်စေလွှတ်ပေးရန် အကြိမ်ကြိမ်အကြောင်းကြား ညှိနှိုင်းခဲ့သော်လည်း ဆောင်ရွက်မှုမရှိသေးကြောင်း စိစစ်တွေ့ရှိရသည်။

သို့ရာတွင် တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေသော နေရပ်စွန့်ခွာသူများမှ အခက်အခဲအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်လိုသဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD/ CHRD) ကော်မတီသို့ ဆက်သွယ်၍ မိမိအစီအစဉ်ဖြင့် မိသားစုအလိုက် ပြန်လည်ဝင်ရောက်လာခဲ့ရာ ယနေ့အထိ စုစုပေါင်း အင်အား (၇၉၀) စိစစ်လက်ခံခဲ့ပြီး တာဝန်ရှိသူများက နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NVC) များ စိစစ်ထုတ်ပေးခဲ့သည်။

ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အောင်မြင်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်အရ နေရပ်စွန့်ခွာသူများသည် ၎င်းတို့ဆန္ဒအရ ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးနှင့် ၎င်းတို့၏ ရေရှည်ဘဝရပ်တည်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား တောင်ပြိုလက်ဝဲစခန်း၌ NV Card ထုတ်ပေးနိုင်ရေး ဆောင်ရွက်နေစဉ်။

*စာမျက်နှာ ၁၀ မှ*

**အကောင်းမြင်**

**“အမြဲတမ်း အကောင်းမြင်အတွေးများ ရှိပါစေ”** ဆိုတဲ့ ရယ်ဂျီနာ ဟီလ် Regina Hill ဆိုသူရဲ့ ကဗျာမှ အလွန်နှစ်သက်စရာကောင်းတဲ့ စာပိုဒ် လေးခုကို ဘာသာပြန် ကူးယူဖော်ပြရင်း နိဂုံးချုပ်ကြစို့။

May You Always Have Positive Thoughts

- ❋ May every day of your life bring your fresh hopes for tomorrow – because hope gives all of us our reason for trying.
- ❋ May each new day bring a feeling of excitement, joy, and a wonderfulsence of expectation. Expect the best, and you'll get it.
- ❋ May you remember the good times and forget the sorrow and pain, for the good times will remind you of how special you life has been.
- ❋ May you experience all the good things in life – the happiness of realizing you dream, the joy of feeling worthwhild, and the satisfaction of knowing on you'ver succeeded.

Regina Hill

- ❋ သင့်ဘဝရဲ့ နေ့စဉ်တိုင်းမှာ မနက်ဖြန်ရဲ့ မျှော်လင့်ချက်သစ်တွေ ဆောင်ကြဉ်းလာပါစေ။ ဘာကြောင့်ဆို မျှော်လင့်ချက်က ကျွန်ုပ်တို့ အားလုံးကို ကြိုးစားနေဖို့ အကြောင်းပြချက်ပေးလို့လေ။
- ❋ နေ့သစ်တိုင်းဟာ ရန်ခုန်ရတဲ့ ဝမ်းမြောက်ရွှင်မြူးခြင်းနဲ့ မျှော်လင့်ခြင်းရဲ့ အံ့ဩဖွယ်ရာ အနှစ်သာရတို့ကို ဆောင်ကြဉ်းလာပါစေ။ အကောင်းဆုံးကို မျှော်မှန်းရင် အကောင်းဆုံးကို ရလာတတ်တယ်။
- ❋ သာယာတဲ့ အချိန်လေးတွေကို သတိရပြီး ဝမ်းနည်းထိခိုက်ခဲ့ရတာတွေကို မေ့ပျောက်နိုင်ပါစေ။ ဘာကြောင့်လဲဆိုတော့ သာယာတဲ့ အချိန်တွေဟာ သင့်ဘဝမှာ ဘယ်လောက်ထူးခြားကောင်းမွန်ခဲ့တယ်ဆိုတာ သတိပေးနေလိမ့်မယ်လေ။
- ❋ **ဘဝမှာ အကောင်းဆုံးဆိုတဲ့ အရာအားလုံးကို သင်ဆုံတွေ့ပါစေ။ အိပ်မက်တွေအားလုံး အကောင်ထည်ဖော်နိုင်လို့ ခံစားရတဲ့ ပျော်ရွှင်မှု၊ လူဖြစ်ရကျိုးနပ်ပေတယ်လို့ ကြည်နူးမှု၊ အောင်မြင်လာခဲ့ပါကလားလို့ ခံစားရတဲ့ အားရမှုတွေ ပြည့်ဝပါစေ ...။**

**ချစ်စွာသော**
**ချစ်နိုင်(စိတ်ပညာ)**

ရောင်စုံအိပ်မက်များစာအုပ်
(အခြားစာရေးဆရာများနှင့်)
၂၀၀၂ခုနှစ်

# အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာသက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများ ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင် ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းများအနက် ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့ကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခံခဲ့ရသူများ ရှိသကဲ့သို့ ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ရာဇဝတ်မှုမြောက်သဖြင့် ဥပဒေကြောင်းအရ အရေးယူခံခဲ့ရသူများလည်း ရှိပါသည်။

၂။ အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများအနက်မှ အချို့သည် CDM လှုပ်ရှားမှုများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံတော်ပျက်စီးရာ ပျက်စီးကြောင်းကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့သူများ ရှိသကဲ့သို့ အချို့သောဝန်ထမ်းများမှာ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက်အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကို စိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကို စိုးရိမ်ပူပန်ခြင်း စသည့်အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြရသဖြင့် အရေးယူခံခဲ့ရသူများလည်း ရှိကြပါသည်။

၃။ CDM လှုပ်ရှားမှုတွင် ပါဝင်မှုကြောင့် အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းအချို့သည် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခဲ့မှု မရှိခဲ့သည့်အပြင် အထက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့်သာ ပါဝင်ခဲ့ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်း တင်ပြလာပါက အောက်ဖော်ပြပါအချက်များကို အခြေခံ၍ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုထားမှုများအား ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်ပါသည်-

(က) ယင်းဝန်ထမ်း၏ ယခင်တာဝန်ထမ်းဆောင်ခဲ့မှုအပေါ် ကျေနပ်ဖွယ်ရှိကြောင်းနှင့် ဆက်လက်တာဝန်ပေးအပ်ရန် သင့်တော်ကြောင်း သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှ ထောက်ခံခြင်း၊

(ခ) လူမှုကွန်ရက်များတွင် ရေးသားဖော်ပြ ဆောင်ရွက်ခဲ့မှုများသည် ပညာပေး၊ သတိပေးခြင်းဖြင့် ဆက်လက်ထိန်းသိမ်းနိုင်မည့် အခြေအနေရှိ၊ မရှိ၊ ကိုယ်တိုင် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်း ရှိ၊မရှိ တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တရားစွဲအဖွဲ့အစည်းများ၏ သဘောထား မှတ်ချက်၊ ထောက်ခံချက်၊

(ဂ) ကာယကံရှင်ဝန်ထမ်း၏ ကတိဝန်ခံချက်။

၄။ ဝန်ထမ်းများအပေါ် အရေးယူဆောင်ရွက်ထားမှုအား ပြန်လည်သုံးသပ်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

(က) နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရ ဌာနဆိုင်ရာ အရေးယူခံရသော ဝန်ထမ်းများသည် ၆ လအတွင်း အယူခံခွင့်ရှိသည်ဖြစ်ရာ ထပ်မံစိစစ်တွေ့ရှိချက်များအပေါ်မူတည်၍ နိုင်ငံတော် တည်ဆောက်ရေးတွင် ဆက်လက်အထောက်အကူဖြစ်စေနိုင်သဖြင့် ချမှတ်ထားသည့် ပြစ်ဒဏ်ကို လျှော့ပေါ့ပြောင်းလဲကာ နိုင်ငံ့ဝန်ထမ်းတာဝန် ပြန်လည်ထမ်းဆောင်ခွင့်ပြုခြင်း၊

(ခ) ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ရာဇဝတ်မှုမြောက်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က) သို့မဟုတ် ၅၀၅-က ဖြင့် တရားစွဲဆိုခံထားရသူများကို အမှုပြန်လည်ရုပ်သိမ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရသာ လျှော့ပေါ့သည့် ပြစ်ဒဏ်ပြောင်းလဲချမှတ်ကာ နိုင်ငံ့ဝန်ထမ်းတာဝန် ပြန်လည်ထမ်းဆောင်ခွင့်ပြုခြင်း။

၅။ သို့ပါ၍ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက် အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကိုစိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကို စိုးရိမ်ပူပန်ခြင်း စသည့်အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြရသဖြင့် အရေးယူခံခဲ့ရသည့် နိုင်ငံဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းအဖြစ် နိုင်ငံတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရေး စဉ်းစားသုံးသပ် ဆောင်ရွက်နိုင်ရန်အတွက် အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ကယားပြည်နယ်ရှိ ရဲတပ်ဖွဲ့စခန်းများကို လက်နက်ကိုင်သောင်းကျန်းသူများက လက်နက်ငယ်၊ လက်ပစ်ဗုံးများဖြင့် လာရောက်တိုက်ခိုက်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံး

**နေပြည်တော် မေ ၂၂**

ကယားပြည်နယ်ရှိ ရဲတပ်ဖွဲ့စခန်းများအား လက်နက်ကိုင် သောင်းကျန်းသူများက လက်နက်ငယ်၊ လက်ပစ်ဗုံးများဖြင့် လာရောက်တိုက်ခိုက်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ကျဆုံးခဲ့ကြောင်း သိရသည်။

ထိုသို့ တိုက်ခိုက်ခဲ့ရာတွင် မေ ၂၁ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ဒီးမော့ဆိုမြို့ရှိ မြို့မရဲစခန်းကို လက်နက်ကိုင်သောင်းကျန်းသူ အင်အား ၂၀ ခန့်က ရဲစခန်းအရှေ့ဘက် ကိုက် ၁၀၀ ခန့်အကွာရှိ ထေရဝါဒတောင်တန်းသာသနာပြု ဘုန်းကြီးကျောင်း အတွင်းမှနေ၍ လက်နက်ငယ်၊ လက်ပစ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ထိတွေ့မှုဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ထို့အတူ ညနေ ၃ နာရီခွဲတွင် ဘော်လခဲမြို့နယ်ရှိ နန်းဖဲရဲကင်းစခန်းကို လက်နက်ကိုင် သောင်းကျန်းသူ အင်အား ၃၀ ခန့်က ရဲကင်းစခန်း၏ အရှေ့ဘက်နှင့် တောင်ဘက်တို့မှ လက်နက်ငယ်များဖြင့် လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ညနေ ၄ နာရီခန့်တွင် သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ထိတွေ့မှုဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များတွင် လုံခြုံရေးရဲစခန်းများအား အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်သောင်းကျန်းသူများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ် -၁၉ အမှန်တကယ် သေဆုံးမှုနှုန်းမှာ သုံးဆမြင့်မားနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးပြော

ဂျီနီဗာ မေ ၂၂

**တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ် –၁၉ကြောင့် အမှန်တကယ်သေဆုံးမှုနှုန်းမှာ တရားဝင်ပြသထားသည့်အရေအတွက်ထက် နှစ်ဆ သို့မဟုတ် သုံးဆအထိ မြင့်မားနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မေ ၂၁ ရက်တွင် ပြောကြားခဲ့သည်။ တိုင်းပြည်အများစုမှာ သေဆုံးမှုအရေအတွက်ကို ဖော်ပြရန် နှင့်ခန့်မှန်းမှုများပြုလုပ်ရန် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည့်အတွက်ကြောင့်လည်း ဖြစ်သည်။**



အီရန်နိုင်ငံ တီဟီရန်မြို့၌ ကိုဗစ် –၁၉ လူနာအား ကုသပေးနေစဉ်။

ကိုဗစ် –၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှ စတင်ကာ လူပေါင်း ၁၅၃ သန်းကူးစက်ခံရပြီး ယခုနှစ်မေ ၁ ရက်အထိ သေဆုံးသူ ၃ ဒသမ၂ သန်းရှိသည်။ ယင်းအရေအတွက်ထက်လည်း များကောင်းများနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နှစ်စဉ်အစီရင်ခံလေ့ရှိသည့် ၂၀၂၁ ခုနှစ် ကမ္ဘာ့ကျန်းမာရေးဆိုင်ရာ စာရင်းအင်း အချက်အလက်တွင် တင်ပြသည့် ကမ္ဘာ့ကျန်းမာရေးဆိုင်ရာအကဲဖြတ်မှုတွင် ဖော်ပြထားသည်။

ကိုဗစ် – ၁၉ နှင့် ဆက်စပ်ပြီး တစ်ကမ္ဘာလုံးအနှံ့ သေဆုံးမှုမှာ ၂၀၂၀ ပြည့်နှစ်တွင် ၁ ဒသမ ၈ သန်းရှိသည်ဟု ဖော်ပြထားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကမူ သေဆုံးသူ အရေအတွက်မှာ သုံးသန်းထက်မနည်း ရှိသည်ဟု ခန့်မှန်းထားသည်။ ကိုဗစ်– ၁၉ ကြောင့် သေဆုံးမှု ထက်ဝက်နီးပါးမှာ အမေရိကနှင့် ဥရောပတို့မှဖြစ်ပြီး အဆိုပါ ဒေသနှစ်ခုမှာ ကူးစက်မှုအများဆုံးနေရာများလည်းဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယနှင့် ဘရာဇီးနိုင်ငံတို့သည် ကူးစက်မှု အများဆုံးနိုင်ငံများဖြစ်ကြသည်။

ဆင်ဟွာ

# ပြင်သစ်သမ္မတမက်ခရွန် တိုကျိုအိုလံပစ်ပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်မည်

ပါရီ မေ ၂၂

ဇူလိုင်လ ၂၃ ရက်တွင် ကျင်းပမည့် တိုကျိုအိုလံပစ်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန် တက်ရောက်မည်ဟု ပြင်သစ်အားကစားဝန်ကြီးကပြောသည်။ ၂၀၂၄ ခုနှစ်တွင် အိုလံပစ်အားကစား ပြိုင်ပွဲကို ပါရီမြို့တွင် ကျင်းပမည်ဟု သိရသည်။ ပြင်သစ်အားကစားဝန်ကြီး ရိုဆီနာမက်ရက်စီနာနျူက မေ ၂၁ ရက်တွင် ရေဒီယိုအစီအစဉ်မှတစ်ဆင့် ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။




ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်။

ဂျပန်နိုင်ငံ၌လက်ရှိ ကိုဗစ်–၁၉ ကူးစက်မှုများ များပြားနေသည့်တွက် ပွဲကျင်းပရန် ဖြစ်နိုင်ပါ့မလားဟု ၎င်းကိုမေးမြန်းရာတွင် ဂျပန်ဝန်ကြီးချုပ်နှင့် ပွဲတော်ကျင်းပရေး ကော်မတီတို့သည် ဘေးအန္တရာယ် ဖြစ်နိုင်ခြေရှိမှုကို အနိမ့်ဆုံးဖြစ်အောင် ကြိုးပမ်းလျက်ရှိသည်ဟု ဖြေကြားခဲ့သည်။ ပြင်သစ်နိုင်ငံ အနေဖြင့်လည်း သွားရောက် ယှဉ်ပြိုင်မည့် အားကစားသမားများကို ကြိုတင်ကာကွယ်မှု အစီအပိုင်း အနေဖြင့် ကာကွယ်ဆေးထိုးနှံမှုများ လုပ်ဆောင်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အင်န်အိတ်ချ်ကေ

# အာဂျင်တီးနား၌ ကိုဗစ် -၁၉ ကြောင့်သေဆုံးသူ ၇၃၀၀၀ ကျော်ဖြစ်လာ

ဗျူနိုအေရိစ် မေ ၂၂

အာဂျင်တီးနားနိုင်ငံ၌ မေ၂၁ ရက်က ကိုဗစ် –၁၉ ကြောင့်သေဆုံးသူ ၆၉၅ ဦး ထပ်တိုးလာသည့်အတွက် သေဆုံးသူ စုစုပေါင်း ၇၃၃၉၁ ဦးရှိလာသည်ဟု သိရသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ မေ ၂၁ ရက်တွင် ကိုဗစ် –၁၉ကူးစက်ခံရသူ ၃၅၄၆၈ ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု သိရသည်။

၂၀၂၀ ပြည့်နှစ် မတ် ၃ ရက် ကပ်ရောဂါ စတင်ဖြစ်ပွားသည့် အချိန်မှစတင်၍ ကိုဗစ် –၁၉ ကူးစက်ခံရသူပေါင်း ၃၄၈၂၅၁၂ ဦးရှိပြီ ဖြစ်သည်။ တောင်အမေရိက တိုင်းပြည်တစ်ခုဖြစ်သည့် အာဂျင်တီးနားနိုင်ငံတွင် ဒီဇင်ဘာ ၂၉ ရက်မှ စတင်ကာ ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးမှု ပြုလုပ်ခဲ့ပြီး လူပေါင်း ၁၀၉၀၅၀၆၈ ဦးကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ပြီး ဖြစ်သည်။

အာဂျင်တီးနားနိုင်ငံတွင် ကိုးရက်ကြာ အသွားအလာပိတ်ဆို့မှု အစီအစဉ်ကို မေ ၂၂ ရက်တွင် စတင်ပြီ ဖြစ်သည် ။ အာဂျင်တီးနားနိုင်ငံသည် ကပ်ရောဂါအဆိုးရွားဆုံးနှင့် ရင်ဆိုင်နေရပြီး ကူးစက်မှုများကြောင့် ကျန်းမာရေးစနစ်ကို ဝန်ပိစေသည့်အတွက် ပြည်သူများတတ်နိုင်သမျှ နေအိမ်၌သာနေကြရန် အာဂျင်တီးနီးသမ္မတ အယ်ဘာက်ဒိုဖာနန်ဒက်က တိုက်တွန်းထားသည်။


ဆင်ဟွာ

# ကလေးများအတွက် ကိုဗစ် -၁၉ စမ်းသပ်မှု အချက်အလက်ကို မော်ဒါနာကုမ္ပဏီမှ တင်ပြရန်ရှိ

တိုကျို မေ ၂၂

အမေရိကန် ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီကြီးဖြစ်သည့် မော်ဒါနာသည်ကိုဗစ်–၁၉ ကာကွယ်ဆေးကို ကလေးများတွင် သုံးစွဲနိုင်ရေး အတွက် လက်တွေ့စမ်းသပ်မှု အချက်အလက်များကို ဂျပန်ကျန်းမာရေးဝန်ကြီးဌာနထံ လာမည့်လအတွင်း တင်ပြသွားရန် စီစဉ်ထားသည်ဟု သိရသည်။

အဆိုပါ လက်တွေ့စမ်းသပ်မှုမှာ အသက် ၁၂ နှစ်မှ ၁၇နှစ်များကို ရည်ရွယ်ကာ နိုင်ငံရပ်ခြားတွင် စမ်းသပ်မှု ပြုလုပ်ခြင်းဖြစ်သည်။ မော်ဒါနာကုမ္ပဏီမှ စီအီးအို စတက်ဖင်ဘန်ဆယ်က လက်တွေ့စမ်းသပ်မှု အစီအစဉ်တင်ပြရန်ရှိသည်ကို မေ ၂၁ ရက်က ပြုလုပ်သည့် အင်န်အိတ်ချ်ကေနှင့် အင်တာဗျူးတွင် ဖြေကြားခဲ့သည်။




မော်ဒါနာ ကိုဗစ် –၁၉ ကာကွယ်ဆေးများ။

ယင်းနေ့မတိုင်မီ အစောပိုင်းကလည်း ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၈နှစ်နှင့် အထက်များတွင် မော်ဒါနာ ကိုဗစ်–၁၉ ကာကွယ်ဆေး အသုံးပြုရန်ထောက်ခံပေးခဲ့သည်။

ဂျပန်နိုင်ငံရှိ မျိုးဆက်သစ်လူငယ်များကို ကာကွယ်ရန်လိုအပ်သည်ဟုလည်း ဘန်ဆယ်က ပြောကြားခဲ့သည်။ မော်ဒါနာကာကွယ်ဆေးသည် ဂျပန်နိုင်ငံမှ ပြည်သူများ မကြာမီ ပုံမှန်နေထိုင်မှုဘဝ ပြန်လည်ရောက်ရှိရေး အကူအညီပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ မော်ဒါနာကုမ္ပဏီသည် လာမည့်နှစ်အတွင်း ဂျပန်နိုင်ငံသို့ ကိုဗစ်–၁၉ ကာကွယ်ဆေး သန်း ၅၀ ပေးပို့နိုင်ရေး ဂျပန်အစိုးရနှင့် ဆွေးနွေးမှု ပြုလုပ်နေသည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ

# ဂျပန်နိုင်ငံ၌ ကိုဗစ် -၁၉ ကာလ အရေးပေါ်အခြေအနေ ထပ်တိုးရန်အတွက် အစိုးရကတွက်ဆလျက်ရှိ

တိုကျို မေ၂၂

ဂျပန်နိုင်ငံ၌ ကိုဗစ် –၁၉ကာလ အရေးပေါ်အခြေအနေထုတ်ပြန်ထားမှုမှာ မေ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး အရေးပေါ်အခြေအနေကာလကို ထပ်တိုးရန်အတွက် ဂျပန်အစိုးရ တွက်ဆလျက်ရှိသည်ဟု သိရသည်။

လက်ရှိတွင် ခရိုင်ကိုးခုတွင် အရေးပေါ် အခြေအနေထုတ်ပြန်ထားပြီး ၎င်းတို့ထဲတွင် တိုကျိုနှင့် အိုဆာကာတို့လည်း ပါဝင်သည်။ လာမည့်သီတင်းပတ်အတွင်း ကိုဗစ် –၁၉ ကူးစက်မှု အခြေအနေများကို အစိုးရမှ လေ့လာမှုများ ပြုလုပ်မည်ဟု ဝန်ကြီးချုပ်ဆူဂါ ယိုရှီဟိဒဲက ပြောသည်။

ထို့နောက် လကုန်ပိုင်းလောက်တွင် နောက်ထပ်အချိန် ထပ်တိုး မတိုးကို ဆုံးဖြတ်သွားမည်ဟု ပြောသည်။ ကိုဗစ် –၁၉ ကူးစက်ပျံ့နှံ့မှုများကို ရပ်တန့်ရန်အတွက်လုပ်ဆောင်ရန် အရေးကြီးကြောင်းကိုလည်း ၎င်းက ပြောကြားသည်။

အိုကီနာဝါ ခရိုင်တွင်မူ မေ ၂၃ ရက်မှ စတင်ကာ ဇွန် ၂၀ ရက် မတိုင်မီအထိ ကိုဗစ်–၁၉ အရေး ပေါ် အခြေအနေကာလကို တိုးချဲ့ မည်ဟု သိရသည်။ ခရိုင်ကိုးခုတွင် ကိုဗစ် –၁၉ အရေးပေါ် အခြေအနေ ကြေညာထားမှုကို ဇွန်၂၀ ရက်အထိ တိုးသင့်သည်ဟု အစိုးရအတွင်း အကြံပြုမှုများလည်း ရှိသည်။

အင်န်အိတ်ချ်ကေ

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



❍ *ကျော့ဖုံးမှ*

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၂-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၅၅) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၈၉)ခု | (၉) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၅၁)ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၉) ခု | (၁) ဦး |
| စုစုပေါင်း | (၁,၂၃၄)ခု | (၁၇)ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ် ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၂၂-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၈၆၂၃၉၈ | ၂၇၃၉၈၄၂၉ | ၆၀၃၄၀၈ |
| ၂။ | အိန္ဒိယ | ၂၆၂၈၉၂၉၀ | ၂၃၀၇၀၃၆၅ | ၂၉၅၅၂၅ |
| ၃။ | ဘရာဇီး | ၁၅၉၇၆၁၅၆ | ၁၄၄၂၂၂၀၉ | ၄၄၆၅၂၇ |
| ၄။ | ပြင်သစ် | ၅၅၈၁၃၅၁ | ၅၁၈၆၅၉၁ | ၁၀၈၄၃၇ |
| ၅။ | တူရကီ | ၅၁၆၉၉၅၁ | ၄၉၉၈၆၃၉ | ၄၅၈၄၀ |
| ၆။ | ရုရှား | ၄၉၉၂၅၅၄ | ၄၆၁၀၄၆၅ | ၁၁၈၁၂၅ |
| ၇။ | ဗြိတိန် | ၄၄၅၇၉၂၃ | ၄၂၉၇၈၇၈ | ၁၂၇၇၁၀ |
| ၈။ | အီတလီ | ၄၁၈၃၄၇၆ | ၃၇၆၆၆၆၀ | ၁၂၅၀၂၈ |
| ၉။ | ဂျာမနီ | ၃၆၄၆၆၀၀ | ၃၃၈၇၈၀၀ | ၈၇၈၅၂ |
| ၁၀။ | စပိန် | ၃၆၃၆၄၅၃ | ၃၃၅၆၂၇၂ | ၇၉၆၂၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၂ - ၅ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၆၉၉၄၀ | ၁၆၂၉၄၉၅ | ၄၉၂၀၅ |
| ဖိလစ်ပိုင် | ၁၁၇၈၂၁၇ | ၁၁၀၃၉၄၅ | ၁၉၉၄၆ |
| မလေးရှား | ၅၀၅၁၁၅ | ၄၄၉၂၃၄ | ၂၁၉၉ |
| မြန်မာ | ၁၄၃၂၂၈ | ၁၃၂၁၇၇ | ၃၂၁၆ |
| ထိုင်း | ၁၂၆၁၁၈ | ၈၂၄၀၄ | ၇၅၉ |
| စင်ကာပူ | ၆၁၇၉၉ | ၆၁၂၄၂ | ၃၂ |
| ကမ္ဘောဒီးယား | ၂၄၆၄၅ | ၁၇၁၆၄ | ၁၆၇ |
| ဗီယက်နမ် | ၅၀၈၆ | ၂၇၂၁ | ၄၁ |
| လာအို | ၁၇၈၂ | ၁၀၂၅ | ၂ |
| ဘရူနိုင်း | ၂၃၅ | ၂၂၂ | ၃ |

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ၊
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ကိုဗစ်–၁၉ ရောဂါ၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို စနစ်တကျတပ်ဆင်၍ ကာကွယ်ပါ

✓ ကိုဗစ်–၁၉ ရောဂါကို–

(၁) မိမိကိုယ်တိုင် ကူးစက်မခံရစေရန်၊

(၂) မိသားစုကို မကူးစက်စေရန်၊

(၃) မိမိပတ်ဝန်းကျင်ရှိအခြားသူများထံ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရန် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်၍ ကာကွယ်ရပါမည်။

✓ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျ တပ်ဆင်ခြင်းသည် အလွန် ထိရောက်သော ကိုဗစ်–၁၉ရောဂါ ကာကွယ်ရေးနည်းလမ်းဖြစ်၍ ရောဂါဖြစ် ပွားမှုကွင်းဆက်ကို ထိရောက်စွာဖြတ်တောက်နိုင်ပါသည်။



မေ၊ ၂၀၂၁

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ရှမ်းပြည်နယ်၊ ကုန်းကြမ်းမြို့နယ်၊ ကျေးသီးမြို့နယ်၊ သီပေါမြို့နယ်၊ ပင်းတယမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ မိုင်းဆတ်မြို့နယ်နှင့် မိုင်းယန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်မြေပြင်အခြေအနေများကို စစ်ဆေး

**၂၀၂၁ ခုနှစ်၊ မေလ ၂၂ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်၊ ကုန်းကြမ်းမြို့နယ်၊ ကျေးသီးမြို့နယ်၊ သီပေါမြို့နယ်၊ ပင်းတယမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ မိုင်းဆတ်မြို့နယ်နှင့် မိုင်းယန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၄၁၆၄၇၂ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၄၈၁၂၄ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၉၈၇၉၉ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၈၀၅ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၀၇၆၆ ဦးဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝကစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ်နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | ကုန်းကြမ်းမြို့နယ် | ၂၁ | ၂၇၆၀၂ | ၂၃၁၅၅ | ၁၀၇၁၅ | ၉ | ၅၅၆ |
| ၂ | ကျေးသီးမြို့နယ် | ၆၀ | ၅၈၅၉၉ | ၃၅၂၆၄ | ၂၀၀၈၃ | ၁၇၈ | ၃၃၅၂ |
| ၃ | သီပေါမြို့နယ် | ၁၁၁ | ၁၃၆၀၂၁ | ၁၀၃၉၈၄ | ၄၂၀၂၁ | ၅၀၀ | ၉၃၄၈ |
| ၄ | ပင်းတယမြို့နယ် | ၇၈ | ၆၁၁၈၇ | ၅၂၄၆၈ | ၅၆၄၄ | ၄၂၄ | ၆၀၀၄ |
| ၅ | ဖယ်ခုံမြို့နယ် | ၁၁၀ | ၆၆၇၇၃ | ၆၀၀၀၄ | ၂၄၈၅ | ၄၁၀ | ၇၀၇၈ |
| ၆ | မိုင်းဆတ်မြို့နယ် | ၅၈ | ၅၉၇၀၃ | ၄၄၃၄၀ | ၁၇၇၃၄ | ၂၈၁ | ၄၂၁၈ |
| ၇ | မိုင်းယန်းမြို့နယ် | ၂၀ | ၆၅၈၇ | ၂၈၉၀၉ | ၁၁၇ | ၃ | ၂၁၀ |
| | **စုစုပေါင်း** | **၄၅၈** | **၄၁၆၄၇၂** | **၃၄၈၁၂၄** | **၉၈၇၉၉** | **၁၈၀၅** | **၃၀၇၆၆** |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရှမ်းပြည်နယ်၊ ကုန်းကြမ်းမြို့နယ်၊ ကျေးသီးမြို့နယ်၊ သီပေါမြို့နယ်၊ ပင်းတယမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ မိုင်းဆတ်မြို့နယ်နှင့် မိုင်းယန်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန်အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။



ကုန်းကြမ်းမြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၄၅၈ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၇၇၇၈၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၈၂၉၂၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၉၄၈၅၂၊ မြေပြင်လက်ကျန် ၁၉၀၄၀၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၇၀၇၈ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၂၆၃၃ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကုန်းကြမ်းမြို့နယ် | ၂၁ | ၂၉၀၅၀ | ၁၀၅၉၁ | ၁၈၄၅၉ | ၁၈၃၈၅ | ၇၄ | |
| ၂ | ကျေးသီးမြို့နယ် | ၆၀ | ၆၉၂၃၅ | ၂၈၉၀၂ | ၄၀၃၃၃ | ၃၉၄၆၃ | ၂၂၁၂ | ၁၃၄၂ |
| ၃ | သီပေါမြို့နယ် | ၁၁၁ | ၁၅၄၈၅၃ | ၈၈၀၅၁ | ၆၆၈၀၂ | ၆၆၂၂၃ | ၉၄၁ | ၃၆၂ |
| ၄ | ပင်းတယမြို့နယ် | ၇၈ | ၆၉၀၀၇ | ၅၆၆၀၃ | ၁၂၄၀၄ | ၁၁၄၃၀ | ၁၄၇၆ | ၅၀၂ |
| ၅ | ဖယ်ခုံမြို့နယ် | ၁၁၀ | ၇၇၉၅၉ | ၅၆၀၄၈ | ၂၁၉၁၁ | ၂၁၅၁၇ | ၄၆၈ | ၇၄ |
| ၆ | မိုင်းဆတ်မြို့နယ် | ၅၈ | ၆၈၁၆၉ | ၃၇၅၄၁ | ၃၀၆၂၈ | ၂၉၂၉၀ | ၁၆၉၁ | ၃၅၃ |
| ၇ | မိုင်းယန်းမြို့နယ် | ၂၀ | ၉၅၀၇ | ၅၁၉၂ | ၄၃၁၅ | ၄၀၉၉ | ၂၁၆ | |
| | **စုစုပေါင်း** | **၄၅၈** | **၄၇၇၇၈၀** | **၂၈၂၉၂၈** | **၁၉၄၈၅၂** | **၁၉၀၄၀၇** | **၇၀၇၈** | **၂၆၃၃** |

၆။ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က)အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၆၈၃၄၈ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၉၈၇၉၉ ဦးရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ **"အခန်း(၆) မဲစာရင်း ပြုစုခြင်း"ပါ ပုဒ်မ ၁၅ (ဂ) တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ"**ဟု ပြဋ္ဌာန်းထားသော်လည်း ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၈၀၅ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၃၀၇၆၆ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ **စာမျက်နှာ ၁၆ သို့ »»»**

❖ **သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ "အခန်း(၆) မဲစာရင်းပြုစုခြင်း"ပါ ပုဒ်မ ၁၅ (ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ"ဟု ပြဋ္ဌာန်းထားသော်လည်း ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၁၈၀၅ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၃၀၇၆၆ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရ**



သီပေါမြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

»»» **စာမျက်နှာ ၁၅ မှ**

၈။ ကျေးသီးမြို့နယ်၊ ခေါက်စန့်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)တွင် ထပ်တိုးမဲဆန္ဒရှင် ၃ ဦးအား နောက်ဆက်တွဲ မဲစာရင်းပြုစုခြင်း ညွှန်ကြားချက်များနှင့်အညီ ပြုစုခြင်းမရှိဘဲ မဲဆန္ဒရှင်စာရင်းပုံစံ(၁) စာအုပ်တွင် လက်ရေးဖြင့်ရေးသွင်း၍ဆန္ဒမဲပေးခွင့်ပြုထားကြောင်း စစ်ဆေးတွေ့ရှိရသည်။ **[လက်ရေးဖြင့် ရေးသွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၁ စောင် ပူးတွဲဖော်ပြထားပါသည်။]**

၉။ ကျေးသီးမြို့နယ်၊ တူယားကျေးရွာအုပ်စု မဲရုံအမှတ်(၁)၏ မဲဆန္ဒရှင်စာရင်းပုံစံ(၁)စာအုပ်တွင် ဆန္ဒမဲပေးထားသူ ၄၀၉ ဦးအနက် ၂ ဦးသာ လက်မှတ်ရေးထိုးထားပြီး ကျန် ၄၀၇ ဦးသည် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မလက်ဗွေ နှိပ်ခြင်းမပြုလုပ်ဘဲ အမှန်ခြစ်ဖြင့်သာ မှတ်သား၍ ဆန္ဒမဲလက်မှတ်ထုတ်ယူ ဆန္ဒမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ **[အမှန်ခြစ်ဖြင့် မှတ်သား၍ ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်း ပုံစံ(၁) ၂ စောင် ပူးတွဲဖော်ပြထားပါသည်။]**

၁၀။ မိုင်းဆတ်မြို့နယ်၊ မိုင်းယွန်း(တာကူး)ကျေးရွာအုပ်စု မဲရုံအမှတ်(၁) မဲရုံမှူးသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဇ)နှင့်အညီ ဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း ၃၀၀ စောင်နှင့် လက်ကျန်ဆန္ဒမဲလက်မှတ် ၃၀၃ စောင်တို့ကို ၆-၅-၂၀၂၁ ရက်နေ့မှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြားလာရောက်အပ်နှံခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၁၁။ ရှမ်းပြည်နယ်၊ ကုန်းကြမ်းမြို့နယ်၊ ကျေးသီးမြို့နယ်၊ သီပေါမြို့နယ်၊ ပင်းတယမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ မိုင်းဆတ်မြို့နယ်နှင့် မိုင်းယန်းမြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၂၈၃၅၈၅ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၂၈၂၉၂၈ စောင်ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၆၅၇ စောင် လျော့နည်းအသုံးပြုထားခြင်း၊

(ခ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၇၀၇၈ စောင် ပျောက်ဆုံးနေခြင်း၊

(ဂ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၂၆၃၃ စောင် တွေ့ရှိရခြင်း၊

(ဃ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဇ)ကို လိုက်နာခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း/ လက်ကျန်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲကျင်းပပြီးစီးသည့် နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြားလာရောက်အပ်နှံခြင်း၊

(င) မဲစာရင်းပုံစံ(၁)စာအုပ်များတွင် သက်ဆိုင်ရာ မဲဆန္ဒရှင်၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ ရေးထိုးရိုက်နှိပ်ထားခြင်းမပြုဘဲ ဆန္ဒမဲလက်မှတ်ထုတ်ပေး၍ မဲပေးခွင့်ပြုထားပြီး အမှန်ခြစ်အမှတ်အသားများဖြင့်သာ မှတ်သားထားရှိခြင်း၊

(စ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း၊

(ဆ) ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့အနေဖြင့် ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန် ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

(ဇ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ် မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

(ဈ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ည) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့်ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၁၂။ ရှမ်းပြည်နယ်၊ ကုန်းကြမ်းမြို့နယ်၊ ကျေးသီးမြို့နယ်၊ သီပေါမြို့နယ်၊ ပင်းတယမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ မိုင်းဆတ်မြို့နယ်နှင့် မိုင်းယန်းမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## လက်ရေးဖြင့် ရေးသွင်း၍ ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ(၁) ၁ စောင်

ပုံစံ (၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း

၂၀၂၀ ခုနှစ်၊ .....................လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း

[နည်းဥပဒေ ၄(က)]

.................. တိုင်းဒေသကြီး သို့မဟုတ် ရှမ်းပြည်နယ် လွှတ်တော်မဲဆန္ဒနယ်အမှတ်( ၂ ) ယ်အမည် - ကျေးသီးမြို့နယ်

မဲဆန္ဒရှင်ပေါင်း (၂၂၉၅) ဦး - ကျား (၁၀၉၁) ဦး - မ (၁၂၀၄) ဦး

ခေါက်စန့် ကျေးရွာအုပ်စု၊ မဲရုံအမှတ်(၁)၊ မဲရုံတည်နေရာ - အ.လ.က(ခွဲ)၊ ပန်ပိုး

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၂၂၉၂ | ဒေါ်ဖူးမြတ်သွယ် | မ | ၁၄-၅-၁၉၉၈ | ၁၃/ညရန(နိုင်)၁၂၉၆၀၇ | ဦးစိုးမိုးအောင် | ဒေါ်လှဝင်းမြင့် | မရ-၀၁၊ လှိုင်မြတ်ကျေးရွာ၊ ၆၆ | [signature] |
| ၂၂၉၃ | ဒေါ်ခင်လှိုင်းနွယ် | မ | ၂၄-၅-၁၉၉၁ | ၁၃/ပတယ(နိုင်)၀၅၅၇၁၀ | ဦးကြည်ဝင်း | ဒေါ်ဝင်းကြည် | မရ-၀၁၊ လှိုင်မြတ်ကျေးရွာ၊ ၆၆ | [signature] |
| ၂၂၉၄ | ဒေါ်နန်းသီတာသိန်း | မ | ၂၆-၇-၁၉၉၆ | ၁၃/တကန(နိုင်)၂၈၈၉၂၂ | ဦးအောင်ငွေ | ဒေါ်နန်းရွှေလတ် | မရ-၀၁၊ လှိုင်မြတ်ကျေးရွာ၊ ၆၆ | |
| ၂၂၉၅ | ဦးကျော်မျိုးနိုင် | ကျား | ၀၄/၀၇/၁၉၉၅ | ၅/ဝသန(နိုင်)၀၆၃၄၀၇ | ဦးဖိုးသောင် | ဒေါ်မယ်ရွှေ | မရ-၀၁၊ လှိုင်မြတ်ကျေးရွာ၊ ၆၆ | [signature] |
| ၂၂၉၆ | [illegible] | မ | [illegible] | ၁၃/[illegible] | [illegible] | | [illegible] | [thumbprint] |
| ၂၂၉၇ | [illegible] | ကျား | ၁၀.၁၀.[illegible] | ၁၃/[illegible] | [illegible] | | [illegible] | [thumbprint] |
| ၂၂၉၈ | [illegible] | မ | [illegible] | ၁၃/[illegible] | [illegible] | | [illegible] | [thumbprint] |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

ဥက္ကဋ္ဌ
ခေါက်စန့်ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

အတွင်းရေးမှူး
ခေါက်စန့်ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
ကျေးရွာအုပ်ချုပ်ရေးမှူး

ကျေးသီးမြို့နယ်၊ ခေါက်စန့် ကျေးရွာအုပ်စု မဲရုံအမှတ် (၁)တွင် ထပ်တိုးမဲဆန္ဒရှင် ၃ ဦးအား နောက်ဆက်တွဲ မဲစာရင်းပြုစုခြင်း ညွှန်ကြား ချက်များနှင့်အညီ ပြုစုခြင်း မရှိဘဲ မဲဆန္ဒရှင်စာရင်း ပုံစံ (၁) စာအုပ်တွင် လက်ရေး ဖြင့် ရေးသွင်း၍ ဆန္ဒမဲပေး ခွင့်ပြုထားကြောင်း စစ်ဆေး တွေ့ရှိရ

- ❖ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့အနေဖြင့် ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန်ပျက်ကွက်သဖြင့် လျှော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရ
- ❖ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့
- ❖ COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်းတို့ တွေ့ရှိရ

## အမှန်ခြစ်ဖြင့် မှတ်သားး၍ ဆန္ဒမဲ ပေးခွင့်ပြုထားသည့် မဲစာရင်း ပုံစံ(၁) ၂ စောင်

ပုံစံ (၁)

[illegible]

၂၀၂၀ ခုနှစ် [illegible] မဲဆန္ဒရှင်စာရင်း

[နည်းဥပဒေ ၄(က)]

.................... တိုင်းဒေသကြီး သို့မဟုတ် ရှမ်း ပြည်နယ် [illegible] လွှတ်တော်မဲဆန္ဒနယ်အမှတ်( ၂ ) မြို့နယ်အမည် - ကျေးသီးမြို့နယ်

မဲဆန္ဒရှင်ပေါင်း (၁၀၂၅) ဦး - ကျား (၄၄၉) ဦး - မ (၅၇၆) ဦး တူယား ကျေးရွာအုပ်စု ၊ မဲရုံအမှတ်(၁) ၊ မဲရုံတည်နေရာ - အ.မ.က(တူယား)

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | [illegible] | [illegible] | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၂၂၁ | ဦးအိုက်စံအောင် | ကျား | ၁၀.၃.၁၉၉၃ | ၁၃/ကသန(နိုင်)၀၅၉[illegible] | [illegible] | [illegible] | မရ-၀၁၊ ပါတက်ကျေးရွာ၊ ၉/၃ | |
| ၂၂၂ | ဦးပေါ်အောင် | ကျား | ၁.၆.၁၉၅၅ | 0 | [illegible] | [illegible] | မရ-၀၁၊ ပါတက်ကျေးရွာ၊ ၁၀/၁ | ✓ |
| ၂၂၃ | ဒေါ်မယ်အောင် | မ | ၅.၉.၁၉၆၀ | 0 | [illegible] | [illegible] | မရ-၀၁၊ ပါတက်ကျေးရွာ၊ ၁၀/၁ | ✓ |
| ၂၂၄ | ဒေါ်မေကိမ်း | မ | ၅.၇.၂၀၀၀ | 0 | [illegible] | [illegible] | မရ-၀၁၊ ပါတက်ကျေးရွာ၊ ၁၀/၁ | |
| ၂၂၅ | ဦးပေါ်ထွမ်း | ကျား | ၉.၁၀.၁၉၇၁ | ၁၃/မနတ(နိုင်)၀၀၀၆၅၂ | [illegible] | [illegible] | မရ-၀၁၊ ပါတက်ကျေးရွာ၊ ၁၀/၂ | ✓ |
| ၂၂၆ | ဒေါ်မေထမ်းမ | မ | ၁၉.၅.၁၉၇၇ | ၁၃/ကလဒ(နိုင်)၀၀၀၂၄၃ | [illegible] | [illegible] | မရ-၀၁၊ ပါတက်ကျေးရွာ၊ ၁၀/၂ | ✓ |
| ၂၂၇ | ဦးပေါ်ကျန်တ | ကျား | ၁၀.၃.၁၉၆၅ | ၁၃/ကသန(နိုင်)၀၅၉၇၇၈ | [illegible] | [illegible] | မရ-၀၁၊ ပါတက်ကျေးရွာ၊ ၁၁/၁ | ✓ |
| ၂၂၈ | ဒေါ်မယ်ကျန်တ | မ | ၅.၄.၁၉၆၈ | 0 | [illegible] | [illegible] | မရ-၀၁၊ ပါတက်ကျေးရွာ၊ ၁၁/၁ | ✓ |
| ၂၂၉ | ဦးအိုက်ကြွယ် | ကျား | ၂၀.၁.၁၉၉၀ | ၁၃/ကသန(နိုင်)၀၅၉၇၈၇ | [illegible] | [illegible] | မရ-၀၁၊ ပါတက်ကျေးရွာ၊ ၁၁/၁ | ✓ |
| ၂၃၀ | ဒေါ်အေးစင် | မ | ၂၇.၉.၁၉၉၄ | 0 | [illegible] | [illegible] | မရ-၀၁၊ ပါတက်ကျေးရွာ၊ ၁၁/၁ | ✓ |

ဥက္ကဋ္ဌရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ စာမျက်နှာ - [illegible] အတွင်းရေးမှူး ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

---

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း

၂၀၂၀ ခုနှစ်၊ ......................လွှတ်တော်မဲဆန္ဒနယ် မဲဆန္ဒရှင်စာရင်း

[နည်းဥပဒေ ၄(က)]

.................... တိုင်းဒေသကြီး သို့မဟုတ် ရှမ်း ပြည်နယ် လွှတ်တော်မဲဆန္ဒနယ်အမှတ်( ၂ ) မြို့နယ်အမည် - [illegible]

မဲဆန္ဒရှင်ပေါင်း (၁၀၂၅) ဦး - ကျား (၄၄၉) ဦး - မ (၅၇၆) ဦး တူယား [illegible] အ.မ.က(တူယား)

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမည် | ကျား/မ | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | [illegible] | ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁၀၃၁ | ဦးပေါ်ရွှေ | ကျား | ၉.၅.၁၉၈၀ | ၁၃/ကသန(နိုင်)၀၅၉၇၇၃ | ဦးပေါ်ခမ်းအောင် | ဒေါ်မေခမ်းအောင် | မရ-၀၁၊ ပါတက်ကျေးရွာ၊ ၄၆ | ✓ |
| ၁၀၃၂ | ဒေါ်မယ်ရွှေ | မ | ၂.၉.၁၉၈၁ | 0 | ဦးပေါ်ဆု | ဒေါ်မေဆု | မရ-၀၁၊ ပါတက်ကျေးရွာ၊ ၄၆ | |
| ၁၀၃၃ | ဒေါ်အေးဆွေ | မ | ၁.၆.၁၉၉၇ | 0 | ဦးပေါ်ရွှေ | ဒေါ်မေရွှေ | မရ-၀၁၊ ပါတက်ကျေးရွာ၊ ၄၆ | |
| ၁၀၃၄ | ဒေါ်အေးဆင်း | မ | ၂၀.၃.၂၀၀၁ | ၁၃/ကသန(နိုင်)၀၅၉၈၀၂ | ဦးပေါ်ရွှေ | ဒေါ်မေရွှေ | မရ-၀၁၊ ပါတက်ကျေးရွာ၊ ၄၆ | |
| ၁၀၃၅ | ဒေါ်အိဖြူ | မ | ၂၅.၇.၁၉၉၃ | ၁၃/တကန(နိုင်)၂၇၅၆၁၉ | ဦးဝင်းမောင် | ဒေါ်မြင့်ဌေး | မရ-၀၁၊ ဝမ်လုံကျေးရွာ၊ ၅၈ | Pyu |
| ၁၀၃၆ | ဒေါ်တင်ဇာဝင်းပြည့် | မ | ၁၆.၅.၁၉၉၂ | ၁၃/တကန(နိုင်)၂၆၇၄၂၀ | ဦးသိန်းဝင်း | ဒေါ်တင်မြ | မရ-၀၁၊ ဝမ်လုံကျေးရွာ၊ ၅၈ | Yae |
| ၁၀၃၇ | ဒေါ်နှင်းအိလှိုင် | မ | ၁၀/၁၁/၁၉၈၇ | ၁၃/ညရန(နိုင်)၀၈၃၇၈၉ | ဦးမောင် | ဒေါ်ဖြူ | မရ-၀၁၊ ဝမ်လုံကျေးရွာ၊ ၅၈ | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

ဥက္ကဋ္ဌရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ စာမျက်နှာ - 104/660 အတွင်းရေးမှူး ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

ကျေးသီး မြို့နယ်၊ တူယားကျေးရွာ အုပ်စု မဲရုံ အမှတ်(၁)၏ မဲဆန္ဒရှင် စာရင်းပုံစံ (၁) စာအုပ်တွင် ဆန္ဒမဲပေး ထားသူ ၄၀၉ ဦးအနက် ၂ ဦးသာ လက်မှတ်ရေး ထိုးထားပြီး ကျန် ၄၀၇ ဦးသည် လက်မှတ် ရေးထိုးခြင်း သို့မဟုတ် လက်ဝဲ လက်မ လက်ဗွေ နှိပ်ခြင်း မပြုလုပ်ဘဲ အမှန်ခြစ် ဖြင့်သာ မှတ်သား၍ ဆန္ဒမဲ လက်မှတ် ထုတ်ယူ ဆန္ဒမဲပေးခဲ့ကြောင်း စိစစ် တွေ့ရှိရ

# အနှောင်းသေချာဖို့ အစကောင်းရန် လိုပါသည်

**စန်းနီလာဝင်း**

*(ယမန်နေ့မှ အဆက်)*

၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့မှစ၍ ဗမာပြည် ကွန်မြူနစ်ပါတီ (ဗကပ) ခေါင်းဆောင် သခင်သန်းထွန်းနှင့် အဖွဲ့သည် တောခိုခဲ့ပြီး ၁၉၈၈ ခုနှစ်အရေးအခင်းကာလအထိ လက်နက်ကိုင်လမ်းစဉ်ဖြင့် နိုင်ငံတော်အာဏာသိမ်းပိုက်ရေးအတွက် အစိုးရနှင့် တပ်မတော်ကို ဆန့်ကျင်ပုန်ကန် သူပုန်ထကာ တိုင်းရင်းသားပြည်သူများကိုလည်း ဆက်ကြေးတောင်း ရိက္ခာပေးဆက်စေပြီး အကြမ်းဖက်နည်းမျိုးစုံဖြင့် နှိပ်စက်သောင်းကျန်းခဲ့ကြသည်။


ဗကပ၏ အဖျက်မှိုင်းသွင်းမှုနောက်သို့ နားယောင်ယုံကြည်မိခဲ့ကြသည့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများမှာ ဗကပ၏ ရက်စက်ယုတ်မာလွန်းသောလက်ချက်ဖြင့် မရှုမလှဘဝ နိဂုံးချုပ်ခဲ့ရပုံ ဖြစ်ရပ်မှန်တစ်ခုကို တင်ပြလိုပါသည်။

ထိုစဉ်က တောခိုကျောင်းသားတစ်ဦးဖြစ်သည့် ဆေးတက္ကသိုလ်ကျောင်းသား ကိုစိုးဝင်း (မန္တလေးမှ လူထုသတင်းစာတိုက်ပိုင်ရှင် စာရေးဆရာ အယ်ဒီတာချုပ် လူထုဦးလှနှင့် စာရေးဆရာမကြီး လူထုဒေါ်အမာတို့၏သားဖြစ်သူ)သည် ဗကပ ခေါင်းဆောင်ကြီး သခင်သန်းထွန်းရှေ့ မှောက်မှာပင် “ကျုပ်ရဲ့ ဖခင် လူထုဦးလှနဲ့ မိခင် ဒေါ်အမာတို့ကို ကျုပ်ကိုယ်တိုင်သတ်ပြီး သူတို့လည်ချောင်းသွေးနဲ့ ခြေဆေးမယ်”ဟု ကြုံးဝါးကတိပေးခဲ့သူ ဖြစ်သည်။

## မရှုမလှဘဝနိဂုံးချုပ်ခဲ့ရ

**ဗကပ၏ အဖျက်မှိုင်းမိနေခြင်း ကြောင့် အနန္တကျေးဇူးရှင် မိဘကိုပင် မိဘမှန်းမသိတော့ဘဲ ယုတ်မာရက်စက်စွာ စော်ကားခဲ့ပြီးနောက် မကြာမီမှာပင် ကိုစိုးဝင်းခမျာမှာလည်း ဖြုတ်ထုတ်သတ်စီမံကိန်းအရ သူကိုယ်တိုင် စွဲချက်တင်ခံရပြီး လည်မျိုကို ဝါးရင်းတုတ်ဖြင့် ရိုက်သတ်ခံခဲ့ရကာ မရှုမလှ ဘဝနိဂုံးချုပ်သွားခဲ့ရတော့သည်။ ဗကပအကြမ်းဖက် ခေါင်းဆောင်ကြီး သခင်သန်းထွန်းမှာလည်း အကုသိုလ်အကျိုးပေးချိန်တန်လာသောအခါ ကွန်မြူနစ်ရဲဘော်က သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သောကြောင့် အသေဆိုးနှင့် သေခဲ့ရသည်။ သခင်သန်းထွန်းသည် ဗကပ ရန်ပုံငွေဖြစ်သည့် ရွှေလက်ဝတ်ရတနာများကို တစ်ဦးတည်း မောင်ပိုင်စီးခဲ့ပြီး “ရွှေတိဂုံဘုရားက ရွှေတွေကို တိုင်းပြည်အတွက် ခွာယူရမယ်၊ ဗားကရာချောက်ထဲကို ဆိုရှယ်လစ်နိုင်ငံရေးသမားတွေရဲ့ အရိုးတွေနဲ့ ဖို့ပစ်ရမယ်” ဟု ကြိမ်းဝါးစော်ကားခဲ့သည့် ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုးတို့ကြောင့် အသေဆိုးနှင့် မရှုမလှ ဘဝနိဂုံးချုပ်သွားခဲ့ရရှာသည်။**

ယနေ့ လူငယ်လူရွယ် မောင်မယ်များ ဆရာတင်မမှားရန်နှင့် ခေါင်းဆောင်အရွေးမမှားကြရန်၊ “ဘုရားမှတ်လို့ ကိုးကွယ် ဖွတ်ထွက်မှ တောင်ပို့မှန်းသိ” အဖြစ်ဆိုးမျိုး မရောက်ကြရလေအောင် ကိုယ်တွေ့ကြုံရသမျှ ဗကပ ငရဲခန်းများ အကြောင်းကို သိရှိလိုပါက ရဲဘော်ဘခက် ရေးသားပြုစုမှတ်တမ်းတင်ထားခဲ့သော “သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ” စာအုပ်ကို ဖတ်ဖြစ်အောင် ဖတ်ကြစေလိုပါသည်။ ထို့ပြင် တပ်မတော်မှ မှတ်တမ်းတင် ရိုက်ကူးထားသည့် တပ်မတော်သမိုင်း အမည်ရှိ ရုပ်ရှင်ကားကို ကြည့်ရှုစေလိုပါသည်။




**ပန်းတိုင်းပွင့်၍ ...**

“ပညာရေးတွင် အရည်အချင်းမီ ပညာရေးဖြစ်အောင် ရင်းနှီးမြှုပ်နှံခြင်းသည် လူတိုင်းအတွက် အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်ပြီး ပညာရေးသည် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးဖြစ်သည့်အပြင် လူ့အဖွဲ့အစည်းအတွင်း မညီမျှ မမျှတမှုများကို လျှော့နည်းသွားနိုင်စေသည့် စွမ်းအားတစ်ရပ် ဖြစ်သည်” ဟု ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ကြီး (UNESCO) မှ ပညာရေးသုတေသီတို့က ဆိုပါသည်။

ကမ္ဘာ့ဘဏ် (World Bank) ၏ ၂၀၁၈ ခုနှစ် အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းလုံးတွင် အသက် ၅ နှစ်မှ ၉ နှစ်အရွယ်အတွင်းရှိ အခြေခံမူလတန်းပညာသင်ကြားရမည့် ကလေးငယ်အရေအတွက် ၆၁ သန်းကျော်မှာ လုံးဝပညာမသင်ကြားနိုင်ဘဲ ထိုကလေးဦးရေ၏ ၄၇ ရာခိုင်နှုန်းမှာ ဆင်းရဲနွမ်းပါးချို့တဲ့လွန်းမှု ပြဿနာကြောင့် ကျောင်းမတက်နိုင်ခြင်းဖြစ်ပြီး ၂၆ ရာခိုင်နှုန်းမှာ ခေတ္တခဏသာ ကျောင်းနေနိုင်ပြီး မိသားစု၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကျပန်းအလုပ်ကြမ်းများတွင် ဝင်ရောက် လုပ်ကိုင်နေရခြင်းကြောင့် ဖြစ်သည်ဟု ဆိုပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ပညာသင်ကြားကြရမည့် ကလေးသူငယ်၊ လူငယ်လူရွယ်ဦးရေ သန်း ၂၆၀ ကျော်မှာ အခြေခံပညာကို လုံးဝမသင်ကြားနိုင်ကြောင်း သိရပါသည်။

ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့နှင့် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန၊ ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ဆန်းစစ်လေ့လာချက်များ (၂၀၁၈ ခုနှစ်) အရ မြန်မာနိုင်ငံတွင် အခြေခံပညာသင်ကျောင်းပေါင်း ၄၇၃၀၀ ကျော်၊ ဆရာ ဆရာမ ၃၄၀၉၀၀ ကျော်၊ ကျောင်းသား ကျောင်းသူပေါင်း ၈၂၅၇၉၀၀ ကျော်ရှိသည်ဟု သိရသည်။ အသက် ၄ နှစ်ရှိ မူကြိုအရွယ်ကလေးငယ်များ၏ ၇၆ ရာခိုင်နှုန်းသည် ကျောင်းပြင်ပသို့ ရောက်ရှိနေကြောင်း၊ အသက် ၅ နှစ်မှ ၉ နှစ်အရွယ်အတွင်းရှိ မူလတန်းပညာသင်အရွယ် ကလေးများ၏ ၁၂ ရာခိုင်နှုန်းသည် ကျောင်းပြင်ပသို့ ရောက်ရှိနေကြောင်း၊ အသက် ၁၀ နှစ်မှ ၁၃ နှစ်အရွယ်အတွင်းရှိ အလယ်တန်းပညာသင်အရွယ် လူငယ်များ၏ ၁၁ ဒသမ ၇ ရာခိုင်နှုန်းမှာ ကျောင်းပြင်ပသို့ ရောက်ရှိနေကြောင်း၊ မူလတန်းအရွယ်ကျောင်းသား ကျောင်းသူများအနက် ၁၈ ဒသမ ၁၂ ရာခိုင်နှုန်းမှာ မိဘများ ဆင်းရဲနွမ်းပါးကြသဖြင့် ကျောင်းထွက်ရန် အလားအလာရှိနေကြောင်း၊ အလယ်တန်းပညာသင်အရွယ် ကျောင်းသားကျောင်းသူများအနက် ၁၈ ဒသမ ၉ ရာခိုင်နှုန်းမှာ မိဘများ ဆင်းရဲနွမ်းပါးကြသဖြင့် မိဘများနှင့်အတူ လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များရှိ အလုပ်ကြမ်းလုပ်ငန်းများ၊ ခေါင်းရွက်ဗျပ်ထိုး ဈေးရောင်းဈေးဝယ်လုပ်ငန်းများကို လုပ်ကိုင်နေကြရခြင်းတို့ကြောင့် ကျောင်းထွက်ကြရမည့် အခြေအနေရှိနေကြောင်း အစီရင်ခံဖော်ပြထားသည်ကို လေ့လာတွေ့ရှိပါသည်။

မည်သည့်ခေတ် မည်သည့်စနစ်မှာမဆို အစိုးရတိုင်းသည် “လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး” (Human Resource Development) နှင့် အနာဂတ်နိုင်ငံအတွက် ပညာရေးကဏ္ဍတွင် ဦးစားပေးရင်းနှီးမြှုပ်နှံကြရပါသည်။

ပညာရေးကဏ္ဍတွင် ဦးစားပေးရင်းနှီးမြှုပ်နှံခြင်းသည် ပစ္စုပ္ပန်ရော အနာဂတ်အတွက်ပါ တိုင်းပြည်နှင့်လူမျိုးအတွက် အကောင်းဆုံးသောရင်းနှီးမြှုပ်နှံမှုဖြစ်ပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများရော ဖွံ့ဖြိုးဆဲနိုင်ငံများမှာပါ အစိုးရ၏ တာဝန်အပြင် ပုဂ္ဂလိက အလှူရှင်များ၊ တိုင်းကျိုးပြည်ကျိုးဆောင်ပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပညာရေးဖောင်ဒေးရှင်းများက ကျောင်းအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်း၊ ကျောင်းသုံးပရိဘောဂများ၊ စာအုပ်စာတမ်းများ၊ ကွန်ပျူတာများ၊ သင်ထောက်ကူပြုပစ္စည်းများ၊ ပညာသင်ဆုများ၊ ပညာထူးချွန်ဆုများ၊ ငွေကြေးများကို လှူဒါန်းလျက်ရှိကြပါသည်။

ဤနေရာတွင် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်ခရိုင် ပန်းတောင်းမြို့နယ်မှ ဆရာမ ဒေါ်ခင်လှလှ၏ ပညာရေးဖောင်ဒေးရှင်းကို လေ့လာခဲ့ရသဖြင့် စံနမူနာယူဖွယ်ကောင်းသည့် ပညာရေးဖွံ့ဖြိုးရေးလုပ်ငန်းအချို့ကို အကျဉ်းဥဒ္ဒေသမျှ ဖော်ပြလိုပါသည်။ “ဒေါ်ခင်လှလှ ပညာရေး ဖောင်ဒေးရှင်း”သည် ကွယ်လွန်သွားခဲ့သူ စံပြအထက်တန်းပြဆရာမ ဒေါ်ခင်လှလှကို ဂုဏ်ပြုသောအားဖြင့် ခင်ပွန်းဖြစ်သူ ဗိုလ်မှူးကြီး တင်လှိုင် (ငြိမ်း) (ပြည်ထဲရေးဝန်ကြီး – ငြိမ်း) က လွန်ခဲ့သည့် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလတွင် စတင်မတည်လှူဒါန်းခဲ့သည့် ပညာရေးဖောင်ဒေးရှင်းတစ်ခု ဖြစ်ပါသည်။

ထိုဖောင်ဒေးရှင်း၏ ထူးခြားချက်မှာ “ဆရာ၊ ဆရာမများ စွမ်းအားရင်းမြစ်ဌာန” (TRC: Teachers' Resource Center) ဖွင့်လှစ်ထားရှိပြီး ဆရာ၊ ဆရာမများအတွက် စာပေဗဟုသုတ အသိပညာတိုးပွားရေး၊ တီထွင်ဆန်းသစ်မှု မြင့်မားလာရေး၊ လေ့လာသုတေသနပြုနိုင်ရေးအတွက် အားလုံးဖြည့်ဆည်းပေးလျက်ရှိသည်ကို အားရဖွယ် တွေ့ရှိရသည်။ “မဟာတန်း ပညာအဆင့်” အတွက် ရည်ညွှန်းကိုးကားစာအုပ်စာတမ်းများ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစာစောင်များ အစုံအလင်နှင့် အင်တာနက်ကို အခမဲ့သုံးစွဲနိုင်သော စာကြည့်တိုက်၊ လှည့်လည်စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိပြီး ရုပ်ရှာလေ့လာ သင်ကြားရေးဌာနအဖြစ် ပုံဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။

ထို့ပြင် ထူးခြားလှသော လူမှုရေးကူညီမှုလုပ်ငန်းအဖြစ် ငွေကြေးအခက်အခဲရှိနေသော ဆရာ၊ ဆရာမများအတွက် အတိုးနှုန်းအသက်သာဆုံးဖြင့် ငွေချေးငှားပေးသည်ကိုလည်း မကြုံစဖူး ထူးကဲစွာ တွေ့ရှိရသည်။ ဆရာ၊ ဆရာမများ၏ အရည်အသွေးမြင့်မားရေးအတွက် ဘွဲ့လွန်ဒီဂရီများနှင့် ပညာရေးဆိုင်ရာ သင်တန်းများ တက်ရောက်သင်ကြားခွင့်ရရှိသူများကို ပညာသင် ထောက်ပံ့ကြေးများ ထပ်မံပံ့ပိုးပေးလျက်ရှိသည်ကိုလည်း ဝမ်းမြောက်ဖွယ် တွေ့ရှိရပါသည်။

## မွန်မြတ်လှသော စေတနာ

နိုင်ငံတော်နှင့် ပညာရေး အရည်အသွေး ပိုမိုဖွံ့ဖြိုးမြင့်မားရေးအတွက် တာဝန်ရှိ အစိုးရအဖွဲ့သာမက ပုဂ္ဂလိကအလှူရှင်များ၊ တိုင်းကျိုးပြည်ကျိုးဆောင် ပုဂ္ဂိုလ်များ၊ ပညာရေးဖောင်ဒေးရှင်းများက တစ်ဖက်တစ်လမ်းမှ ကိုယ်ကျိုးမပါ မွန်မြတ်လှသော စေတနာတို့ဖြင့် ပံ့ပိုးလှူဒါန်း ဖြည့်ဆည်းကူညီသည့် ပုဂ္ဂိုလ်မှန်သမျှတို့အား “ပညာအလှူပေးဝေသူကို၊ ထိုလူသူမြတ်၊ ခေါ်ဆိုအပ်၏” ဟု မော်ကွန်းတံဆိပ်ခတ်နှိပ်ကာ ဖော်ညွှန်းကြိုဆိုရပါသည်။

အချုပ်ဆိုရပါလျှင် ပညာသင်လူငယ်မောင်မယ်များ၏ အနာဂတ်ဘဝအတွက် ယခုမျက်မှောက်တွင် ပန်းကောင်းအညွန့်ကျိုး မဖြစ်ရလေအောင် အကြမ်းဖက်အဖျက်သမားများ နိုင်ငံရေးမသမာသူများ၏ အဖျက်အန္တရာယ် အသွယ်သွယ်ကို ဆရာ၊ မိဘ၊ ကျောင်းသားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းကာကွယ်ကြရင်း ပညာသင် လူငယ်မောင်မယ်အားလုံးအတွက် “အနှောင်းသေချာရန် အစကောင်းဖို့” ဝိုင်းဝန်းဆောင်ရွက်သွားကြပါစို့ဟု အရေးထားလေးစားစွာ ရေးသားတိုက်တွန်းအပ်ပါသည်။ ။

❖ ဗကပ၏ အဖျက်မှိုင်းမိနေခြင်းကြောင့် အနန္တကျေးဇူးရှင် မိဘကိုပင် မိဘမှန်းမသိတော့ဘဲ ယုတ်မာရက်စက်စွာ စော်ကားခဲ့ပြီးနောက် မကြာမီမှာပင် ကိုစိုးဝင်းခမျာမှာလည်း ဖြုတ်ထုတ်သတ် စီမံကိန်းအရ သူကိုယ်တိုင် စွဲချက်တင်ခံရပြီး လည်မျိုကို ဝါးရင်းတုတ်ဖြင့် ရိုက်သတ်ခံခဲ့ရကာ မရှုမလှ ဘဝနိဂုံးချုပ်သွားခဲ့ရတော့သည်။ ဗကပ အကြမ်းဖက်ခေါင်းဆောင်ကြီး သခင်သန်းထွန်းမှာလည်း အကုသိုလ်အကျိုးပေးချိန်တန်လာသောအခါ ကွန်မြူနစ်ရဲဘော်က သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သောကြောင့် အသေဆိုးနှင့် သေခဲ့ရသည်။ သခင်သန်းထွန်းသည် ဗကပရန်ပုံငွေဖြစ်သည့် ရွှေလက်ဝတ်ရတနာများကို တစ်ဦးတည်း မောင်ပိုင်စီးခဲ့ပြီး “ရွှေတိဂုံဘုရားက ရွှေတွေကို တိုင်းပြည်အတွက် ခွာယူရမယ်၊ ဗားကရာချောက်ထဲကို ဆိုရှယ်လစ်နိုင်ငံရေးသမားတွေရဲ့ အရိုးတွေနဲ့ ဖို့ပစ်ရမယ်” ဟု ကြိမ်းဝါးစော်ကားခဲ့သည့် ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုးတို့ကြောင့် အသေဆိုးနှင့် မရှုမလှ ဘဝနိဂုံးချုပ်သွားခဲ့ရရှာသည်



## ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးက သနပ်ပင် - မင်းရွာ - ကျောင်းစုတံတား တည်ဆောက်

ရန်ကုန် မေ ၂၂

ပဲခူးတိုင်းဒေသကြီးနှင့် ပဲခူးခရိုင် လမ်းဦးစီးဌာနတို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သနပ်ပင်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနသည် တိုင်းဒေသကြီးအတွင်းရှိ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများအတွက် လမ်းနှင့်တံတားများ တည်ဆောက်ပေးလျက်ရှိရာ ယခုအခါ ပဲခူး-စစ်တောင်း တူးမြောင်းပေါ်၌ မင်းရွာ -ကျောင်းစုကျေးလက်တံတားတစ်စင်း တည်ဆောက်ဖွင့်လှစ်ပေးလိုက်ပြီ ဖြစ်သည်။

တံတားအရှည်မှာ ပေ ၂၆၀ ရှိ အုတ်မြစ်ဘိုးပိုင်ကွန်ကရစ်တံတားဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၁၈ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၂၀၀၊ ရေလမ်းကင်းလွတ်အမြင့် ၉ ပေ၊ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းတန် ၃၀ နှင့် တံတားတန်ဖိုး ငွေကျပ်သန်း ၄၀၀ ဖြစ်သည်။

အဆိုပါ ကျေးလက်တံတားမှာ သနပ်ပင်နှင့် မင်းရွာကျောင်းစုအတွင်းရှိပြီး ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၁၄၁၁ အိမ်နှင့် လူဦးရေ ၆၈၀၀ ကျော်တို့ကို အကျိုးပြုမည့်တံတားကြီးဖြစ်သည်။

ခရမ်းစိုးမြင့်

## မိုင်းဆတ်မြို့၌ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ငွေများပေးအပ်

မိုင်းဆတ် မေ ၂၂



ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့၌ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေး ပင်စင် ထောက်ပံ့ငွေများကို မေ ၂၂ရက်က လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ကျတီကျေးရွာအုပ်စုသို့ သွားရောက်ထောက်ပံ့ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သောင်းသောင်းအေးက ကျတီကျေးရွာအုပ်စုရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုးနှစ်ဦးနှင့် အဘွားသုံးဦးတို့အား လူမှုရေးပင်စင်အဖြစ် (ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်) သုံးလစာအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၅၀၀၀၀ ကို သက်ကြီးဘိုးဘွားများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ပြီး မိုင်းဆတ်မြို့၌ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၀၅ ဦး ရှိပြီး ကျန်ရှိသော ရပ်ကွက်၊ ကျေးရွာများမှ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား ဆက်လက်ထောက်ပံ့ပေးမည် ဖြစ်ကြောင်း သိရသည်။

မြင့်မောင်(ပြန်/ဆက်)




အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၅- ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၇၁၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၆၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၅၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၀၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၃၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၁၀၀ | ၁၁၁၀ | ၁၀၁၀၁၀၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀ | ၃၆၁ | ၁၂၄၉၂၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၂၅ | ၁၉၅၀၀၀ |
| FPB | ၁၉၀၀၀ | ၁၈၅၀၀ | ၇၇၉ | ၁၄၄၁၄၅၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၀ | ၂၈၀၀၀ |
| EFR | ၂၉၀၀ | ၂၉၀၀ | ၉၉ | ၂၈၇၁၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မိုးပွင့် သစ္စာမှသည် ပန်းခင်းဆီသို့

**မောင်ယဉ်ဦး**

"ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ ဆန္ဒမဲပေးခဲ့သူဦးရေ ၄ ဒသမ ၆ သန်းရှိသည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ နောင် ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ကိုင်ဆောင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိရေး ဦးစားပေးဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဧပြီ ၂၂ ရက်က ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၅/၂၀၂၁)တွင် လမ်းညွှန်ခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် မြန်မာနိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ် ရရှိရေးအတွက် ပန်းခင်းစီမံချက်ကို ဆောင်ရွက်မည်ဖြစ်သည်။

**တစ်နှစ်ခွဲကြာ ဆောင်ရွက်မည်**

မြန်မာနိုင်ငံတွင် နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိစေရေး ဆောင်ရွက်ပေးမည့် "ပန်းခင်းစီမံချက်"ကို အချိန်တစ်နှစ်ခွဲကြာ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ဖြစ်သည်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဆောင်ရွက်ပေးရမည့် လူဦးရေမှာ ၃ ဒသမ ၈ သန်းကျော်ရှိကြောင်းလည်း သိရသည်။

ယခုအခါ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား(အရပ်အခေါ် မှတ်ပုံတင်)များကို ပြုလုပ်ပေးနေပြီဖြစ်သည်။

**ပြည်သူ့အတွက် ပန်းခင်းစီမံချက်ဖြင့်**

စီမံချက် ဆောင်ရွက်ရာ၌ (၁) လက်ရှိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ (၂) လက်ရှိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းမရှိ၊ ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ (၃) ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ (၄) ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိ၊ လက်ရှိဒေသတွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်းဟု အမျိုးအစား လေးမျိုးဖြင့် ဆောင်ရွက်ပေးမည်ဖြစ်သည်။



ဆင်ပေါင်ဝဲမြို့နယ်အတွင်းမှ ကျေးရွာတစ်ရွာ၌ မေလ ၂၀ရက်နေ့က ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးနေစဉ်။ ဓာတ်ပုံ - ခန့်ဝင်း

**လက်ရှိဒေသတွင် အမြဲနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ် မရှိသူများအား ဆောင်ရွက်ပေးခြင်းတွင်-**

သက်ဆိုင်ရာမြို့နယ်များရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရုံးများရှိ ရုံးလက်ခံ အိမ်ထောင်စုလူဦးရေစာရင်းများမှ ၃-၁၁-၂၀၂၂ ရက်တွင် အသက် ၁၈ နှစ် ပြည့်လာမည့်သူများနှင့် အသက် ၁၈ နှစ် ပြည့်ပြီးသူများအနက် မည်သည့် လက်မှတ်မျှ ကိုင်ဆောင်ထားခြင်းမရှိသူ တစ်ဦးချင်း အမည်စာရင်းကို ရပ်ကွက်နှင့် ကျေးရွာများအလိုက် ကောက်ယူစာရင်းပြုစုခြင်း၊

ပြုစုထားသည့် အမည်စာရင်းနှင့် ရှေ့ပြေးလျှောက်လွှာပုံစံများကို သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးမှူးများထံ ပေးပို့၍ အမှန်တကယ် နေထိုင်ခြင်း ရှိ/မရှိ၊ လူကျန်ခြင်း ရှိ/မရှိ စိစစ်ဖြည့်စွက်ပြီး ရှေ့ပြေးလျှောက်လွှာများကို မြို့နယ်ရုံးများသို့ ပြန်ကြားခြင်း၊

မြို့နယ်ရုံးများ၏ တစ်နေ့တာ ဆောင်ရွက်ပေးနိုင်မည့် ဦးရေနှင့် အမည်စာရင်းကို သုံးရက် ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ် စီမံအုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် ရပ်/ကျေး စီမံအုပ်ချုပ်ရေးမှူးများထံ ပေးပို့ထားပြီး ယူဆောင်လာရမည့် စာရွက်စာတမ်းများနှင့် လိုအပ်ချက်များကို စာဖြင့်အကြောင်းကြားခြင်း၊

မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့ တိုက်ရိုက်ထုတ်ပေးခြင်း၊

ဥပဒေအရ နိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးကို ထုတ်ပေးရေးကို လိုအပ်သည့် အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း၊ ရုံးလက်ခံ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကာယကံရှင် လက်ဝယ်ရှိ အိမ်ထောင်စု လူဦးရေစာရင်းများတွင် ရေးသွင်းခြင်း။

**လက်ရှိဇာတိဒေသတွင် အမြဲနေထိုင်၍ အိမ်ထောင်စု လူဦးရေစာရင်းမရှိ၊ ကိုင်ဆောင်လက်မှတ် မရှိသူများအား ဆောင်ရွက်ပေးခြင်းတွင်-**

သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအလိုက် ဆောင်ရွက်ပေးရမည့် အိမ်ထောင်စု လူဦးရေစာရင်းကို သက်ဆိုင်ရာ ရပ်/ ကျေး စီမံအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်း၍ လဝကဝန်ထမ်းများ လိုက်ပါကာ အမှန်တကယ်နေထိုင်သည့် လူဦးရေစာရင်း ပြုစုခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း ပျောက်ဆုံး/ပျက်စီး၍ မတင်ပြနိုင်သူများအား ရုံး၌ လက်ခံနှင့် တိုက်ဆိုင်စိစစ်၍ မှန်ကန်ပါက အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူထုတ်ပေးခြင်း၊ မွေးရာပါနိုင်ငံသားများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း၊

လက်ရှိဒေသတွင် မိဘဘိုးဘွားလက်ထက်မှစ၍ အခြေချ နေထိုင်ခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်စုလူဦးရေစာရင်း မရှိကြသူများအား ကွင်းဆင်းစိစစ်၍ အိမ်ထောင်စုလူဦးရေစာရင်း ကောက်ယူခြင်း၊

ကောက်ယူပြုစုထားရှိသည့် အမည်စာရင်းကို ငါးဦးကော်မတီ စိစစ်ထောက်ခံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်း၊

မွေးရာပါ နိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့ တိုက်ရိုက် ထုတ်ပေးခြင်း၊

ဥပဒေအရ နိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးရေးကို လိုအပ်သည့် အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း။

**ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း ရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ် မရှိသူများအား ဆောင်ရွက်ပေးခြင်းတွင်-**

အကြောင်းအမျိုးမျိုးကြောင့် ပုံစံ(၁၀) မပါရှိဘဲ ရွှေ့ပြောင်းအခြေချ နေထိုင်သူများအား ရပ်/ကျေးများအလိုက် စာရင်းကောက်ယူပြီး မူလဒေသရှိ မြို့နယ်လဝကရုံးများနှင့် ဆက်သွယ်မေးမြန်း စိစစ်ခြင်း၊ မှန်ကန်သော အိမ်ထောင်စုများအား မူလမြို့နယ်စာရင်းမှ လျှော့ခြင်းနှင့် ပြောင်းရွှေ့ပုံစံ (၁၀) ထုတ်ပေးခြင်း၊ မိမိမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်း၊

အိမ်ထောင်စုလူဦးရေစာရင်း တရားဝင်ပြောင်းရွှေ့ရောက်ရှိပြီးမှ လက်ရှိဒေသတွင် ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ဆောင်ရွက်ပေးခြင်း၊

မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံ တိုက်ရိုက်ထုတ်ပေးခြင်း၊

အိမ်ထောင်စုလူဦးရေစာရင်းကို လက်ရှိဒေသသို့ မပြောင်းရွှေ့လိုသူများအတွက် လူကိုယ်တိုင် အိမ်ထောင်စုလူဦးရေစာရင်းရှိရာ မူလဒေသသို့ သွားရောက်၍ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးရရှိရေး ဆောင်ရွက်ခြင်း၊

ဥပဒေအရ နိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုး ထုတ်ပေးရေးကို လိုအပ်သည့် အထောက်အထားများဖြင့် တင်ပြလျှောက်ထားလာပါက အမြန်ဆုံး ဆောင်ရွက်ပေးခြင်း။

**ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိ၊ လက်ရှိရောက်ရှိရာ နေရာဒေသတွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်းတွင်-**

ရပ်/ကျေးအုပ်စု စီမံအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်း၍ လက်ရှိဒေသတွင်နေထိုင်သည့် အိမ်ထောင်စုလူဦးရေစာရင်းကို ကောက်ယူခြင်း၊

မူလဒေသတွင် နေထိုင်ခဲ့ခြင်းရှိ/မရှိ မြို့နယ်လဝကရုံးအချင်းချင်း ဆက်သွယ်မေးမြန်းခြင်း၊

မူလနေထိုင်ရာဒေသရှိ မြို့နယ်လဝကရုံးသည် စိစစ်ခံရသူအတွက် ထိုသူအားသိရှိသည့် သက်ဆိုင်ရာ ရပ်မိရပ်ဖ(ဘာသာရေးခေါင်းဆောင် အပါအဝင် ဩဇာသက်ရောက်သူ)တို့၏ ထောက်ခံချက်ကို သက်ဆိုင်ရာ ရပ်/ကျေး စီမံအုပ်ချုပ်ရေးမှူးရုံးများမှ တစ်ဆင့် တောင်းခံခြင်း၊

ယာယီ/ရွှေ့ပြောင်း/E တံဆိပ်တုံးဖြင့် ယခင်က ထုတ်ပေးထားသည့် အိမ်ထောင်စုလူဦးရေစာရင်းများကို ငါးဦးကော်မတီဖြင့် စိစစ်၍ လက်ရှိလူဦးရေအတိုင်း (M)အမှတ်အသားနှင့် နံပါတ်ပါ အိမ်ထောင်စုလူဦးရေစာရင်းဖြင့် လဲလှယ်ထုတ်ပေးခြင်း၊

အိမ်ထောင်စုလူဦးရေစာရင်း လုံးဝမရှိသေးသည့် မွေးရာပါနိုင်ငံသားများအတွက် ငါးဦးကော်မတီဖြင့် စိစစ်၍ (M)အမှတ်အသားပါသည့် တရားဝင် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်းနှင့် မြို့နယ်လဝကရုံးများ၌ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးခြင်း၊

မည်သည့်ဒေသတွင်မှ စာရင်းမပါဝင်သည့် မွေးရာပါနိုင်ငံသား မဟုတ်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးခြင်းကို တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီသာ ဆောင်ရွက်ပေးခြင်း။

**စိစစ်အတည်ပြုပေးမည့် (၅)ဦးကော်မတီ**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှု ဖြင့်

စာမျက်နှာ ၂၄ သို့

**❍ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအလိုက် ဆောင်ရွက်ပေးရမည့် အိမ်ထောင်စု လူဦးရေစာရင်းကို သက်ဆိုင်ရာ ရပ်/ ကျေး စီမံအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်း၍ လဝကဝန်ထမ်းများလိုက်ပါကာ အမှန်တကယ်နေထိုင်သည့် လူဦးရေစာရင်း ပြုစုခြင်း၊ အိမ်ထောင်စု လူဦးရေစာရင်း ပျောက်ဆုံး/ ပျက်စီး၍ မတင်ပြနိုင်သူများအား ရုံး၌ လက်ခံနှင့် တိုက်ဆိုင်စိစစ်၍ မှန်ကန်ပါက အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူထုတ်ပေးခြင်း၊ မွေးရာပါနိုင်ငံသားများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*ယမန်နေ့မှအဆက်*

လူထုရင်ဖွင့်သံ သတင်းဌာနမှ **အယ်ဒီတာ ဦးမင်းဂေါင်**က လုံခြုံရေးကိစ္စနှင့် ပတ်သက်၍ ပြည်သူများ၏ စိုးရိမ်သံများကို နေ့စဉ်နှင့်အမျှ ကြားနေရပါကြောင်း၊ လုံခြုံရေးကိစ္စဆိုလျှင် နံပါတ်တစ် ရဲတပ်ဖွဲ့နှင့်တပ်မတော်ကို လူတွေပြေးမြင်ကြကြောင်း၊ တကယ်ဆိုလျှင် အုပ်ချုပ်ရေး၏ အခြေခံယန္တရားမှာ ရပ်ကျေးအုပ်ချုပ်ရေးမှူးများသည်လည်း အဓိက ပါဝင်ကြကြောင်း၊ အခြေခံကျသည့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများသည် တရားဥပဒေစိုးမိုးရေးနှင့် ဒေသအတွင်းလုံခြုံရေးတွင် အဓိကတာဝန်ရှိသည့်အတွက် အုပ်ချုပ်ရေးမှူးများကို ပြောင်းလဲပြီး ရွေးချယ်ခန့်အပ်လိုက်သည့်အခါ အချို့ကိစ္စများမှာ မိမိတို့ထံသို့ ပြည်သူများမှ တက်လာသည့်အသံများလည်းရှိကြောင်း၊ CRPH၊ NUG ၊ PDF စသည့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားပြီးသား အဖွဲ့အစည်းများနှင့် ဆက်စပ်နေသည့် အုပ်ချုပ်ရေးမှူးများ တက်လာသည်ကိုလည်း တွေ့ရှိရသည့်အတွက် ရပ်ကျေး၏ အခြေခံအုပ်ချုပ်ရေးယန္တရားအတွက် လိုအပ်သည့် အုပ်ချုပ်ရေးမှူးများကို စနစ်တကျပြန်လည်စိစစ်ပြီးရွေးချယ်ရန် ရှိ/မရှိနှင့် စနစ်တကျမှန်ကန်စွာနှင့် တကယ်ပူးပေါင်းဆောင်ရွက်လာသည့် အုပ်ချုပ်ရေးမှူးများ၏ မိသားစု ဘဝလုံခြုံရေးကိုလည်း ဘယ်လိုတာဝန်ယူမလဲဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

### လုံခြုံရေးဆောင်ရွက်ပေးရမည်

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ပတ်သက်၍ ရန်ပြုခံရသည့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရန်ပြုခံရ၍ ထိခိုက်ဒဏ်ရာရရှိသည့် အုပ်ချုပ်ရေးမှူးများလည်း တွေ့ရှိရကြောင်း၊ ရပ်၊ ကျေးများနှင့်ပတ်သက်၍ အဓိကပစ်မှတ်ထား တိုက်ခိုက်ခံရကြောင်း၊ နောက်ပိုင်းတွင် ကျောင်းများနှင့်ပတ်သက်၍ အဓိကပစ်မှတ်ထားပြီး ဆောင်ရွက်လာသည်များကိုလည်း တွေ့ရှိရကြောင်း၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ပတ်သက်၍ ပြည်သူလူထုအနေဖြင့် အောက်ခြေမှာ ပြောနေသည့် အသံများသည် ယခင်ရပ်၊ ကျေးအုပ်ချုပ်ရေးမှူးများကို ပြန်ခန့်သည့်အတွက် အလုပ်မဖြစ်ကြောင်း၊ အချို့လူများသည် ရပ်ကျေးအုပ်ချုပ်ရေးမှူးများအနေနှင့် ထိုလူများကို ခန့်ထားခြင်းနှင့် ပတ်သက်၍ သဘောမတူကြောင်း ပြောသည်များလည်းရှိကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် အုပ်ချုပ်ရေးယန္တရားတွင် အခြေခံကျသည့် အုပ်ချုပ်ရေးယန္တရားဖြစ်ကြောင်း၊ ယခင်က ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများကို ခန့်ထားသည့်အခါမှာ ပါတီဝင်များကိုပဲ အဓိကထားပြီး ခန့်ထားခဲ့သည်ဆိုသည့် အဖြစ်အပျက်များလည်းရှိကြောင်း၊ ထို့ကြောင့် ယခု ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများကို ခန့်သည့်အခါ အခက်အခဲကြုံနေရသည့် ကိစ္စများလည်းရှိကြောင်း၊ သို့သော် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ပတ်သက်၍ နံပါတ်တစ်အချက် လုပ်ပေးရမှာသည် ၎င်းတို့၏ လုံခြုံရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ လုံခြုံရေးဆောင်ရွက်မပေးနိုင်သေးသရွေ့ ယခုအခက်အခဲမှာ ပြေလည်ရန် နည်းသည်ကိုလည်း မိမိတို့မြင်ကြောင်း၊ ယင်းကိစ္စကိုလည်း ဆောင်ရွက်ပေးရန် လုပ်ဆောင်လျက်ရှိကြောင်း၊ သို့သော် ပြည့်ပြည့်ဝဝ မဖြစ်ခြင်းကို ဝန်ခံလိုပါကြောင်း ရှင်းလင်းဖြေကြားသည်။

လူထုရင်ဖွင့်သံ သတင်းဌာနမှ **အယ်ဒီတာ ဦးမင်းဂေါင်**က ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အဘားကျေးရွာ အုပ်စုမှ တောင်သူ ၄၅ ဦး တရားစွဲခံထားရကြောင်း၊ ၎င်းတောင်သူများသည် ၂၀၁၁ ခုနှစ်ကတည်းက ပဲခူးတိုင်း မိုးစပါးဧက သိန်း ၃၀ စီမံကိန်းဆိုပြီး ရေနက်ကွင်းများကို ပင်ပန်းကြီးစွာဖော်ထုတ်ပြီးမှ စိုက်ပျိုးလာသည့် တောင်သူများဖြစ်ကြောင်း၊ ထို့အပြင် ၎င်းတို့မှာ သက်ဆိုင်ရာ ပြေစာများရှိသလို သက်ဆိုင်ရာအစိုးရသည် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာဖွံ့ဖြိုးရေးဘဏ်စာအုပ်များလည်း ထုတ်ပေးထားသည်များရှိကြောင်း၊ ထိုစာအုပ်များရှိခဲ့သည့်အပြင် ၎င်းတောင်သူများသည် ၂၀၁၁ ခုနှစ်မှာကတည်းကတိုင်မြို့နယ်၊ ရပ်ကျေးအဆင့်ဆင့်မှ စားကျက်ပယ်ဖျက်ဆိုသည်ကို သက်ဆိုင်ရာ ခရိုင် Collector အရာရှိတစ်ယောက်ကို တင်ပေးထားပြီးဖြစ်ကြောင်း။

သို့သော်လည်း ၎င်းတို့ပါတီကို မထောက်ခံလို့ဆိုပြီး ပါတီထောက်ခံသည့် အုပ်ချုပ်ရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်နှင့် ဝန်ကြီးချုပ်တို့ပေါင်းပြီး ဒေသတောင်သူများသည် စားကျက်ထဲမှာ ပြုလုပ်သည်ဆိုပြီး တရားစွဲခံရသည့် အနေအထားဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဝန်ကြီးချုပ်ကို တွေ့ခွင့်အကြိမ်ကြိမ်တောင်းသော်လည်း မရခဲ့ပါကြောင်း၊ ထို့ကြောင့် တိုင်းအုပ်ချုပ်ရေးမှူးကို တောင်းပါကြောင်း၊ ထိုအခါ တိုင်းအုပ်ချုပ်ရေးမှူးသည် စားကျက်ထဲမှာ တောင်သူများ၏ စိုက်ပျိုးထားသည့် ဧက ၄၀၀ ကျော်ရှိသည့်အတွက် တောင်သူများ၏ မိသားစုဘဝ ဆုံးရှုံးသည်သာမက နိုင်ငံတော်အတွက်ပါ ဆုံးရှုံးသည်ဆိုပြီး တိုင်းအုပ်ချုပ်ရေးမှူးက ရေသွင်းခွင့်၊ ရိတ်သိမ်းခွင့်ကို စီမံပေးပေမယ့်လည်း လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာ ဝန်ကြီးချုပ်မှ ချေဖျက်သည့်အတွက် အစီအစဉ်လည်း ပျက်ခဲ့သည့်အပြင် စပါးများသည် ရင့်မှည့်၊ ခြောက်သွေ့ပြီး ဆုံးရှုံးခဲ့ရကြောင်း၊ ထို့ကြောင့် အမျိုးသားလွှတ်တော်၏ လယ်သမားရေးရာကော်မတီ ဦးစောဘမျိုးသိန်းနှင့် ဦးစိုးဝင်းတို့ကို သွားတွေ့ပါကြောင်း၊ ၎င်းတို့နှင့် တွေ့သော်လည်း ယင်းကိစ္စသည် ၎င်းတို့နှင့် မဆိုင်ကြောင်း၊ ၎င်းတို့သည် သိမ်းဆည်းခံမြေနှင့်သာ ဆိုင်ကြောင်း၊ မိမိတို့ကို တောင်သူများ၏ ရှေ့မှာပင်ပြောကြောင်း၊ လယ်သမားရေးရာကော်မတီဖြစ်သော်လည်း ၎င်းတို့တာဝန်မယူပေးသည့်အတွက် ယခုတောင်သူများမှာ တရားစွဲခံနေရကြောင်း၊ သို့သော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုလည်း ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၅ ရက်စွဲနှင့် ပြန်တင်ပြထားကြောင်း၊ ထိုတင်ပြချက်ကို အောက်ခြေမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ တွေ့ဆုံညှိနှိုင်းပြောပြချက်အရ ပြီးခဲ့သည့် ၁၁ ရက်နေ့မှာ မြို့နယ် အုပ်ချုပ်ရေးမှူးမှ ယင်းကိစ္စသည် ယခင်လွှတ်တော်ကိုယ်စားလှယ်နှင့် ယခင်အစိုးရ လုပ်ခိုင်းလို့ လုပ်ရခြင်းဖြစ်သည်ဟု ရှောင်ထွက်သွားသည့်သဘောပြောသည့်အတွက် တောင်သူများအနေနှင့် သက်သာခွင့်ရမည့် အနေအထားဖြစ်ကြောင်း။

သို့သော် တောင်သူများမှာ ထိုသို့ စိုက်ပျိုးလုပ်ပိုင်ခွင့်ကို ပြီးခဲ့သည့် ခရိုင် Collector အရာရှိ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်က အတိုင်း စားကျက်ပယ်ဖျက်တင်ပေးထားကြောင်း၊ ထို့အပြင် ဦးသိန်းစိန်အစိုးရလက်ထက်မှာလည်း တစ်ဆက်တည်း စိုက်ပျိုးလာပြီး ရပ်၊ ကျေးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှနေ၍လည်း စားကျက်ပယ်ဖျက် တင်ပေးထားကြောင်း၊ ထို့နောက် NLD အစိုးရလက်ထက်မှာလည်း ၂၀၁၉ အထိ တစ်ဆက်တည်း စိုက်ပျိုးခဲ့ကြောင်း၊ သို့ပေမယ့် ၂၀၁၉ ကျမှ ၎င်းတို့ကို မထောက်ခံလို့ဆိုပြီး ဒီတောင်သူအများစုကို စားကျက်ထဲပါတယ်ဟုဆိုကြောင်း၊ တောင်သူများမှာ မတရားနစ်နာပြီး ယခုတရားလည်း အစွဲခံနေရကြောင်း၊ ပုဒ်မ ၁၄၄ အကြိမ်ကြိမ်ထုတ်သည်မှာ ရှစ်ကြိမ်ရှိပြီဖြစ်ပါကြောင်း၊ စိုက်ထားသည့် သီးနှံများ ခြောက်သွေ့ပြီး ရေသွင်းခွင့်မရ၊ ရိတ်သိမ်းခွင့်မရသည့်အတွက် ယခု လယ်များလည်း ပျက်နေပြီဖြစ်ကြောင်း၊ ဧက ၄၀၀ ရှိပြီး နွေစပါးဆိုလျှင် ၁၂၀ လောက်အထိထွက်ပြီး မိုးစပါးဆိုလျှင် ၈၀ လောက်အထိ ထွက်ကြောင်း၊ ထို့ကြောင့် တောင်သူမိသားစုများအတွက်သာ မဟုတ်ဘဲ နိုင်ငံတော်အတွက်လည်း အများကြီးနစ်နာရကြောင်း၊ ယခု ကိုဗစ်ကာလမှာဆိုလျှင် တောင်သူများ၏ စီးပွားရေးမှာ ကျပ်တည်းပြီး အချို့ဆိုလျှင် စားသောက်ရန်အတွက်ကိုပင် အနိုင်နိုင်ဖြစ်နေသည့် အနေအထားများရှိနေကြောင်း၊ ထိုသို့ တောင်သူများ၏ အကြောင်းအခြင်းအရာများရှိသည့်အတွက် ပုဒ်မ ၁၄၄ ကို ရုပ်သိမ်းပြီး တောင်သူများ၏ လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ယခုစိုက်ပျိုးချိန်အမီ အမြန် ပြန်လည်ချထားပေးရန် ခွင့်ပြုပေးနိုင်ခြင်း ရှိ/ မရှိ မေတ္တာရပ်ခံ တင်ပြလိုကြောင်း မေးမြန်းသည်။

### သက်ဆိုင်ရာ အဖွဲ့အစည်းကိုလည်း ထပ်မံ၍ အကြောင်းကြားပေးမည်

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ထိုအရာနှင့်ပတ်သက်ပြီး ယခင်ကတည်းကချပေးသည်ဆိုသည်ကို သတင်းထောက်ကြီးပြောသဖြင့် သိရကြောင်း၊ တင်ထားကြောင်းနှင့် မြို့နယ်၏ ဆုံးဖြတ်ချက်လို့လည်း သိရကြောင်း၊ ထိုအရာနှင့်ပတ်သက်ပြီး အခက်အခဲရှိပါက ပြန်ပြောပေးစေလိုကြောင်း၊ ဘယ်လိုအစီအစဉ် ရှိ/မရှိ ဆိုသည်မျိုးကို မိမိအနေဖြင့် ဖြေနိုင်မည် မဟုတ်ကြောင်း၊ အခက်အခဲရှိလျှင် ပြန်ပြောစေလိုကြောင်း၊ မြို့နယ်အဆင့်ကလည်း ပြန်ပြောလိုက်ပြီ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုလည်း တင်ပေးလိုက်ပြီဆိုလျှင် ထိုအရာနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းကိုလည်း ထပ်မံ၍ အကြောင်းကြားပေးမည်ဖြစ်ကြောင်း၊ အခက်အခဲရှိလျှင် ပြန်ပြောပေးပါရန်နှင့် မိမိပြောနိုင်သည်မှာ ထိုနေရာတွင် လုပ်ပေးနိုင်မည်၊ မလုပ်ပေးနိုင်မည်ကို ဆုံးဖြတ်ပိုင်ခွင့်ရှိသည့်သူ မဟုတ်ကြောင်း၊ သတင်းထောက်ကြီးပြောသည်ကိုလည်း မိမိအနေဖြင့် မှတ်ထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာကိုလည်း ပြောပေးမည်ဖြစ်ကြောင်း၊ သတင်းထောက်ကြီးအနေဖြင့် ပြောစရာရှိလျှင် သို့မဟုတ် တင်စရာရှိပါက သတင်းစာရှင်းလင်းပွဲပြီးလျှင် တင်ခဲ့ရန်နှင့် သက်ဆိုင်ရာသို့ ပြောပေးမည်ဖြစ်ကြောင်း၊ သတင်းစာရှင်းလင်းပွဲသည် ထိုအရာများကို ဖြေရှင်းပေးနေသည့် နေရာမဟုတ်ကြောင်း၊ တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့်ပတ်သက်၍ တကယ်ဖြစ်ပျက်နေသည့် အခြေအနေဖြစ်သည့်အတွက်ကြောင့် လုပ်ပေးခြင်းဖြစ်ကြောင်း ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က ပြည်တွင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထား မေးမြန်းမည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်ပြောသွားသည်လည်းရှိပြီး ဖြေသွားသည်လည်း ရှိခြင်းကြောင့် မိမိအနေဖြင့်

*စာမျက်နှာ ၂၂ သို့*



ချောင်းဦးမြို့နယ်၌ နိုင်ငံတော်ဆန့်ကျင်ရေးအဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရန်ပြင်ဆင်နေသည့် အကြမ်းဖက်အဖွဲ့အားသွားရောက်ရှင်းလင်းစဉ် တူမီးသေနတ်၊ လက်လုပ်သေနတ်၊ ဂတ်စ်သေနတ်၊ ပြောင်းချောသေနတ်များ၊ လက်လုပ်မိုင်း၊ လက်လုပ်ဗုံးအများအပြား ဖမ်းဆီးရမိ။

**ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ပတ်သက်၍ ရန်ပြုခံရသည့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရန်ပြုခံရ၍ ထိခိုက်ဒဏ်ရာရရှိသည့် အုပ်ချုပ်ရေးမှူးများလည်း တွေ့ရှိရကြောင်း၊ ရပ်၊ ကျေးများနှင့်ပတ်သက်၍ အဓိကပစ်မှတ်ထား တိုက်ခိုက်ခံရကြောင်း၊ နောက်ပိုင်းတွင် ကျောင်းများနှင့်ပတ်သက်၍ အဓိကပစ်မှတ်ထားပြီး ဆောင်ရွက်လာသည်များကိုလည်း တွေ့ရှိရကြောင်း၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ပတ်သက်၍ ပြည်သူလူထုအနေဖြင့် အောက်ခြေမှာ ပြောနေသည့် အသံများသည် ယခင် ရပ်၊ ကျေးအုပ်ချုပ်ရေးမှူးများကို ပြန်ခန့်သည့်အတွက် အလုပ်မဖြစ်**

*စာမျက်နှာ ၂၁ မှ*

လိုရင်းပြောမည်ဖြစ်ပြီး တချို့နေရာများတွင် အကြံပြုချက်များပါ ပြောကြားလိုကြောင်း၊ မီဒီယာကဏ္ဍနှင့် ပတ်သက်၍ အကြံပြုချက်အနေဖြင့် ပြည်တွင်း၌ အားနည်းသည့် မီဒီယာ၊ အားကြီးသည့် မီဒီယာ မည်သည့်မီဒီယာဖြစ်ဖြစ် ရပ်တည်နိုင်အောင် လတ်တလောအခြေအနေအရ ထောက်ပံ့ကြေး၊ ချေးငွေ တစ်ခုခုတန်းတူထားပြီး ထည့်သွင်းဆောင်ရွက်ပေးရန်ဖြစ်ပြီး NLD အစိုးရလက်ထက်က နေပြည်တော်၌ မီဒီယာစင်တာ မီဒီယာရုံးခန်းများ ပါဝင်သည့် အဆောက်အဦကြီး ဆောက်ပြီး မီဒီယာများကို တစ်ယောက်တစ်ခန်းစီ ပေးမယ်ဆိုသည့် အစီအစဉ်ကို အကောင်အထည်ဖော်ဖို့ လုပ်ခဲ့ခြင်းများရှိကြောင်း၊ ၎င်းကိုလည်း ဆက်လက်ပြီး အကောင်အထည်ဖော်စေလိုကြောင်း၊ မေးခွန်းမှာ ယမန်နေ့က ဖမ်းဆီးခံရသည့် ဂျပန်သတင်းထောက်ကို နှစ်နိုင်ငံချစ်ကြည်ရေးအရ ပြန်ပြီးအမှုရုပ်သိမ်းရန် အစီအစဉ်ရှိခြင်း၊ အနုပညာလောကမှ ဦးဇင်ဝိုင်းတို့ အပါအဝင် အနုပညာရှင်များကို အမှုရုပ်သိမ်းရန် ညွှန်ကြားထားခြင်းများ တွေ့ရသည့်အတွက် ဗိုလ်ချုပ်တာဝန်ယူနေသည့် ပြန်ကြားရေးဌာန၏ လုပ်ဆောင်ချက်က တော်တော်လေး အားကောင်းတာတွေ့ရကြောင်း။ မိမိမေးလိုသည်မှာ လက်ရှိဖမ်းဆီးခံထားရသည့် အမှုရင်ဆိုင်နေရဆဲ မီဒီယာများကို အမှုပြန်လည် ရုပ်သိမ်းရန်အတွက် မည်သို့ ကူညီဆောင်ရွက်ပေးနိုင်မလဲဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

### လုံခြုံရေးမျက်လုံးနှင့် ကြည့်ရမည်ဖြစ်

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မီဒီယာနှင့် ပတ်သက်ပြီး အချို့မီဒီယာများအနေဖြင့် သိကောင်းသိလိမ့်မည်ဖြစ်ကြောင်း၊ မသိသည့်သူလည်း ရှိလိမ့်မည်ဖြစ်ပြီး ဂျပန်သတင်းထောက်လို တရားဝင်သတင်းထုတ်ခြင်းမဟုတ်ဘဲ မီဒီယာများနှင့် ပတ်သက်ပြီး ညှိနှိုင်းဆောင်ရွက်ပေးပြီး အရေးယူမှုမရှိအောင် လုပ်ပေးခဲ့ခြင်းများရှိကြောင်း၊ အရေးယူပြီးသားသူများလည်း အမှုမှပိတ်သိမ်းခွင့်ရအောင် လုပ်ခဲ့သည်များလည်းရှိကြောင်း၊ ထိုအရာကို လူသိရှင်ကြား ထုတ်မပြောကြောင်း၊ သို့သော် ၎င်း၏ လုပ်ဆောင်မှုအပေါ်တွင် မူတည်ကြောင်း၊ ၎င်းတို့လုပ်ခဲ့သည့်အရာမှာ ဥပဒေအရ လုံးဝခွင့်လွှတ်လို့မရသည့် အရာဆိုလျှင် မိမိတို့အနေဖြင့် လုပ်ပေး၍ မရကြောင်း၊ ဥပဒေအရခွင့်လွှတ်၍ရပြီး ၎င်းအနေနှင့် ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့ခြင်း မဟုတ်ဘဲ မှားယွင်းသွားခဲ့လျှင် မိမိတို့အနေနှင့် လုပ်ပေး၍ရကြောင်း၊ လုံခြုံရေးအဖွဲ့အစည်းဆိုတာရှိပြီး တစ်ဖက်တွင် မီဒီယာအဖွဲ့အစည်းရှိ၍ လုံခြုံရေးအဖွဲ့အစည်းက လုံခြုံရေးအသိ အမြင်၊ လုံခြုံရေးမျက်လုံးနှင့် ကြည့်ရမည်ဖြစ်ကြောင်း၊ မီဒီယာအဖွဲ့သည်လည်း လွတ်လပ်စွာ သတင်းရယူပိုင်ခွင့်၊ လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်အမြင်နှင့် ကြည့်ကြခြင်းဖြစ်ကြောင်း၊ အဓိကအရေးပါသည့်အချက်က လုံခြုံရေးအဖွဲ့အစည်းဘက်မှလည်း မီဒီယာသတင်းသမားများမှ ပြစ်မှုကျူးလွန်သည်ဟု ယူဆလိမ့်မည်ဖြစ်ပြီး တစ်ဖက်မီဒီယာသမားများကလည်း လုံခြုံရေးအဖွဲ့အစည်းများကို ငါတို့လွတ်လပ်စွာ သတင်းရယူပိုင်ခွင့်နှင့် သတင်းရေးပိုင်ခွင့်အပေါ်မှာ ချုပ်ချယ်ကန့်သတ်သည်ဟု ထင်လိမ့်မည်ဖြစ်ကြောင်း၊ အဓိကအရေးပါသည့်အချက်မှာ မီဒီယာသမားများ၏ လုပ်ဆောင်ချက်များသည် ယခုဖြစ်ပျက်နေသည့် အကြမ်းဖက်မှုအခြေအနေများ၊ ဆန္ဒပြမှုအခြေအနေများ၊ ဆူပူအကြမ်းဖက်မှုအခြေအနေများတွင် ရည်ရွယ်ချက်ရှိရှိနှင့် အားပေးမှုကို လုပ်ဆောင်ခဲ့လျှင် ဥပဒေအရ ကင်းလွတ်ခွင့်နည်းကြောင်း၊ ယင်းသို့မဟုတ်ဘဲ ၎င်းအလုပ်၎င်းလုပ်နေရင်းမှ အထင်လွဲခံရသည်ဆိုလျှင် ဥပဒေအကြောင်းခြင်းရာအရ ပြော၍ ဆို၍ရနိုင်ပြီး ထိုအရာမှာ ကာယကံရှင်အပေါ်တွင်သာ မူတည်ကြောင်း။

### တတ်နိုင်သမျှ အကာအကွယ်ပေးရန်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီအနေဖြင့် လုပ်ငန်းများ စတင်လည်ပတ်နေပြီဖြစ်ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေနှင့်လည်း ပြန်ကြားရေးဝန်ကြီးဌာန၊ တပ်မတော်ဘက်ကိုလည်း ၎င်းတို့ သတင်းမီဒီယာသမားများနှင့် ပတ်သက်ပြီး မည်သို့လုပ်ဆောင်သင့်သည်ဆိုသည့် အကြံပြုချက်များ၊ နစ်နာမှုများ တင်ပြပြီး စတင်လည်ပတ်နေပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကြားဝင်သည့် အဖွဲ့အစည်း၊ ဖျန်ဖြေပေးသည့် အဖွဲ့အစည်းများရှိပြီး သူတို့၏ လုပ်ဆောင်ချက်အပေါ်တွင်လည်း မူတည်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သတင်းမီဒီယာကောင်စီ၏ရပ်တည်ချက်မှာ သတင်းသမားများနှင့် ပတ်သက်ပြီး ဥပဒေအရ၊ လုပ်ထုံးလုပ်နည်းအရ တတ်နိုင်သမျှ အကာအကွယ်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က ဝန်ထမ်းရေးရာကိစ္စနှင့် ပတ်သက်၍ Covid-19 ရောဂါ ဂယက်အရှိန် ရိုက်ခတ်လာသည်မှာ ဒီပြဿနာ မဖြစ်ခင်အချိန်တွင် တက္ကသိုလ်၊ အခြေခံ၊ အဆင့်မြင့်ကျောင်းများ ပိတ်လိုက်ရခြင်းရှိပြီး တချို့နိုင်ငံ့ဝန်ထမ်းများသည် ဘွဲ့ရရန်အတွက် နောက်ဆုံးနှစ်ဖြစ်နေကြောင်း၊ သို့သော် ကျောင်းများ စာမေးပွဲ မဖြေလိုက်ရဘဲ ပိတ်လိုက်သည့်အတွက် ဘွဲ့မရကြကြောင်း၊ ၎င်းတို့မှာ နှစ်နှစ်လောက် နစ်နာသွားကြောင်း၊ နောက်ဆုံးနှစ်ကျောင်းသားများမှာ အရာရှိဖြစ်နိုင်မည့်အခွင့်အရေး ဆုံးရှုံးသွားသည်များ ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေနှင့် မည်သို့ညွှန်ကြားပြီး ပူးပေါင်းဆောင်ရွက်မှု လုပ်ပေးနိုင်မလဲ ဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဝန်ထမ်းများနှင့်ပတ်သက်ပြီး အရာရှိအဆင့်ခန့်ထားခြင်းမှာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့နှင့်သာဆိုင်ပြီး ၎င်း၏စည်းမျဉ်းစည်းကမ်းများနှင့်သာ ဆိုင်ကြောင်း၊ နိုင်ငံတော်အတွက် အခြေအနေအရ လိုအပ်လျှင် ဝန်ထမ်းလေ့ကျင့်ရေးအဖွဲ့မှ စည်းမျဉ်းစည်းကမ်းများ ပြုပြင်ပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စည်းမျဉ်းစည်းကမ်းပြင်ရန်မှာ ၎င်းတို့သာမက အလုပ်အမှုဆောင် ကောင်စီတို့ကိုပါ တင်ပြီး လုပ်ဆောင်နိုင်မှာဖြစ်ကြောင်း၊ စည်းမျဉ်းစည်းကမ်းများ ပြုပြင်ပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စည်းမျဉ်းစည်းကမ်းများ ပြုပြင်နိုင်ရန် အလုပ်အမှုဆောင်ကောင်စီတင်ပြီး လုပ်ဆောင်နိုင်ရမည် ဖြစ်ပါကြောင်း၊ အကြံပြုချက်များနှင့် ပတ်သက်ပြီး ဝန်ထမ်းရွေးချယ်ရေးအဖွဲ့၊ ဗဟိုဦးစီးအဖွဲ့များ၏ သုံးသပ်ချက်များနှင့်ပတ်သက်ပြီး ပြောပေးမည်ဖြစ်ပါကြောင်း၊ ပြည်သူတစ်ဦးအနေဖြင့် သုံးသပ်ချက်များနှင့် တင်ပေးပါဟု ပြောလိုပါကြောင်း ဖြေကြားသည်။

**○ အာဆီယံနိုင်ငံများ၏ အပြုသဘောဆောင်သည့် အကြံပြုချက်များ၊ အပြုသဘောဆောင်သည့် ဆွေးနွေးချက်များအားလုံးကို အလေးအနက်ထားသည်ဟု ပြောခဲ့ပါကြောင်း၊ အလေးအနက်ထား၍သာလျှင် အင်ဒိုနီးရှားနိုင်ငံကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင်သွားရောက်ပြီး ဖြစ်ပျက်ခဲ့သည့် အခြေအနေများကို ပြောခဲ့ခြင်းဖြစ်ပါကြောင်း၊ အခြေအနေတစ်ခု တည်ငြိမ်အေးချမ်းသွားလျှင် ပူးပေါင်းဆောင်ရွက်မည်ဟု ပြောခဲ့ပါကြောင်း**

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီထံမှ ပိုက်ဆံတောင်းလိုပါကြောင်း၊ မည်သို့တောင်းလိုသည်မှာ NLD အစိုးရလက်ထက်က ၂၀၂၀ Election မဖြစ်ခင် မိသားစုများကို ထောက်ပံ့ပေးခဲ့ခြင်းများရှိကြောင်း၊ ထိုကိစ္စသည် Covid ကာလ စားဝတ်နေရေးအတွက် အထောက်အပံ့ ဖြစ်စေခဲ့ပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထိုအစီအစဉ်မျိုး ရှိ/မရှိ၊ ဖွံ့ဖြိုးရေးတွင် တစ်ဆက်တည်း လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးအတွက် အဖွဲ့ဖွဲ့စည်းနိုင်ပြီလား၊ ဖွဲ့စည်းနိုင်ပြီဆိုပါက လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် ပုံမှန်ပြန်ပြီးလည်ပတ်နိုင်သည့်အဆင့် ရောက်ပြီဟု သတ်မှတ်၍ရသည့်အတွက်ကြောင့် လမ်း/ချောအဖွဲ့ မဖွဲ့ရသေးပါက အဆိုပါအဖွဲ့ကို မည်သည့်အချိန်တွင် ဖွဲ့နိုင်မည်လဲ၊ မီဒီယာအနေဖြင့်လည်း သတင်းဝင်ရောက်ယူခွင့်ရနိုင်မည်လား သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးအတွက် အဖွဲ့အစည်းများ ဖွဲ့ပြီးဖြစ်ပါကြောင်း၊ အစည်းအဝေးများတွင်လည်း မည်မျှလုပ်ခဲ့သည်ကို ထုတ်ပြန်လျက်ရှိပါကြောင်း၊ Covid-19 ကာလတွင် ပြည်သူများကို ထောက်ပံ့ပေးမှုအနေဖြင့် လတ်တလောအခြေအနေတွင် အစီအစဉ်မရှိပါကြောင်း၊ သတင်းစာရှင်းလင်းပွဲ၏ အကြံပြုချက်အနေဖြင့် တင်ပြပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**BBC သတင်းဌာနမှ သတင်းထောက် နန္ဒ**က လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပတ်သက်သည့်ကိစ္စ ဖြစ်ပါကြောင်း၊ ငွေများယူသည့်ကိစ္စများကို တိုင်ကြားပါဟု ပြောကြားခဲ့ပါကြောင်း၊ မိမိပြောလိုသည်မှာ ထိုကိစ္စထက်ဆိုးသည့် ကိစ္စဖြစ်ပါကြောင်း၊ ညဖမ်းသွားပြီး မနက်တွင် အလောင်းပဲပြန်ရသည်ဆိုသည့် သတင်းများကို မိသားစုဝင်များ၏ ပြောခြင်းများအရ ကြားရပါကြောင်း၊ စစ်ခုံရုံးများရှိပြီး စစ်ဥပဒေများလည်းရှိပါကြောင်း၊ အခြားတည်ဆဲဥပဒေများလည်းရှိသည့်ကြားက ယခုကဲ့သို့ လူတစ်ဦးညဘက်အဖမ်းခံရပြီး မနက်ဘက် သေဆုံးသည်ဆိုသည့် ကိစ္စသည် ကြောက်ရွံ့ဖွယ်ကိစ္စဖြစ်ပါကြောင်း၊ အချို့လည်းနှိပ်စက်ခံရ၍ မူရင်းရုပ်မရှိကြတော့သည့်ပုံများကို သတင်းများမှာ တွေ့ရပါကြောင်း၊ ထိုကိစ္စများကို မည်သို့ စုံစမ်းစစ်ဆေးမှုများရှိပါသလဲ၊ နောက်နောင် ဒီကိစ္စမျိုးဖြစ်မလာရန်အတွက် မည်သို့ဆောင်ရွက်ထားသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က လူတစ်ဦးတစ်ယောက်သေဆုံးခြင်းနှင့် ပတ်သက်၍ သေပြီ လာယူပါဟု ပြော၍မရပါကြောင်း၊ သေမှုသေခင်း ဖွင့်လှစ်ထားသည်များလည်း ရှိပါကြောင်း၊ ဆရာဝန်၏ စစ်ဆေးချက်များလည်းရှိပါကြောင်း၊ ဆရာဝန်များ၏ စစ်ဆေးချက်သည် ကျွမ်းကျင်သူများ၏ စစ်ဆေးချက်ဖြစ်ပါကြောင်း၊ သက်သေခံဥပဒေအရ သက်သေခံနိုင်သည့် အကျုံးဝင်သည့် စစ်ဆေးချက်များဖြစ်ပါကြောင်း၊ ဖမ်းဆီးမှုများ၊ သေဆုံးမှုများရှိပါကြောင်း၊ ဖမ်းဆီးသူ ဘယ်လောက်ရှိပြီလဲ၊ သေဆုံးသူ ဘယ်လောက်ရှိပြီလဲ ဆိုခြင်းများကို ဖုံးကွယ်ထားခြင်း မရှိပါကြောင်း၊ ဖုံးကွယ်ထားခြင်းမရှိခြင်းကြောင့် မိသားစုဝင်များကို သေဆုံးလျှင်သေဆုံးကြောင်း ပြောရခြင်းဖြစ်ပါကြောင်း၊ သေဆုံးလျှင်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာဝန်၏ သက်သေခံချက်၊ ဘာကြောင့် သေဆုံးရသည်ဆိုသည့် ရင်ခွဲစစ်ဆေးချက်များကို အချိန်မရွေး စစ်ဆေးကြည့်ရှုနိုင်သည်ဟု ပြောလိုပါကြောင်း ရှင်းလင်းဖြေကြားသည်။

**BBC သတင်းဌာနမှ သတင်းထောက် နန္ဒ**က ဆရာဝန်များ၏ စစ်ဆေးကြည့်ရှုချက်များကို ဘယ်မှာစစ်ဆေးကြည့်ရှုလို့ရသလဲ၊ မြို့နယ်အဆင့်မှာတောင်းကြည့်ရမှာလား သိချင်ကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဆရာဝန်များ၏ စစ်ဆေးချက်များကို မြို့နယ်အဆင့်မှာ တောင်းကြည့်၍ရသည်မှာ ဟုတ်ပါကြောင်း ဖြေကြားသည်။

**BBC သတင်းဌာနမှ သတင်းထောက် နန္ဒ**က အာဆီယံကိစ္စဖြစ်ပါကြောင်း၊ အခြေအနေတည်ငြိမ်သည့်အခါတွင် လာခွင့်ပြုမည်ဟု အကြမ်းဖျင်းအားဖြင့် နားလည်ပါကြောင်း၊ မိမိတို့နားလည်သည်က ပြဿနာများ၊ အခြေအနေများ မတည်ငြိမ်သည့် အတွက်ကြောင့် ဝင်ရောက်ပြီး ပူးပေါင်းဆောင်ရွက်သည်ဟု နားလည်ပါကြောင်း၊ တည်ငြိမ်မှုဆိုလျှင် ဘာလိုဦးမည်လဲ၊ အာဆီယံဝင်ရန်ကိစ္စတွင် နှောင့်နှေးကြန့်ကြာမှုဘာများရှိနေ၍ ယခုချိန်ထိ မဝင်နိုင်သေးသလဲ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြောခဲ့သည်မှာ အချက် သုံးချက် ပါဝင်ပါကြောင်း၊ မိမိတို့ မည်သို့ ပူးပေါင်းဆောင်ရွက်မည်၊ မိမိတို့ ပူးပေါင်းမဆောင်ရွက်ဟု ပြောခဲ့ခြင်းမရှိပါကြောင်း၊ အာဆီယံနိုင်ငံများ၏ အပြုသဘောဆောင်သည့် အကြံပြုချက်များ၊ အပြုသဘောဆောင်သည့် ဆွေးနွေးချက်များအားလုံးကို အလေးအနက်ထားသည်ဟု ပြောခဲ့ပါကြောင်း၊ အလေးအနက်ထား၍သာလျှင် အင်ဒိုနီးရှားနိုင်ငံကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုယ်တိုင်သွားရောက်ပြီး ဖြစ်ပျက်ခဲ့သည့် အခြေအနေများကို ပြောခဲ့ခြင်းဖြစ်ပါကြောင်း၊ အခြေအနေ တစ်ခု တည်ငြိမ်အေးချမ်းသွားလျှင် ပူးပေါင်းဆောင်ရွက်မည်ဟု ပြောခဲ့ပါကြောင်း၊ ယခုအခါ လမ်းပေါ်ထွက်ဆန္ဒပြနေသည်များ နည်းသွားသော်လည်း ဗုံးထောင်ဖောက်ခွဲ တိုက်ခိုက်မှုများ၊ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်မှုများ ရှိနေပါကြောင်း၊ ထိုအရာများ ငြိမ်းချမ်းသွားရန် လိုပါကြောင်း၊ ငြိမ်းချမ်းမှသာ အခြေအနေအမှန်ကို ဆက်လက်ပူးပေါင်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**BBC သတင်းဌာနမှ သတင်းထောက် နန္ဒ**က ကချင်နှင့် ကရင်ပြည်နယ်ဘက်တွင် တိုက်ပွဲများ ပြင်းထန်လာပါကြောင်း၊ ကချင်ဘက်တွင် ရဟတ်ယာဉ်တစ်စင်း ပစ်ချခံခဲ့ရပါကြောင်း၊ သတင်းများ အမျိုးမျိုးထွက်နေပါကြောင်း၊ သို့သော်လည်း တပ်မတော်ဘက်မှပြောသည်ကို ကြားလိုပါကြောင်း၊ ထိုဒေသများတွင် တပ်မတော်အခြေအနေ မည်သို့ရှိသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ကချင်ပြည်နယ်၊ မြို့သစ်ဘက်တွင် ဒေသအခေါ် တာဝါတိုင်ကုန်းကို KIA အနေဖြင့် သိမ်းပိုက်ခဲ့ခြင်းရှိကြောင်း၊ ထို့အပြင် အလောဘွမ်ကို သိမ်းပိုက်ခဲ့ခြင်းရှိကြောင်း၊ ၎င်းတို့အနေဖြင့် သာလွန်အင်အားဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြို့နှင့်နီးသည့် မြို့သစ်ကုန်းကို တပ်မတော်အနေဖြင့် ပြန်လည် သိမ်းပိုက်နိုင်ခဲ့ကြောင်း၊ ဗန်းမော်ဘက်တွင်ရှိသည့် ကိစ္စများကို လုံခြုံရေးစိတ်ချရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းဘက်တွင် နေ့စဉ်နီးပါး တိုက်ပွဲဖြစ်ပွားလျက်ရှိကြောင်း၊ တိုက်ပွဲနှင့် ပတ်သက်ပြီးပြောရလျှင် KIA အနေဖြင့် ကချင်ပြည်နယ်တွင် ရှိသည့်သူများကို ၎င်းတို့ထံဝင်ကြရန် ဆိုသည့် ကြေညာချက်မျိုးထုတ်ထားသဖြင့် နယ်မြေဒေသ ပြန်လည်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်တွင် တပ်မဟာ ၅ နှင့် အချို့တပ်မဟာများက အစိတ်အပိုင်းအချို့သာပါဝင်ပြီး အားလုံးမပါဝင်ပါကြောင်း၊ KNU ဥက္ကဋ္ဌ ဖထီးစောမူတူးစေဖိုး ကိုယ်တိုင်ကြေညာချက်ထုတ်၍ ပြောပြီးဖြစ်ပါကြောင်း၊ အချို့ တပ်မဟာ ၆ ဘက်၏ ခရိုင်များမှလည်း သဘောထားထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း၊ တိုက်ပွဲဖြစ်ခဲ့ရသည့် အကြောင်းအရင်းအနေဖြင့် တပ်မတော်စခန်း တစ်ခုဖြစ်သည့်

*စာမျက်နှာ ၂၃ သို့*

# မကွေးတိုင်းဒေသကြီး နိုင်ငံပိုင်ရုပ်ရှင်ရုံ မကွေး(မင်္ဂလာစံပြ)၊ တောင်တွင်းကြီး (ရွှေလမင်း)နှင့် ပတ်သက်၍ တာဝန်နှင့်ဝတ္တရားများ လွှဲပြောင်းသည့် စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကျင်းပ

မကွေး မေ ၂၂

ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူစီမံခန့်ခွဲလျက်ရှိသော မကွေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်ရုပ်ရှင်ရုံ မကွေး(မင်္ဂလာစံပြ)၊ တောင်တွင်းကြီး(ရွှေလမင်း)နှင့် ပတ်သက်၍ တာဝန်နှင့်ဝတ္တရားများ လွှဲပြောင်းသည့် စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကို မေ ၂၀ ရက်က တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က တိုင်းဒေသကြီးတွင် နိုင်ငံပိုင်ရုပ်ရှင်ရုံ မကွေး(မင်္ဂလာစံပြ) ရုပ်ရှင်ရုံက ရုပ်ရှင်ပြသမှုစနစ် အဆင့်မြှင့်တင်ခြင်း (Digital)စနစ် ပြောင်းလဲပြသပြီးဖြစ်ကြောင်း၊ တောင်တွင်းကြီး (ရွှေလမင်း)ရုပ်ရှင်ရုံမှာ ရုပ်ရှင်ငှားရမ်းရေး တင်ဒါခေါ်ယူပြီး တင်ဒါအောင်မြင်၍ ကိုဗစ်ကာလ အလွန်တွင် အဆင့်မြှင့် ဒစ်ဂျစ်တယ်စနစ်ဖြင့် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးမှာ နိုင်ငံတော်က ပုဂ္ဂလိကလုပ်ငန်းရှင်များကို အပြီးရောင်းချထားသည့် ရုပ်ရှင်ရုံ ကိုးရုံထဲမှ ပခုက္ကူမြို့မှတစ်ရုံနှင့် ချောက်မြို့မှ ရုပ်ရှင်ရုံတစ်ရုံတို့က ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြသနေပြီဖြစ်ကြောင်း၊ ကျန်သည့် ခုနစ်ရုံမှာ ရုပ်ရှင်ပြသရန် စည်းကမ်းသတ်မှတ်ချက်ပါ ရုပ်ရှင်ရုံများ ဖြစ်သောကြောင့် အဆင့်မြင့် ဒစ်ဂျစ်တယ်ရုပ်ရှင်ပြသခြင်းလုပ်ငန်း မဖြစ်မနေလုပ်ကိုင်ရန်ဆိုသည်ကို ပြန်ကြားရေးဝန်ကြီးဌာနက အကြောင်းကြားထားကြောင်း၊ ရုပ်ရှင်ရုံများနှင့်ပတ်သက်ပြီး စီမံခန့်ခွဲခွင့်/ ကြီးကြပ်ခွင့် လွှဲပြောင်းပေးအပ်ပြီးဖြစ်သည့်အတွက် အလေးထားဆောင်ရွက်မည်ဖြစ်သလို ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့်အတူ ညှိနှိုင်းပေါင်းစပ်ပြီး လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က နိုင်ငံပိုင်ရုပ်ရှင်ရုံ မကွေး (မင်္ဂလာစံပြ)၊ တောင်တွင်းကြီး (ရွှေလမင်း) နှင့် ပတ်သက်၍ နိုင်ငံပိုင်ရုပ်ရှင်ရုံများ တာဝန်နှင့်ဝတ္တရားများ လွှဲပြောင်းသည့် စာချုပ် ချုပ်ဆိုရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံပိုင်ရုပ်ရှင်ရုံ မကွေး(မင်္ဂလာစံပြ)၊ တောင်တွင်းကြီး (ရွှေလမင်း) တို့နှင့်ပတ်သက်၍ သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးခြင်းဆောင်ရွက်ရာ လွှဲပြောင်းပေးအပ်ခြင်း စာချုပ်ကို ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကျွမ်းကျင်သူ ဦးသိန်းနိုင်တို့က လက်မှတ်ရေးထိုးကြပြီး လွှဲပြောင်းလက်ခံခြင်း စာချုပ်ကို တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် (၅) ရဲမှူးကြီး လှိုင်တင့်နှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး ညွှန်ကြားရေးမှူး ဦးမျိုးအောင်တို့က လက်မှတ်ရေးထိုးကာ နိုင်ငံပိုင်ရုပ်ရှင်ရုံ မကွေးမြို့– (မင်္ဂလာစံပြ) ရုပ်ရှင်ရုံအား နှစ်ရှည်ငှားရမ်းခွင့်ရရှိသူ မကွေးမြို့ ရွှေတော်ဝင်ရုပ်ရှင်ရုံ ပိုင်ရှင် ဦးမောင်ဝင်း(ခ) ဦးမောင်ထွေးနှင့် ပူးတွဲဆောင်ရွက်သူ မင်္ဂလာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဇော်မင်းတို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံပိုင်ရုပ်ရှင်ရုံ မကွေး(မင်္ဂလာစံပြ)၊ တောင်တွင်းကြီး(ရွှေလမင်း)တို့နှင့် ပတ်သက်သည့် စာချုပ်ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သက်ဆိုင်ရာ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

*စာမျက်နှာ ၂၂ မှ*

ထိုးမှုထစခန်းကို ဝင်ရောက် တိုက်ခိုက်ခြင်းမှစပြီး ဖြစ်ခြင်း ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ကရင်ပြည်နယ်ဘက် တိုက်ပွဲအခြေအနေဖြင့် ထိတွေ့ တိုက်ပွဲကြီးကြီးမားမား မရှိပါကြောင်း၊ ချောင်းပစ်၊ မြောင်းပစ်ကိစ္စများ ရှိနေသေးပါကြောင်း၊ ဖြစ်ပွားနေသေးသည်ဟု ပြောလိုပါကြောင်း ဖြေကြားသည်။

**People Media မှ သတင်းထောက် ဦးကျော်စိုးဦး**က CDM လုပ်ခဲ့သည့် ရဲတပ်ဖွဲ့များကို ၎င်းတို့ မူလတာဝန်များကို ပြန်လည်ထမ်းဆောင်မည်ဆိုပါက တည်ဆဲဥပဒေဖြင့် အရေးယူမလား၊ မယူဘူးလားဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က အဆိုပါကိစ္စသည် ရဲစည်းကမ်းဥပဒေနှင့်သာ သက်ဆိုင်မည်ဖြစ်ကြောင်း၊ ရဲဝန်ထမ်းများနှင့် စစ်ဝန်ထမ်းများသည် သာမန်ဝန်ထမ်းများနှင့် မတူညီကြောင်း၊ CDM သည်အမှုကြီးကြောင်း၊ စစ်ဝန်ထမ်းများ ခွင့်မဲ့ပျက်ကွက်နှင့်ပတ်သက်၍ ဦးစွာရှင်းပြလိုကြောင်း၊ ခွင့်မဲ့ပျက်ကွက်ဖြစ်ပွားသည့် တပ်မတော်သားတစ်ဦးသည် အချိန်အားဖြင့် ဘယ်နှနာရီကျော်လျှင် ခွင့်မဲ့ပျက်ကွက် ဖြစ်သည်ဆိုတာရှိကြောင်း၊ ဘယ်နှရက်ကျော်လျှင် စစ်ပြေးဖြစ်တယ်ဆိုပြီး ကြေညာကြောင်း၊ စစ်ပြေးဆိုလျှင် ပြန်လည်တာဝန်ထမ်းဆောင်၍ မရကြောင်း၊ ထောင်ကျမည်ဖြစ်ကြောင်း၊ ရဲမှုထမ်းများတွင်လည်း စည်းမျဉ်းကွာခြားလိမ့်မည်ဟု မထင်ကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ရဲမှုထမ်းစည်းမျဉ်းနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆက်လက် ရှင်းလင်းပြောကြားပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ **မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦး** က ရဲတပ်ဖွဲ့တွင် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေဆိုတာရှိကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည် ကျန်သည့်တည်ဆဲဥပဒေများကို လေးစားလိုက်နာရသလို ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေကိုလည်း လိုက်နာရကြောင်း၊ တပ်ဖွဲ့ဝင်တစ်ဦးကို အရေးယူဆောင်ရွက်ရာတွင် ၎င်း၏ကျူးလွန်သည့် ပြစ်မှုအတိုင်းအတာပေါ် မူတည်ပြီး နယ်ဘက်ဥပဒေနှင့် သက်ဆိုင်သလား၊ ရဲစည်းကမ်းဥပဒေနှင့် သက်ဆိုင်သလားဆိုသည်ကို သုံးသပ်ဆောင်ရွက်ရကြောင်း ဖြည့်စွက် ဖြေကြားသည်။

**People Media မှ သတင်းထောက် ဦးကျော်စိုးဦး** က မူလတန်းမှ တက္ကသိုလ် အသီးသီးအထိ ကျောင်းများပြန်လည်ဖွင့်လှစ်မည်ဟု သိရကြောင်း၊ ယင်းသို့ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် CDM လုပ်သွားသည့် ကျောင်းဆရာဆရာမများနေရာတွင် အစားထိုးဆောင်ရွက်သွားမည်လား သို့မဟုတ် ကျန်ခဲ့သည့် ဆရာ ဆရာမ အင်အားနှင့်သာ သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်လား သိလိုကြောင်း မေးမြန်းသည်

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ပညာရေးဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများနေရာတွင် ပြန်လည်ခန့်အပ်ရန် လုပ်ဆောင်နေသည်များရှိကြောင်း၊ ကျောင်းအုပ်ချုပ်မှုတာဝန်များ၊ ကျောင်းအုပ်ကြီးများအနေဖြင့် ပျက်ကွက်ပါက မြို့နယ်အဆင့်၊ ခရိုင်အဆင့် စသည်ဖြင့် အဆင့်ဆင့် တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ပညာရေးဝန်ကြီးဌာနမှ ဆက်လက်ရှင်းလင်းပြောကြားသွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ **ပညာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦး**က ပျက်ကွက်သွားသည့် ဆရာ ဆရာမများအနေဖြင့် လက်ရှိတွင် ပြန်လည် တာဝန်ထမ်းဆောင်လာသည်များလည်းရှိကြောင်း၊ နောက်ပိုင်းတွင် ပျက်ကွက်သွားသည့် ဆရာ ဆရာမများ အစားထိုး ပြန်လည်ခန့်အပ်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားသည်။

**WHO News Agency မှ သတင်းထောက် ဦးကျော်ဝဏ္ဏ**က လူတိုင်းရင်ဆိုင်နေရသည့် စက်သုံးဆီဈေးနှင့်ပတ်သက်၍ မေးမြန်းလိုကြောင်း၊ အဆိုပါ ကိစ္စသည် ကုန်စည်စီးဆင်းမှုနှင့် လမ်းပန်းဆက်သွယ်ရေးတို့ ဆက်စပ်နေခြင်းကြောင့် ဈေးနှုန်းမြင့်တက်နေသည့် ကိစ္စအား မည်သို့ဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**စက်သုံးဆီများ ထပ်မံဝင်ရောက်ရန်ရှိ**

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က စက်သုံးဆီနှင့်ပတ်သက်၍ ကုန်စည်စီးဆင်းမှုမှန်ကန် မြန်ဆန်ရေးအဖွဲ့နှင့် နိုင်ငံခြားမှ ဝင်ရောက်လာမည့် စက်သုံးဆီများလည်း ရှိပါကြောင်း၊ လက်ရှိ မြန်မာနိုင်ငံအတွင်း ရောက်ရှိနေသည့် စက်သုံးဆီနှင့် မြန်မာနိုင်ငံအတွင်းမှ ထုတ်လုပ်နေသည့် စက်သုံးဆီဆိုပြီးရှိကြောင်း၊ မြန်မာနိုင်ငံအတွင်းရောက်ရှိနေသည့် စက်သုံးဆီသည် တစ်နိုင်ငံလုံးတွင် အသုံးပြုသည့် စက်သုံးဆီ အနေအထားနှင့် တွက်ဆလျှင် နောက်ထပ်သုံးလခန့် အသုံးပြု၍ရသည့် ပမာဏရှိကြောင်း၊ နောက်ထပ် ထပ်မံဝင်ရောက်သည်များလည်း ရှိကြောင်း၊ နောက်ထပ် ထပ်မံဝင်ရောက်သည့် စက်သုံးဆီများသည် လကုန်ပိုင်းခန့်တွင် ထပ်မံဝင်ရောက်ရန်ရှိသည်ဟု သတင်းပို့ချက်များအရ သိရကြောင်း၊ အဆိုပါစက်သုံးဆီများ ထပ်မံရောက်ရှိလာပါက စက်သုံးဆီ ဈေးနှုန်းလည်း အထိုက်အလျောက် လျော့ကျလိမ့်မည်ဟု ထင်မြင်မိပါကြောင်း၊ သို့သော် ကမ္ဘာ့အခြေအနေကို နှိုင်းယှဉ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ လက်ရှိကမ္ဘာတွင် စက်သုံးဆီဈေးနှုန်းသာမက အခြားသော ကုန်ပစ္စည်းဈေးနှုန်းများလည်း အထိုက်အလျောက်မြင့်တက်နေကြောင်း၊ စက်သုံးဆီနှင့်ပတ်သက်ပြီး စက်သုံးဆီများ တင်သွင်းခြင်းလုပ်ငန်းများ လွယ်ကူစွာဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအတွင်းမှာ တချို့စက်သုံးဆီများ၊ စက်သုံးဆီစက်ရုံများ လည်ပတ်နိုင်ရန်အတွက် ယခင်အပတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ခရီးစဉ်တွင် သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ ထို့အပြင် ယင်းကိစ္စနှင့်ပတ်သက်သည့် စီမံချက်များကိုလည်း ဆက်လက်ဆောင်ရွက်နေကြောင်း ဖြေကြားသည်။

**97 Media မှ သတင်းထောက်ချုပ် ဦးစောရဲဦး**က အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့တွင် လက်ရှိ Covid-19 ရောဂါ ဖြစ်ပွားမှုနှုန်းသည် မြင့်မားလျက်ရှိကြောင်း၊ အဆိုပါ နိုင်ငံများတွင် ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားလျက်ရှိသော်လည်း မြန်မာနိုင်ငံတွင် ၎င်းတို့နိုင်ငံများလောက် ဖြစ်ပွားမှု မရှိကြောင်း၊ ထိုသို့ ရောဂါဖြစ်ပွားမှုများ နည်းပါးအောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်ကဲ့သို့ ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း၊ နောက်ထပ် Covid-19 ရောဂါကာကွယ်ရေးအတွက် မည်သို့ ဆောင်ရွက်သွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပညာပေးမှုလုပ်ငန်းများ လုပ်ဆောင်ကြရန် မှာကြား**

**ဗိုလ်ချုပ်ဇော်မင်းထွန်း** က Covid-19 ရောဂါကူးစက်မှု လျော့ကျမှုနှင့် ပတ်သက်ပြီး ပြည်သူလူထု၏ လိုက်နာမှုကြောင့်ဟု ပြောရမည်ဖြစ်ကြောင်း၊ သို့သော် အသိပေးလိုသည်မှာ လုံးဝစိတ်ချရသည့် အနေအထားမဟုတ်ကြောင်း၊ Covid-19 ရောဂါနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံတွင် စစ်ဆေးခံနိုင်မှုနှင့် စစ်ဆေးမှုမှာ နည်းပါးနေသေးသည်ကို တွေ့ရကြောင်း၊ မိမိသိရသလောက် ရာခိုင်နှုန်းအနည်းအကျဉ်းသာ ရှိပါကြောင်း၊ ထို့ကြောင့် မတွေ့သည်ဟု ယူဆကြောင်း၊ မကြာသေးမီရက်ပိုင်းတွင် ဘူးသီးတောင်–မောင်တောဘက်တွင် Covid-19 ရောဂါ ပြန်တွေ့သည်ဟု ကြားမိသေးကြောင်း၊ Covid-19 ရောဂါ ဒုတိယလှိုင်းဖြစ်ပွားခဲ့မှုကို သတိပြုစေလိုကြောင်း၊ Covid-19 ရောဂါ ဒုတိယလှိုင်းဖြစ်ပွားသည့်အချိန်တွင် အနောက်ဘက်မှ ဝင်လာသည်ဟု ယူဆရကြောင်း၊ ဘူးသီးတောင်–မောင်တော– စစ်တွေဘက်မှ စတင်တွေ့ရှိခဲ့ကြောင်း စတွေ့ပြီးနောက်ပိုင်းတွင် လေယာဉ်ခရီးစဉ်များတွင် လိုက်ပါလာသူများအား သတင်းစာများတွင် ထည့်သွင်း၍ သက်ဆိုင်ရာသို့ လာရောက်သတင်းပို့ကြရန် ကြေညာချက်များ ထည့်သွင်းခဲ့သည်ကို အားလုံးမှတ်မိသေးမည်ထင်ကြောင်း၊ Covid-19 ရောဂါနှင့် ပတ်သက်၍ နိုင်ငံများတွင် တတိယလှိုင်းဖြစ်ပွားလျက်ရှိကြောင်း၊ အရှေ့တောင် အာရှတွင် မိမိတို့နိုင်ငံသည် မျှော်မှန်းသက်တမ်းအနိမ့်ဆုံး နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် Covid-19 ရောဂါနှင့် ပတ်သက်၍ လိုက်နာဖို့၊ အသိပေးဖို့ လိုအပ်သေးကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ပြီးခဲ့သည့် အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ကို အထူးညွှန်ကြားလိုက်သည်ရှိကြောင်း၊ Covid-19 ရောဂါ အခြားနိုင်ငံများတွင်ဖြစ်ပွားနေသဖြင့် အထူးဂရုစိုက်ရန်လိုကြောင်း၊ ဒါနှင့်ပတ်သက်၍ အထင်မသေးမိရန်လိုကြောင်းကို လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့အပြင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် Covid-19 ရောဂါနှင့် ပတ်သက်ပြီး လှုံ့ဆော်မှုများ၊ သတိပေးမှုများ၊ ပညာပေးမှုလုပ်ငန်းများလုပ်ဆောင်ကြရန် မှာကြားခဲ့ကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့်လည်း ဂရုပြုဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် ပြည်သူလူထုကို အသိပေးလိုသည်မှာ Covid-19 ရောဂါ တတိယလှိုင်းနှင့် ပတ်သက်ပြီး အချို့နိုင်ငံများတွင် ဆိုးရွားစွာခံစားနေရကြောင်း၊ ထို့ကြောင့် မပေါ့ဆမိရန်နှင့် အထင်မသေးမိရန်လိုအပ်မည်ဖြစ်ကြောင်း၊ Covid-19 ရောဂါနှင့် ပတ်သက်ပြီး ရောဂါသံသယဖြစ်ပွားပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများတွင် စစ်ဆေးမှုများ ခံယူကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ထို့အပြင် ကျန်းမာရေး ဝန်ထမ်းများအနေဖြင့်လည်း ကပ်ရောဂါကာလမှာ မိမိတို့၏ တာဝန်များကို ပြန်လည်ထမ်းဆောင်ကြရန် တိုက်တွန်းလိုကြောင်း ထည့်သွင်းပြောကြားသည်။ ။

# စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်နေမှု "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ဆေး

**ဟိုပန် မေ ၂၂**

ကျောင်းဖွင့်ရာသီတွင် ကျောင်းသားကျောင်းသူများ အဆင်ပြေစွာ စာသင်ကြားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှု အခြေအနေများကို "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်နှင့်အဖွဲ့က လိုက်လံစစ်ဆေးလျက်ရှိရာ မေ ၂၀ ရက်တွင် ဟိုပန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကြည့်ရှုစစ်ဆေးသည်။

စာသင်ခန်းများ ပြင်ဆင်ထားရှိမှု၊ စာသင်ခုံ၊ ထိုင်ခုံများ ပြန်လည်ပြင်ဆင်နေမှု၊ ကျောင်းတွင်း/ကျောင်းပြင် သန့်ရှင်းရေးဆောင်ရွက်နေမှုတို့ကို စစ်ဆေးခဲ့ပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်လေးမူနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သီတာထွန်းတို့က လိုအပ်သည်များကို တင်ပြ၍ ဥက္ကဋ္ဌက ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းတွင် နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်နှင့် ရဲမေများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများနှင့် ဆရာ ဆရာမများ ပါဝင်ဆောင်ရွက်ကြသည်။



"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအနေဖြင့် တိုင်းအတွင်း ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေမှု အခြေအနေ များနှင့်ပတ်သက်၍ အခြားကျောင်းများကိုလည်း ဆက်လက်စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

*စာမျက်နှာ ၂၀ မှ*

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံသား၊ တိုင်းရင်းသားများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိစေရန် ပန်းခင်းစီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် ပါဝင်သည့် ရွှေ့ပြောင်းနေထိုင်သူများအတွက် အိမ်ထောင်စု လူဦးရေစာရင်း ထုတ်ပေးနိုင်ရန် စိစစ်အတည်ပြုပေးမည့် ပုဂ္ဂိုလ်ငါးဦး ခေါ် (၅)ဦးကော်မတီဝင်များကိုလည်း ပြည်သူများ သိရှိထားရန် လိုအပ်ပေသည်။

(၅)ဦး ကော်မတီဝင်များမှာ-

(၁) မြို့နယ်ဦးစီးမှူး(လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ)
(၂) မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ကိုယ်စားလှယ်တစ်ဦး
(၃) မြို့နယ်ရဲတပ်ဖွဲ့ ကိုယ်စားလှယ် တစ်ဦး
(၄) မြို့နယ်ကျန်းမာရေးဦးစီးဌာန ကိုယ်စားလှယ် တစ်ဦး
(၅) ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ ပါဝင်ကြသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသည် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားများ၊ တိုင်းရင်းသားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိစေရေးအတွက် ဆောင်ရွက်ပေးနေသလို ဝန်ကြီးဌာန၏ သက်ဆိုင်ရာမြို့နယ်များတွင်ရှိသော ဦးစီးဌာန မြို့နယ်လဝကရုံးများ၌လည်း တစ်ပြိုင်တည်း ဆောင်ရွက်ပေးလျက် ရှိသည်။

### အဓိကလိုအပ်ချက်

နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်နိုင်ရန်အတွက် အိမ်ထောင်စုလူဦးရေစာရင်းရှိရန် လိုအပ်ပေသည်။ သို့ပါ၍ နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အခြေခံသည် အိမ်ထောင်စုလူဦးရေစာရင်းဖြစ်သည်။ အိမ်ထောင်စုလူဦးရေစာရင်း မရှိဘဲနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မည်သို့မျှ ပြုလုပ်၍ရနိုင်မည် မဟုတ်ပေ။ မိမိတို့ လူမျိုးများသည် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့နှင့် ပတ်သက်လျှင် လွန်စွာမှ ပေ့ါဆကြသည်ဟုဆိုလျှင် လွန်အံ့မထင်။ အချို့သည် ရေကြည်ရာ မြက်နုရာ ဆိုသကဲ့သို့ အရပ်ဒေသမျိုးစုံ လှည့်လည်လုပ်ကိုင်နေထိုင် စားသောက်လျက်ရှိနေကြသော်လည်း အိမ်ထောင်စုလူဦးရေစာရင်းမရှိ၊ မှတ်ပုံတင်မရှိ၊ ရှိအောင် ဆောင်ရွက်လုပ်ကိုင်ရမှန်းလည်းမသိ။ သိအောင်လည်း မစဉ်းစားကြပေ။

မှတ်ပုံတင်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့နှင့် ပတ်သက်၍ ပြောနေကျစကားများရှိသည်။ "တို့က ဒီနိုင်ငံသား၊ ဒီနိုင်ငံမှာမွေးပြီး ဒီမှာသေမှာ၊ ဘယ်မှလည်း ခရီးသွားစရာမရှိဘူး၊ ဘာမှလည်း လုပ်စရာမရှိဘူး၊ ဒီတော့ သန်းခေါင်စာရင်းတွေ(အိမ်ထောင်စုလူဦးရေစာရင်းကို ပြောခြင်းဖြစ်သည်) မှတ်ပုံတင်တွေ လုပ်စရာမလိုဘူး"ဟု။ လိုအပ်၍ လဝကရုံးသို့ သွားရောက်လုပ်ဆောင်ရသည့်အခါ ရုံးဝန်ထမ်းက လိုအပ်သည့် စာရွက်စာတမ်းနှင့် အထောက်အထားများကို တောင်းခံမေးမြန်းသည့်အခါ လဝကရုံးက "ရစ်သည်"ဟု ပြောတတ်ကြသည်။

### နိုင်ငံသားစိစစ်ရေးကတ်ပြား ရှိမှသာ

နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု ပြုလုပ်ခြင်းနှင့်ပတ်သက်၍ မြို့နယ် လဝကဦးစီးမှူးတစ်ဦး၏ ပြောစကားကို အမှတ်ရနေဆဲဖြစ်သည်။ "ပိုက်ဆံရှိရင် ရွှေဝယ်ရတာ မြန်တယ်၊ နိုင်ငံသားကတ်က ပိုက်ဆံရှိတိုင်း လုပ်လို့ရတာမဟုတ်ဘူး၊ မိဘဘိုးဘွားတွေရဲ့ နိုင်ငံသားဖြစ်တည်မှု၊ မျိုးရိုးစဉ်ဆက်၊ ဒါတွေအားလုံးကို စိစစ်ရတာ၊ တချို့က မလိုအပ်ဘူး၊ မလုပ်ဘူးပေ့ါ၊ နိုင်ငံသားစိစစ်ရေးကတ် မလုပ်ဘူး၊ ရှိမထားဘူးဆိုပါတော့။ ကံကောင်းပြီး ထီသာပေါက်၊ နိုင်ငံသားစိစစ်ရေးကတ် မရှိတာနဲ့ပဲ ထီဆုက ထုတ်မရဘူးဖြစ်မှာ"ဟု နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အသုံးဝင် အရေးပါမှုကို ပြောပြသည်ကို မှတ်သားခဲ့ရဖူးသည်။

မြန်မာနိုင်ငံသားတိုင်း မြန်မာနိုင်ငံသားဖြစ်ကြောင်း သက်သေခံ အထောက်အထားဖြစ်သည့် မြန်မာနိုင်ငံသား စိစစ်ရေးကတ်ပြားရှိရန် လိုအပ်သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား ရှိမှသာလျှင် နိုင်ငံသားတစ်ယောက်၏ အခွင့်အရေးများကို ရရှိနိုင် မည်ဖြစ်သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် မြန်မာနိုင်ငံသားတိုင်းအား မြန်မာနိုင်ငံသား ဖြစ်တည်မှုအပေါ် မူတည်၍ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးသည့် လုပ်ငန်းကို ခေတ်အဆက်ဆက် ဆောင်ရွက်ပေးနေသည့် ဝန်ကြီးဌာနတစ်ခုဖြစ်သည်။

### မိုးပွင့်နှင့် သစ္စာ စီမံချက်

မကြာသေးမီကပင် ဝန်ကြီးဌာနသည် ပြည်သူများ နိုင်ငံသားစိစစ်ရေးကတ် ရရှိကိုင်ဆောင်နိုင်ရေးနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ရရှိရေးအတွက် "မိုးပွင့်စီမံချက်"(အဆင့် ၁ မှ ၇ အထိ)၊ "မိုးပွင့်အထူး စီမံချက်"၊ "သစ္စာစီမံချက်"များဖြင့် ဆောင်ရွက်ပေး ခဲ့သည်။ ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၆ ခုနှစ်အထိ မိုးပွင့်စီမံချက်(အဆင့် ၁ မှ ၇ အထိ)နှင့် မိုးပွင့် အထူးစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၁၂ သိန်းကျော်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၇၄ သိန်း ကျော်တို့ကို ပြုလုပ်ပေးနိုင်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

ထို့ပြင် ၂၀၁၆ မှ ၂၀၂၀ အတွင်း သစ္စာစီမံချက်ဖြင့် မြန်မာနိုင်ငံသား တိုင်းရင်းသားများအတွက် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ပြည်သူများ၏ဒေသအရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြန်သည်။ သစ္စာစီမံချက်သည် ရပ်ကွက်နှင့် ကျေးရွာများသာမက အခြေခံပညာကျောင်းများနှင့် စက်မှုဇုန်များအထိပါ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

သစ္စာစီမံချက်ကာလအတွင်း အခြေခံပညာကျောင်းများ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၁၃၆၀၀၀၀ ကျော်၊ ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၂၀၅ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး/ပျောက်ဆုံးခြင်းများ၊ သက်ပြည့်လဲလှယ်ခြင်းများ အပါအဝင် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀၈ သိန်းကျော်နှင့် အိမ်ထောင်စုလူဦးရေစာရင်း ၆၀၀၀၀ ကျော် ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

နိုင်ငံသားတိုင်းနှင့် တိုင်းရင်းသားလူမျိုးများ အိမ်ထောင်စုလူဦးရေစာရင်း ရရှိရေးနှင့် နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်နိုင်ရေးအတွက် ဝန်ကြီးဌာနက စီမံချက်များချ၍ မည်သို့ပင် ကြိုးစားအားထုတ်ကာ ကျေးရွာများအနှံ့ ဝန်ထမ်းများ ခြေဆန့်၍ ဆောင်ရွက်ပေးခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိကြသေးသူများသည် နေရာအနှံ့ ကျန်ရှိနေဆဲဖြစ်သည်။

**❖ ပန်းခင်းစီမံချက်အောင်မြင်ရေးသည် သက်ဆိုင်သည့် လဝကဌာနနှင့် ဆက်စပ်ဌာနများတွင်သာ တာဝန်ရှိသည်မဟုတ်။ နိုင်ငံသားတိုင်း၊ တိုင်းရင်းသားတိုင်း အထူးသဖြင့် အိမ်ထောင်စုလူဦးရေစာရင်း မပြုလုပ်ရသေးသူများ/ မရှိကြသေးသူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများ/မရှိကြသေးသူများ၊ နိုင်ငံအတွင်း နေထိုင်လျက်ရှိပြီး မည်သည့်အသိအမှတ်ပြုကတ်ပြားမျှ(မှတ်ပုံတင်) ကိုင်ဆောင်ထားခြင်း မရှိကြသေးသူများသည် သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများထံ ကြိုတင်အသိပေး အကြောင်းကြား၍ စာရင်းသွင်းထားကာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြင့် ပန်းခင်းစီမံချက် အောင်မြင်မည်ဖြစ်**

### ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန်လို

ပန်းခင်းစီမံချက် အောင်မြင်ရေးသည် သက်ဆိုင်သည့် လဝကဌာန နှင့် ဆက်စပ်ဌာနများတွင်သာ တာဝန်ရှိသည်မဟုတ်။ နိုင်ငံသားတိုင်း၊ တိုင်းရင်းသားတိုင်း အထူးသဖြင့် အိမ်ထောင်စုလူဦးရေစာရင်း မပြုလုပ်ရသေးသူများ/ မရှိကြသေးသူများနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများ/ မရှိကြသေးသူများ၊ နိုင်ငံအတွင်း နေထိုင်လျက်ရှိပြီး မည်သည့် အသိအမှတ်ပြုကတ်ပြားမျှ(မှတ်ပုံတင်) ကိုင်ဆောင်ထားခြင်း မရှိကြသေးသူများသည် သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများထံ ကြိုတင်အသိပေး အကြောင်းကြား၍ စာရင်းသွင်းထားကာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြင့် ပန်းခင်းစီမံချက် အောင်မြင်မည်ဖြစ်သည်။

လဝကဌာနနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူ ဝန်ထမ်းများ မည်မျှပင် ကွင်းဆင်း စာရင်းပြုစုကာ လုပ်ငန်းများ ဆောင်ရွက်ပေးစေကာမူ အဓိကကျသူများဖြစ်သည့် ပြည်သူများ ပါဝင်ဆောင်ရွက်မှု အားနည်းလျှင် စီမံချက်သည် အောင်မြင်မှုရှိမည်မဟုတ်ပေ။ သို့ဖြစ်၍ ပန်းခင်းစီမံချက် အောင်မြင်စေရန် ပြည်သူများက ဝန်ထမ်းများနှင့်အတူ လျှောက်လှမ်း၍ ပန်းခင်းဆီသို့ အရောက်လှမ်းရမည်ဖြစ်သည်။

လဝကဌာနနှင့် သက်ဆိုင်သော လုပ်ငန်းများဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်း ပြုလုပ်ခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ခြင်းတွင် ပြုလုပ်မည့်သူ၏ မိဘဘိုးဘွားစဉ်ဆက် နိုင်ငံသားဖြစ်တည်မှုများကို စနစ်တကျ စိစစ်မေးမြန်းရခြင်း၊ သက်သေခံ စာရွက်စာတမ်း အထောက်အထားများ တောင်းယူ တိုက်ဆိုင်စစ်ဆေးခြင်းတို့ကို လဝကဌာန၏ လုပ်ငန်းစဉ်များအတိုင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရသည်ဖြစ်ရာ ပြည်သူများအနေဖြင့် စိတ်ရှည်သည်းခံရန်လည်း လိုအပ်လှပေသည်။

လဝကဌာနသည် မြန်မာနိုင်ငံသား တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်စေရန် မိုးပွင့်စီမံချက်၊ သစ္စာစီမံချက်တို့ဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် လဝကဌာနသည် ပန်းခင်းစီမံချက်ကို ချမှတ်ကာ မြန်မာနိုင်ငံသား တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနေပြီဖြစ်သည်။

လဝကဌာန၏ ဆောင်ရွက်ပြီးစီးခဲ့သည့် မိုးပွင့်စီမံချက်၊ သစ္စာစီမံချက်တို့ကြောင့် မြန်မာနိုင်ငံသား တိုင်းရင်းသားများနှင့် ဥပဒေအရနိုင်ငံသားများသည် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုးကို ရရှိကိုင်ဆောင်ခွင့်ရခဲ့ကြပြီး နိုင်ငံသားတစ်ဦး၏ ရပိုင်ခွင့် အခွင့်အရေးများကိုလည်း ရရှိခဲ့ကြပြီဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စေတနာ၊ လဝကဌာနနှင့် ဆက်စပ်ဌာနများမှ ဝန်ထမ်းများ၏ ကြိုးပမ်းမှုဖြင့် ဆောင်ရွက်မည့် ပန်းခင်းစီမံချက် လုပ်ငန်းစဉ်များ အဆင်ပြေ အောင်မြင်မှုများရစေရန် ကာယကံရှင် ပြည်သူများကလည်း ပူးပေါင်းပါဝင်ကြခြင်းဖြင့် ပန်းခင်းဆီသို့ အတူလျှောက်လှမ်းကြပါစို့ဟု ဖိတ်ခေါ်ရင်းဖြင့်။ ။

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် မေ ၂၂

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်ရီရီမော် | ပါမောက္ခ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)၊ ပုသိမ်ကြီးမြို့နယ် | အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါက်တာ လွင်ဇကျင်း | ဌာနမှူး၊ နည်းပညာတက္ကသိုလ် (ကလေး)၊ ကလေးမြို့ | တီးတိန်မြို့နယ်၊ ချင်းပြည်နယ် | ၅၀၅-က |  |
| ၃ | ဒေါက်တာ ဘိုလေး | တွဲဖက်ပါမောက္ခ၊ မုံရွာတက္ကသိုလ်၊ မုံရွာမြို့ | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါက်တာ မြင့်မြင့်ကြည် | တွဲဖက်ပါမောက္ခ၊ မိုးညှင်းတက္ကသိုလ်၊ မိုးညှင်းမြို့ | မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဦးငင့်ကပ်ထန် | တွဲဖက်ပါမောက္ခ၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ဟားခါး)၊ ဟားခါးမြို့ | ဟားခါးမြို့၊ ချင်းပြည်နယ် | ၅၀၅-က |  |
| ၆ | ဒေါက်တာ ဇာနည်ဆွေ | တွဲဖက်ပါမောက္ခ၊ လားရှိုးတက္ကသိုလ်၊ လားရှိုးမြို့ | လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၅၀၅-က |  |
| ၇ | ဒေါက်တာ စုမျိုးခင် | မော်ကွန်းထိန်း၊ မိတ္ထီလာနည်းပညာတက္ကသိုလ်၊ မိတ္ထီလာမြို့ | မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဒေါက်တာ နှင်းအေးသန့် | ဌာနမှူး၊ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) ပြင်ဦးလွင်မြို့နယ် | မြစ်သားမြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်ဝင်းဝင်းမြ | ဌာနမှူး (စီမံ/စာကြည့်တိုက်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ချောက်)၊ ချောက်မြို့ | ချောက်မြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဦးထွန်းမြင့်အောင် | ဦးစီးအရာရှိ၊ ခရိုင်ပညာရေးမှူးရုံး၊ ကျောက်မဲမြို့ | မြစ်ငယ်မြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်း ပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် မေ ၂၂

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်-

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်မိုးမိုးစံ (အထက်တန်းသူနာပြု) | ကော့သောင်း ပြည်သူ့ဆေးရုံ | ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်ဝင်းဝင်းမြင့် (အထက်တန်းသူနာပြု) | မြဝတီ ပြည်သူ့ဆေးရုံ | မြဝတီမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၃ | ဒေါ်အိအိမွန် (သူနာပြု) | တကူတိုက်နယ်ဆေးရုံ | လောင်းလုံးမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်မေသက်ထား (သူနာပြု) | မန်ကျည်းပင် တိုက်နယ်ဆေးရုံ | မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဦးအောင်ရဲရင့်ဇော် (သူနာပြု) | ကျောက်ချောင်း တိုက်နယ်ဆေးရုံ | ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်ဆုစန္ဒီဝင်း (သူနာပြု) | ပြည်ကြီးမဏ္ဍိုင် တိုက်နယ်ဆေးရုံ | ပုလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါ်မီဂါ (သူနာပြု) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၅-က |  |
| ၈ | ဒေါ်နိုင်သင်းဝါ (သူနာပြု) | ကောလင်း ပြည်သူ့ဆေးရုံ | ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဦးသန်းမြင့်ဝင်း (သူနာပြု) | ရွှေဘို ပြည်သူ့ဆေးရုံ | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဦးချစ်ကိုကိုအောင် (သူနာပြု) | ကျောက်ဆည် ပြည်သူ့ဆေးရုံ | စဉ့်ကိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# နွားထိုးကြီးမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်စဉ် လက်နက်ကိုင်အကြမ်းဖက်သူ သုံးဦးကို အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၂**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်စဉ် လက်နက်ကိုင်အကြမ်းဖက်သူသုံးဦးကို အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ရှာဖွေဖော်ထုတ်**

ဖြစ်စဉ်မှာ မေ ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ခံစပ်ကုန်းကျေးရွာနှင့် ညောင်ဇင်ကျေးရွာကြားရှိ စကြံ့ာတောင်ပေါ်၌ အကြမ်းဖက်သူများက နိုင်ငံတော်ဆန့်ကျင်ရေးအတွက် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရန် လူစုခြင်း၊ ဖောက်ခွဲရေးနှင့် အကြမ်းဖက်အဖျက်အမှောင့်ဆိုင်ရာလေ့ကျင့်ခန်းများ လေ့ကျင့်ခြင်း၊ ဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်ခြင်းနှင့် လက်လုပ်သေနတ်များ ပြုလုပ်နေကြောင်း သတင်းအရ အဆိုပါတောင်ပေါ်သို့ သွားရောက်ပိတ်ဆို့ ရှာဖွေဖော်ထုတ်နိုင်ရေး ဆောင်ရွက်ခဲ့သည်။



နွားထိုးကြီးမြို့နယ်၌ လက်နက်ကိုင်အကြမ်းဖက်သူသုံးဦးအား အကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

ထိုသို့သွားရောက်ခဲ့ရာ နံနက် ၈ နာရီ မိနစ် ၂၀ ခန့်တွင် စကြံ့ာတောင်အလယ်သို့ ရောက်ရှိစဉ် အကြမ်းဖက်သူများ အတွင်းမှ ကင်းစောင့်နေသော မြင်းခြံမြို့ အမှတ်(၁၄)ရပ်ကွက်နေ ရဲရဲထွန်း (ခ) ဖိုးရဲ (၂၂နှစ်) (ဘ) ဦးတင်ဝင်းပါ အမျိုးသားနှစ်ဦးကို ဦးထုပ် ၁၀ လုံး၊ ကျောပိုးအိတ်တစ်လုံးတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး တောင်ထိပ်သို့ ဆက်လက်ရှာဖွေခဲ့ရာ တောင်ထိပ်နားအရောက်တွင် လက်နက်ကိုင်အကြမ်းဖက်သူများက တူမီးသေနတ်၊ လက်လုပ်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ လက်နက်ကိုင်အကြမ်းဖက်သူများမှာ တောင်၏အရှေ့ဘက်ခြမ်းမှ တောင်အောက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

**ဖမ်းဆီးရမိ**

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အဆိုပါတောင်၏ အရှေ့ဘက်ခြမ်းသို့ ဆက်လက်ရှာဖွေရာ တောင်ခြေရှိ တောင်ရှေ့ကန်ဘုန်းကြီးကျောင်းသို့ ရောက်ရှိစဉ် အဆိုပါဘုန်းကြီးကျောင်း၌ ခံစပ်ကုန်းကျေးရွာနေ ခင်မောင်ချင်း(ခ) ခြင်းလုံး (၂၆နှစ်) (ဘ) ဦးဖိုးချိုကို လက်လုပ်သေနတ်အတိုတစ်လက်၊ ဂက်စ်သေနတ်နှစ်လက်၊ လက်လုပ်မိုင်း ၁၇ လုံး၊ ယမ်းထောင်းတံ ကိုးချောင်း၊ ကျည်ကာအင်္ကျီ နှစ်ထည်၊ အနက်ရောင် လျှာထိုးဦးထုပ် ၂၄ လုံး၊ ပြောက်ကျားဦးထုပ်အဝိုင်း ၂၀၊ ကျောပိုးအိတ်ငါးလုံး၊ လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ယမ်း၊ မြေစေး၊ ကန့်၊ မူလီ၊ စက္ကူများ ရောထည့်ထားသည့် စတီးဇလုံတစ်လုံး၊ အနက်ရောင်ဝတ်စုံ အစုံ ၃၀၊ ကင်းဘတ်ဖိနပ် ခြောက်ရံ၊ ဘေးလွယ်အိတ် တစ်လုံး၊ မှိန်းလေးချောင်း၊ ခဲသီးအလုံး ၂၀၊ TYT တံဆိပ်ပါ အားသွင်းခုံတစ်ခုတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖမ်းဆီးရမိသူ အမျိုးသားသုံးဦးကိုအသေးစိတ်စစ်ဆေး၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါအကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အညီ နယ်မြေအတွင်း ဆက်လက်ရှာဖွေဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ နိုင်ငံတော်ပိုင်အဆောက်အအုံများအား လက်နက်ကိုင်သောင်းကျန်းသူများနှင့် အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီး

**နေပြည်တော် မေ ၂၂**

တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ မြို့နယ်အချို့တို့တွင် နိုင်ငံတော်ပိုင်အဆောက်အအုံများအား လက်နက်ကိုင် သောင်းကျန်းသူများနှင့် အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မီးလောင်ပျက်စီး**

ထိုသို့ လုပ်ဆောင်ခဲ့ရာတွင် မေ ၂၁ ရက် ညနေ ၆ နာရီခွဲတွင် ကယားပြည်နယ် ဒီးမော့ဆို မြို့နယ် ဒီးမော့ဆို-ဖရူဆိုကားလမ်းဘေးရှိ ထွီးလွီးဘီလာကျေးရွာအနီးရှိ ယာယီရုပ်သိမ်းထားရှိသည့် ပူးပေါင်းစစ်ဆေးရေးဂိတ်ကို လက်နက်ကိုင် သောင်းကျန်းသူအင်အား ၈၀ ခန့် ရောက်ရှိလာပြီး အဆိုပါ စစ်ဆေးရေးဂိတ်ရှိ ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဆောက်လုပ်ထားရှိသော အလျား ပေ၂၀၊ အနံ ၁၅ ပေခန့်ရှိ သွပ်မိုး၊ ပျဉ်ကာ အဆောက်အအုံ တစ်လုံးနှင့် ခြောက်ပေပတ်လည် ကင်းတဲတစ်လုံးတို့ကို မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်ကျွမ်းခဲ့ကာ လက်နက်ကိုင်အကြမ်းဖက်သူများမှာ ပတိုင်ကျေးရွာဘက်သို့ ဆုတ်ခွာသွားခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါစစ်ဆေးရေးဂိတ်ရှိ အဆောက်အအုံနှစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း။

အလားတူ မေ ၂၂ ရက် နံနက် ၅ နာရီ ၁၀ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တပ်ဦးသီတာရပ်ကွက်ရှိ ခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံးတို့ တည်ရှိရာ ဝင်းအတွင်းသို့ ဦးဆောင်သူနှင့် အကြမ်းဖက်သူများက တာယာကွင်းများ မီးရှို့၍ပစ်ပေါက်ခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် တရားရုံးဝင်းအတွင်းရှိ ထိန်းသိမ်းထားရှိသော သက်သေခံ မော်တော်ဆိုင်ကယ် ၁၅၃ စီးနှင့် မော်တော်ယာဉ်လေးစီး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း။

**ပျက်စီးဆုံးရှုံး**

အလားတူ နံနက် ၇ နာရီတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ ဦးကျေးရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ မီးလောင်မှုဖြစ်ပွားနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်၍ ပြည်သူများနှင့်အတူ မီးငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့် အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုအား စိစစ်ခဲ့ရာ အဆိုပါ ကျောင်းစာသင်ခန်းနှစ်ခန်းအတွင်း စာအုပ်များထားရှိရာအခန်း ပြတင်းတံခါးကို အကြမ်းဖက်သူများက ဖျက်ဆီးဝင်ရောက်၍ ဓာတ်ဆီလောင်း မီးရှို့ခဲ့ခြင်းဖြစ်ကြောင်း သိရှိခဲ့ရပြီး မီးလောင်မှုကြောင့် အဆိုပါစာသင်ဆောင်နှစ်ခုအတွင်းရှိ စာအုပ် ၁၀ ဒါဇင်၊ စာသင်ခုံနှစ်လုံးနှင့် White Board တစ်ခုတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။



ကလေးမြို့၌ တရားရုံးမီးရှို့ခံရမှုကို တွေ့ရစဉ်။

အဆိုပါဖြစ်စဉ်များမှ နိုင်ငံတော်ပိုင်အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ထောက်ကြန့်မြို့၌ ကားမှတ်တိုင်များနှင့် ဓာတ်တိုင်များတွင် နိုင်ငံတော်ဆန့်ကျင်ရေးစာသားများပါ စာရွက်များ လိုက်လံကပ်နေသည့် အမျိုးသမီးတစ်ဦးကို ဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်အတွင်း ဆူပူအုံကြွမှုများဖြစ်ပေါ်စေရေးအတွက် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ အဖျက်အမှောင့်ဆောင်ရွက်လိုသူအချို့ကလည်း နိုင်ငံတော်ဆန့်ကျင်ရေးစာသားများကို အများပြည်သူသုံးလမ်းမကြီးများ၊ နိုင်ငံတော်ပိုင်နှင့် အများပြည်သူပိုင်အဆောက်အအုံများပေါ်တွင် ရေးသားခြင်း၊ ဆန့်ကျင်ရေးစာသားပါ ဗီနိုင်းစများ၊ ပိုစတာများ၊ စာရွက်များအား ချိတ်ဆွဲခြင်း၊ လမ်းများပေါ်တွင်ဖြန့်ကြဲခြင်းတို့ဖြင့် နိုင်ငံတော်အတွင်း မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးအတွက် ရှေးရှုကာ ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ မေ ၂၂ ရက် နံနက် ၆ နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် အမှတ်(၃)လမ်းမကြီး တပ်ရင်း(၉) ကားမှတ်တိုင်အနီးတွင် အမျိုးသမီးတစ်ဦးသည် ကားမှတ်တိုင်နှင့် အနီးရှိဓာတ်တိုင်များတွင် စာရွက်များ လိုက်လံကပ်နေသည်ကို တွေ့ရှိရ၍ သွားရောက်စစ်ဆေးခဲ့ရာ ထောက်ကြန့်မြို့ ကုန်းတလပေါင်ကျေးရွာနေ မဆောင်းသဇင်နွယ်(၁၈နှစ်) (ဘ)ဦးအေးမင်း ဖြစ်ကြောင်းသိရှိရပြီး ၎င်းကိုင်ဆောင်ထားသောအိတ်အတွင်းမှ နိုင်ငံတော်ဆန့်ကျင်ရေးလှုံ့ဆော်စာသားများပါ အလျား ရှစ်လက်မ၊ အနံ ခြောက်လက်မခန့်ရှိ စာရွက် ၃၀၊ အကြည်ရောင်တိပ် တစ်ခွေတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ မဆောင်းသဇင်နွယ်ကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခန္တီးမြို့နယ်ရှိ နန်စီပွန်နယ်မြေရဲစခန်းအား KIA အဖွဲ့က လာရောက်တိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိကာ တပ်ဖွဲ့ဝင်အချို့ပျောက်ဆုံး



နန်စီပွန်နယ်မြေရဲစခန်းသို့ KIA အဖွဲ့က  သာလွန်အင်အားဖြင့် လာရောက်ပစ်ခတ်မှု။

**နေပြည်တော် မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်ရှိ နန်စီပွန်နယ်မြေရဲစခန်းအား KIA အဖွဲ့က လာရောက်တိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိကာ တပ်ဖွဲ့ဝင်အချို့ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် နံနက် ၄ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်ရှိနန်စီပွန်နယ်မြေ ရဲစခန်းအား KIA အဖွဲ့က ရဲစခန်း၏ ရှေ့မျက်နှာစာ၊ ဝဲ/ယာနှင့် နောက်ကျောတို့မှ သာလွန် အင်အားအသုံးပြုကာ လေးဘက်လေးတန်ဝန်းရံပိတ်ဆို့၍လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်စီးနင်း တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ နံနက် ၅ နာရီခွဲတွင် KIA အဖွဲ့ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

တိုက်ပွဲ ဖြစ်ပွားစဉ်အတွင်း ရဲတပ်ဖွဲ့ဝင်သုံးဦးတွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး ရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်အချို့ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ပျောက်ဆုံးလျက် ရှိသော ရဲတပ်ဖွဲ့ဝင်များ ပြန်လည်ရှာဖွေတွေ့ရှိနိုင်ရေးနှင့် နန်စီပွန်နယ်မြေ ရဲစခန်းအား သာလွန်အင်အား အသုံးပြုကာ လာရောက်စီးနင်း တိုက်ခိုက်ခဲ့သည့် KIA အဖွဲ့အား ပိတ်ဆို့ချေမှုန်းနိုင်ရေးတို့အတွက် တပ်မတော် စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၂**

အကြမ်းဖက် အဖွဲ့အစည်းများအဖြစ် ကြေညာထားသော NUG အမည်ခံပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက မြို့နယ်အချို့၌ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ ပြည့်ဝစွာရရှိစေရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းကာ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မူဆယ်မြို့အဝင် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ယာဉ်စစ်ဆေးရေးဂိတ်၌ လက်လုပ်မိုင်းသုံးလုံး ပေါက်ကွဲမှု။

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများ အသုံးပြုကာ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူသွားလာ လှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများအား လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မေ ၂၁ ရက် ည ၈ နာရီ ၃၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပေါက်တောကျေးရွာ အဝင်လမ်းထိပ်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါ ကျေးရွာအဝင်လမ်းထိပ်ရှိ စမ်းကလေးကျေးရွာအုပ်စု ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးတင်မောင်သန်း၏ နေအိမ်ဈေးဆိုင်အတွင်း၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် ဈေးဆိုင်အတွင်းရှိနေသော ညောင်လေးပင်မြို့နယ် သရက်ကုန်းကျေးရွာနေသူ ဦးတိုးတိုး (၄၉နှစ်)တွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးတင်မောင်သန်း (၄၉နှစ်)၊ ဒေါ်စန်းစန်းမော် (၄၈နှစ်)၊ မောင်ဆန်းဟန်ရွှေ(၁၅နှစ်)၊ ဦးဇော်ဝင်း (၅၀နှစ်)နှင့် ဒေါ်ခင်စောမြင့်(ခ)ဒေါ်တင် (၆၂နှစ်)တို့တွင် မိုင်းစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် သေဆုံးသူနှင့် ဒဏ်ရာရရှိသူများကို ညောင်လေးပင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း။

အလားတူ ယနေ့မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အဝင် ယာဉ်စစ်ဆေးရေးဂိတ်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ စစ်ဆေးရေးဂိတ်ရှိ အသုံးမပြုသည့် X-Ray စက်(၁) အဆောက်အအုံအနီးတွင် လည်းကောင်း၊ အသုံးပြုလျက်ရှိသည့် X-Ray စက်(၂) အဆောက်အအုံနှင့် ဝန်ထမ်းနားနေဆောင်အကြားရှိ အမှိုက်ပုံတွင် လည်းကောင်း၊ ဝန်ထမ်းနားနေဆောင် ဝဲဘက်အမှိုက်ပုံးအတွင်းတွင်လည်းကောင်း စုစုပေါင်း လက်လုပ်မိုင်းသုံးလုံးပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် X-Ray စက်(၁)အဆောက်အအုံတွင် ကာရံထားသည့်သွပ်ပြားအနည်းငယ်ပျက်စီးခဲ့ပြီး အကောက်ခွန်ဦးစီးဌာနမှ ဒုတိယလက်ထောက်အကောက်ခွန်မှူး ဦးထွန်းဝင်းပါ အမျိုးသားလေးဦးတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# မြို့နယ်အချို့၌ ပြည်သူလူထုက လက်လုပ်သေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ

**နေပြည်တော် မေ ၂၂**

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်အချို့၌ အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူလူထုများမှ ၎င်းတို့၏ သဘောဆန္ဒအလျောက် ၎င်းတို့ထံတွင်ရှိသော လက်လုပ်သေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုသို့အပ်နှံရာတွင် မေ ၂၁ရက် ညနေ ၄ နာရီခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ထီဖောင်းကျေးရွာမှ လက်လုပ်သေနတ်နှစ်လက်အား ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ပြည်သူလူထုမှ လာရောက်အပ်နှံသော လက်လုပ်သေနတ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လက်ခံရယူခဲ့ပြီး စနစ်တကျ သိမ်းဆည်းထားရှိကြောင်း သတင်းရရှိပါသည်။

**သတင်းစဉ်**



# (၁၁) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲအတွက် မြန်မာမသန်စွမ်းအားကစားသမားများ စခန်းသွင်းလေ့ကျင့်

ရန်ကုန် မေ ၂၂

ဗီယက်နမ်နိုင်ငံ၌ ဒီဇင်ဘာလတွင် ကျင်းပမည့် (၁၁) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အားကစားရုံ၌ စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ပြိုင်ပွဲအတွက် နည်းပြတွေကလက်ရွေးစင်ကစားသမားတွေကို ရွေးချယ်ထားပါတယ်။ မေလ ပထမပတ်ကစပြီး စခန်းသွင်း လေ့ကျင့်နေပါတယ်။ ဒ့ါအပြင် တိုကျိုကမ္ဘာ့ပါရာလံပစ်ပြိုင်ပွဲအတွက်လည်း ကစားသမားတွေလည်း ပါတယ်။ စခန်းသွင်းကစားသမားများကို ကိုဗစ်ကာကွယ်ဆေး ထိုးနှံပေးရေးအတွက်လည်း စီစဉ်ပြီးသွားပါပြီ" ဟု မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး မျိုးမြင့်(ငြိမ်း)က ပြောသည်။




(၉)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့စဉ်။

ဓာတ်ပုံ - မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်

အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် အိမ်ရှင် ဗီယက်နမ်နိုင်ငံက အားကစားနည်း ၁၁ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစား အဖွဲ့ချုပ်အနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ မျက်မမြင်စစ်တုရင်၊ ဂိုးဘော၊ ဘိုစီယာဘော၊ အလေးမနှင့် မြားပစ်အားကစားနည်း ခုနစ်နည်း၌သာ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

(၁၀)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံက ကိုဗစ်ရောဂါဖြစ်ပွားမှုကြောင့် မကျင်းပနိုင်ခဲ့ပေ။ (၉)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲကို မလေးရှားတွင် ကျင်းပရာ မြန်မာနိုင်ငံက ရွှေ ၁၁ ခု၊ ငွေ ၁၅ ခု၊ ကြေး ၁၇ ခု စုစုပေါင်း ၄၃ ခု၊ အာဆီယံနိုင်ငံတွင် အဆင့်ခြောက် ရရှိခဲ့သည်။

**အာကာလင်း**

*●ကျောဖုံးမှ*

ဂျူဗင်တပ်စ်အသင်းတို့ ဖြစ်သည်။ အေစီမီလန်အသင်းသည် စီးရီးအေ ပွဲစဉ် ၃၇ အပြီးတွင် ၇၆ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နေပြီး ရာသီပိတ်ပွဲစဉ်ကို အဆင့်(၂)နေရာမှ အတ္တလန်တာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် ပွဲကျပ်သည်ဟု ဆိုနိုင်သည်။ အဆင့် (၄) နေရာမှ နာပိုလီအသင်းက အဆင့် (၁၀) နေရာမှ ဗီရိုနာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆင့်(၅)နေရာမှဂျူဗင်တပ်စ်အသင်းက အဆင့် (၁၁) နေရာမှ ဘိုလော့ဂ်နာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပြင်သစ်လီဂူးဝမ်း ရာသီပိတ်ပွဲစဉ်များကို မေ ၂၄ ရက် နံနက် ၁ နာရီခွဲတွင် ပွဲစဉ်အားလုံး တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ လီဂူးဝမ်းပွဲစဉ် ၃၇ အပြီးတွင် တန်းဆင်းရမည့်အသင်းများ အဖြေထွက်ပေါ်ထားသော်လည်း ချန်ပီယံအဖြေထွက်ပေါ်ထားခြင်း မရှိသေးပေ။ ချန်ပီယံဖြစ်ရန် ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားရမည့် အသင်းများအဖြစ် လိုင်လီနှင့် ပီအက်စ်ဂျီအသင်းတို့ရှိနေသည်။

လိုင်လီအသင်းသည် လီဂူးဝမ်း ၃၇ ပွဲတွင် ရမှတ် ၈၀ ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားပြီး ပီအက်စ်ဂျီအသင်းက ၇၉ မှတ်ဖြင့် ဒုတိယနေရာမှ ဖိအားပေးလျက်ရှိနေသည်။ လိုင်လီအသင်းသည် ရာသီပိတ်ပွဲစဉ်တွင် အဆင့် (၁၂) နေရာမှ အန်းဂျားအိမ်ကွင်းသို့ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ ပီအက်စ်ဂျီအသင်းက အဆင့် (၁၆) နေရာမှ ဘရက်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ လိုင်လီအသင်းသည် ယနေ့ပွဲစဉ်တွင် အန်းဂျားအသင်းကို အနိုင်ရရှိခဲ့ပါက ၂၀၁၀-၂၀၁၁ ခုနှစ် နောက်ပိုင်း လီဂူးဝမ်းချန်ပီယံကို ပထမဆုံးအကြိမ်ပြန်လည်ဆွတ်ခူးနိုင်ဖွယ်ရှိနေသည်။

**အောင်ဇော်**

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/1836 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၆၆၇၆ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာလွင် ၇/သကန(နိုင်)၁၄၁၉၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2H/1997 Hyundai Starex ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြတ်ထွန်း ၉/ကပတ(နိုင်)၂၁၅၁၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(Open Tender)

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၂၀-၂၀၂၂ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် ရေကူးကန်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကုမ္ပဏီများထံမှ QC အိတ်ဖွင့် တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာ ပုံစံရောင်းချမည့်ရက်/အချိန် - ၂၄-၅-၂၀၂၂ ရက် နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀ နာရီ

တင်ဒါပိတ်မည့်ရက်/အချိန် - ၁-၆-၂၀၂၂ ရက် ညနေ ၄:၃၀ နာရီ

တင်ဒါဖွင့်မည့်ရက်/အချိန် - ၄-၆-၂၀၂၂ ရက် နံနက် ၁၀ နာရီ

၃။ တင်ဒါ စည်းမျဉ်း/စည်းကမ်းချက်များနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါသည်-

ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြစ်ကြီးနားမြို့- ဖုန်း- ၀၇၄-၂၅၂၃၉၈၃၊ ၀၇၄-၂၅၂၂၄၅၂

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပ ရပ်ကွက်မှ မြေရိယာ ၀ဒသမ ၁၄၆ဧကရှိ မြေကွက်အမှတ် (ပ-၁၆၅၈)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေကွက် အမည်ပေါက် ဦးဝင်းမြင့် ၉/မနမ(နိုင်) ၀၆၉၀၅၆ (ဘ)ဦးသန်းညွန့်မှ မြေချပါမစ်(စလစ်)မိတ္တူမှန် ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြ ပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ်၈၉၊ ဧရိယာ ၀ဒသမ ၀၅၅ ဧက၊ မြေကွက်တည်နေရာ အမှတ် ၈၉၊ ပုလဲလမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ဦးအေးကို) ၁၂/ရကန(နိုင်) ၀၃၉၈၉၃ အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဦးအေးကို(ကွယ်လွန်)သဖြင့် ဒေါ်ချိုချို ၁၂/ရကန(နိုင်)၀၄၁၄၅၆ မှ ဇနီးတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ အိမ်ထောင်စုစာရင်း၊သေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ် ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၄၈)၊ အကျယ်အဝန်း(၇၅၂၅)စတုရန်းပေအကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်မြို့နယ်၊ (၁၅)ရပ်ကွက်၊ သီရိမွန်(၆)လမ်း၊ အမှတ်(၄၈)ဟုခေါ်တွင်သည့် (၂)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြေအမည်ပေါက်ပိုင်ရှင် ဦးမောင်လင်း(၁၂/ဗဟန(နိုင်)၀၇၉၁၀၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ကျော်ထွန်း LL.B.,LL.M. တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၃)

ဒေါ်ဝင်းသီတာမော် LL.B.,D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၁၂၂)

Fb Page: Aung Myay Saytanar Realestate Co.,Ltd, E-mail: aungmyayrealestate@gmail.com

အမှတ် (၈၈၈)၊အခန်း(၃)၊မေတ္တာလမ်းကွန်ဒို၊မေတ္တာလမ်းမ၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်။

☎ :09- 5080073 , 09- 76 5080073 , 09- 69 5080073 , 09- 420 189 919

## အများသိစေရန်ကြေညာခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင်မြို့၊ မြို့မ (၃)ရပ်ကွက်၊ ရပ် (၈)၊ ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ် (၆၉က)၊ မြေကွက်အမှတ် (၁၅၀က)၊ မြေဧရိယာ ၀ဒသမ၀၄၆၀ဧကခန့်ရှိသောမြေကို ဒေါ်ချော့ပို(ခ)ဒေါ်ချိုပါ (၄)ဦးအမည်ဖြင့် အမည်ပြောင်းသက်တမ်းတိုးမြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။ ထိုသို့လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက် အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဖြူးမြို့နယ်၊ အုတ်ဖြတ်ရပ်ကွက်နေ ဒေါ်ပြည့်ဖြိုးအိ ၇/ဖမန(နိုင်)၁၅၈၆၄၄ မှ အုတ်ဖြတ်ရပ်ကွက်၊ အကွက်အမှတ် (၃-ခ)ထန်းကုန်းရပ်၊ ဦးပိုင်အမှတ်(၁၂/င)၊ ဧရိယာ ၀ဒသမ ၁၆၆ ဧကရှိ အရှေ့ ဦးပိုင်အမှတ်(၁၃)၊ အနောက် ဦးပိုင်အမှတ်(၁၂/စ)၊တောင်- လမ်းကြား၊ မြောက်- အုတ်ဖြတ်လမ်း၊ အလားလေးရပ်အတွင်းရှိ ဦးအောင်ထက်ကျော် အမည်ပေါက် ဘိုးဘပိုင်ခြံမြေကွက်အား ဒေါ်ပြည့်ဖြိုးအိ အမည်သို့ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ၂၀-၆-၂၀၂၂ ရက်မတိုင်မီ ဖြူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ဖြူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဖြူးမြို့နယ်၊ အုတ်ဖြတ်ရပ်ကွက်နေ ဒေါ်ပြည့်ဖြိုးအိ ၇/ဖမန(နိုင်)၁၅၈၆၄၄ မှ အုတ်ဖြတ်ရပ်ကွက်၊ အကွက်အမှတ် (၃-က)ထန်းကုန်းရပ်၊ ဦးပိုင်အမှတ်(၅၂)၊ ဧရိယာ ၀ဒသမ ၂၄၈ ဧကရှိ အရှေ့ဦးပိုင်အမှတ်(၅၁)၊ အနောက်ဦးပိုင်အမှတ်(၃၆)၊တောင်- အုတ်ဖြတ်လမ်း၊ မြောက်- ဦးပိုင်အမှတ် (၃၇) အလားလေးရပ်အတွင်းရှိ ဒေါ်ကြည်အောင်ပါ (၂) အမည်ပေါက် ဘိုးဘပိုင်ခြံမြေကွက်အား ဒေါ်ပြည့်ဖြိုးအိ အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ၂၀-၆-၂၀၂၂ ရက်မတိုင်မီ ဖြူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ဖြူးမြို့**

## ကန့်ကွက်ကြောင်း ပြန်ကြားချက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၁)ရပ်ကွက်၊ ကောင်စီနယ်မြေ၊ ငဝန်ကျွန်းသာ (၇)လမ်း၊ အိမ်အမှတ် (၂၉၀)ရှိ မြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်သည် ဒေါ်သူသူနိုင် ၁၄/ပသန(နိုင်)၀၀၃၄၃၄သည် ၎င်း၏မိခင် ဒေါ်သန်းသန်းနွဲ့ ၏ အကျိုးခံစားခွင့်အရပ်ရပ်မှ တစ်ဝက်ကို ဥပဒေလမ်းကြောင်းအရ ရရှိမည်ဖြစ်ပါသဖြင့် လူကြီးမင်း၏ ၂၁-၅-၂၀၂၂ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါအကြောင်းအရာအား ပြန်လည်ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့်အောင် LL.B, CBL, DL, 101 WIPO (SWITZER LAND)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၄၇)**
**(၂၃)ညောင်ပင်သာလမ်း၊ ထုံးဘိုရပ်၊ ပုသိမ်မြို့**
**ဖုန်း-၀၉-၂၅၃၃၂၈၁၇၀**

## ကန့်ကွက်နိုင်ပါကြောင်း

